# မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၇၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။


**ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ မဟာစိနပဘာရွှေတိဂုံပုံတူစေတီ ရွှေထီးတော်တင်လှူပွဲနှင့် သာသနိကအဆောက်အအုံများဖွင့်ပွဲအခမ်းအနားများ တက်ရောက်ကြည့်ရှု



**နေပြည်တော် ဇူလိုင် ၁**

ဇွန် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် လော့ယန်မြို့ မြင်းဖြူကျောင်းတော်ရှိ မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော်ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားနှင့် သာသနိကအဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားများကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားတွင် မြင်းဖြူကျောင်းတော်အတွင်းရှိ မဟာစိနပဘာ စေတီတော် ပရိဝုဏ်အဝင်မင်္ဂလာမုခ်ဦးကို နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ စေတီတော်တည်ဆောက်ရေးကြီးကြပ်မှုနာယက သံအမတ်ကြီး(ငြိမ်း) ဦးတင်ဦး၊ ဟေနန်ပြည်နယ်အစိုးရအဖွဲ့ ဒုတိယမြို့တော်ဝန် မစ္စတာကျန်ကွမ်းကျိ၊ တရုတ်နိုင်ငံ

စာမျက်နှာ ၈ ကော်လံ ၁ ❁

မြင်းဖြူကျောင်းဆရာတော် ယင်းလီ၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့တို့ ဟေနန်ပြည်နယ် လော့ယန်မြို့ ဆင်ဖြူကျောင်းတိုက်အတွင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

## မြန်မာ့လေကြောင်းတွင် ပျံသန်းပြေးဆွဲရန် အမေရိကန်မှ လေယာဉ်သစ်နှစ်စင်း ရောက်ရှိမည်



**ရန်ကုန် ဇူလိုင် ၁**

လေကြောင်း ခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနိုင်ရန်အတွက် မြန်မာ့လေကြောင်းက အမေရိကန်နိုင်ငံမှ လေယာဉ်အသစ် ၁၀ စင်းကို ငှားရမ်းပြေးဆွဲပျံသန်းရန်စီစဉ်နေပြီး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

မြန်မာ့လေကြောင်းတွင် အမေရိကန်နိုင်ငံ GE Capital Aviation Services (GECAS) ကုမ္ပဏီ၏ ဘိုးရင်း ၇၃၇-၈၀၀ အမျိုးအစား လေယာဉ်သစ်နှင့် ၇၃၇-၈ Max လေယာဉ်သစ်များကို ငှားရမ်းအသုံးပြုသွားရန် စီစဉ်နေခြင်းဖြစ်သည်။

ထိုသို့ လေယာဉ်သစ်များ

သတင်း-ဝေယံဦး
ဓာတ်ပုံ-ကေလင်း

ငှားရမ်းသုံးစွဲမှုဖြစ်ပေါ်လာရခြင်းမှာ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် နိုင်ငံတကာလေကြောင်းဆိုင်ရာ ထိပ်သီး

စာမျက်နှာ ၉ ကော်လံ ၃ ❋

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မိုး/ဇလ)

### ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာအမျိုးသမီးများအခွင့်အရေး

ဇူလိုင်လ ၃ ရက်နေ့သည်ကား မြန်မာအမျိုးသမီးများနေ့ ဖြစ်ပါသည်။ ဤသို့ မြန်မာအမျိုးသမီးများနေ့ ကျင်းပခြင်းမှာ အမျိုးသမီးများ၏ဂုဏ်ကို အမှတ်တရ ဂုဏ်ပြုခြင်းလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၅၁ ရာခိုင်နှုန်းဝန်းကျင်သည် အမျိုးသမီးများဖြစ်ကြပါသည်။ စုစုပေါင်းလူဦးရေ၏ လေးပုံတစ်ပုံသည် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အပိုင်းအခြားတွင် ရှိနေသော အမျိုးသမီးများဖြစ်၍ လူဦးရေဖွဲ့စည်းမှုပုံစံ (demographic) အရ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေသည်မှာ အထင်အရှား ဖြစ်ပါသည်။

ထို့ကြောင့်လည်း မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ဥပဒေအရ အကာအကွယ်ပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း(၈)ပုဒ်မ ၃၅၀ တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့်လစာတို့ကို ခံစားခွင့်ရှိသည်"ဟု လည်းကောင်း၊ ပုဒ်မ ၃၅၁ ပြဋ္ဌာန်းချက်တွင် "မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ဥပဒေအရသတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

ထို့အပြင် ပုဒ်မ ၃၅၂ တွင် "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင် ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်ပေးရာတွင်ဖြစ်စေ သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤဥပဒေအရ အဟန့်အတား မဖြစ်စေရ" ဟု ပြဋ္ဌာန်းထားပါသည်။ ဤကား မြန်မာအမျိုးသမီးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားသော အခွင့်အရေးများဖြစ်ပါသည်။

ထို့ကြောင့်ပင် အမျိုးသမီးများနှင့်သင့်လျော်သော အစိုးရဌာနများတွင် အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုမှာ အမျိုးသားများထက် ၅၀ ရာခိုင်နှုန်းကျော်အထက်တွင် ရှိပါသည်။ ဤသည်မှာ အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူအခွင့်အရေးပေးထားသည်မှာ အထင်အရှားပင်ဖြစ်ပါသည်။

တစ်ဖန် မြန်မာအမျိုးသမီးများအား အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ စွမ်းပကားမြှင့်တင်ရေး၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသော အစီအမံများလည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့က မြို့နယ်၊ ကျေးရွာအဆင့်ဆင့်အထိ မြန်မာအမျိုးသမီးများ၏ ဘဝရှင်သန်နေထိုင်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် မိသားစုအတွင်းတွင် သော်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်းတွင်သော်လည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားဆက်ဆံမှုမရှိပါ။ အားလုံးသည် တန်းတူအခွင့်အရေးများ ရရှိလျက်ရှိပါသည်။ မည်သည့်အဆင့်တွင်မဆို အရည်အချင်းပြည့်ဝသော အမျိုးသမီးများအနေဖြင့် အမျိုးသားများနည်းတူ အခွင့်အလမ်းများရရှိလျက်ရှိပါသည်။ ဤကဲ့သို့ အခွင့်အလမ်းကောင်းများကို ရယူဆုပ်ကိုင်ပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိပါကြောင်း။ ။

ပြည်တွင်းသတင်း

# ဒေါက်တာဘမော် ပုံတူကြွေပန်းချီကားလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်စေရန်အတွက် ဒေါက်တာဘမော်၏ ပုံတူကြွေပန်းချီကားကို ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက် ညနေ ၃ နာရီက အမှတ်(၅၃) ပြည်လမ်း ခြောက်မိုင်ခွဲ လှိုင်မြို့နယ်၌ကျင်းပသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားရာတွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ အကျိုးပြုပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေါက်တာဘမော်သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထင်ရှားသည့်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်၍ ယခုလို ၎င်း၏ပုံတူကြွေပန်းချီကားကို ပေးအပ်လှူဒါန်းပေးသည့် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်-မြန်မာချစ်ကြည်ရေး အသင်းတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက ဒေါက်တာဘမော်၏ ပုံတူကြွေပန်းချီကားကို မြန်မာနိုင်ငံသို့ ယခုအခမ်းအနားတွင် လွှဲပြောင်းပေးအပ်သွားမည်ကို သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe၊ ဂျပန်-မြန်မာအသင်း ဒါရိုက်တာ Mr.Yoshito Sengoku၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဘဏ်ဘုတ်အဖွဲ့မှ Representative Director Mr. Tadashi Maeda နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.tateshi Higuchi တို့က ဒေါက်တာဘမော်ပုံတူကြွေပန်းချီကား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် ဂျပန်ပညာတော်သင် ကျောင်းသားဟောင်းများဖြစ်သည့် ဦးတင့်ဆွေနှင့် ဦးတင်မောင်တို့က အမှတ်တရ စကားပြောကြားပြီး ဒေါက်တာဘမော်၏ မိသားစုဝင်များက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ Mr. Hideo Watanabe နှင့် တာဝန်ရှိသူများက ပန်းချီကားကို ဒေါက်တာဘမော်၏ မိသားစုဝင်များထံသို့ပေးအပ်၍ ၎င်းမိသားစုဝင်များက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပြသထားသည့် ဒေါက်တာဘမော် အထိမ်းအမှတ် အမှတ်တရဓာတ်ပုံနှင့် ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာတွင် ဟောင်းနွမ်းစုတ်ပြတ်နေသော ကျော်ငြာဘုတ်များပြုပြင်ဆောင်ရွက်ရန်လိုအပ်

ထင်သာမြင်သာ ပြုပြင်စရာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်သည် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ကျောက်ပန်းတောင်း၊ မြင်းခြံကားလမ်းမဆုံရာ ခရီးလမ်းဆုံမြို့ကြီးဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးစ ခရိုင်မြို့ကြီးလည်းဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့သည် ဒေသခံရပ်ကွက်ကျေးရွာများနေ လူဦးရေသုံးသိန်းကျော်နှင့် ခရီးဖြတ်သန်းသွားလာသူများနေ့စဉ်လှုပ်ရှားသွားလာလျက်ရှိသည့် မြို့ကြီးဖြစ်သည့်အတွက် အထူးစည်ကားလှသည်။

မိတ္ထီလာမြို့သည် ရန်ကုန်-မန္တလေးကားလမ်း တစ်လျှောက်မြို့တွင်းဧရိယာ လူစည်ကားရာလမ်းဆုံများ၊ မြို့ပေါ်ရပ်ကွက် ဧရိယာလမ်းဆုံများတွင် စီးပွားရေးကြော်ငြာဘောဘုတ်ကြီးကို အများအပြား တည်ဆောက် ကြေညာခွင့်ပြုထားပါသည်။ ထိုသို့ ကြော်ငြာခွင့်ပြုထားသည့် စီးပွားရေးကြော်ငြာဘုတ် ကြီးတချို့သည် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်ဆက်စပ်၍ အများပြည်သူအန္တရာယ်ကင်းရှင်းစေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် မြို့၏သာယာလှပမှုကို ထိခိုက်မှုမရှိစေရေးစသည်တို့ကို လိုက်နာဆောင်ရွက်ထားမှုရှိသော်လည်း ဈေးအရှေ့ပြင်ရပ်ကွက်နယ်မြေ ရန်ကုန်-မန္တလေးကားလမ်းနှင့် သဇင်မြိုင်ဧည့်ရိပ်သာအနီးမှ ကြော်ငြာဘုတ်ကြီးတစ်ခုသည် ဟောင်းနွမ်းစုတ်ပြတ် ပျက်စီးနေပြီး မြို့သန့်ရှင်းသာယာလှပရေးကို များစွာ ထိခိုက်နေသည်။ ထို့အပြင် စာတိုက်မြောက်ဘက် စည်သူမြောင်းအနီးတွင်ရှိသည့် ကြော်ငြာဘုတ်ကြီးတစ်ခုမှ ကြော်ငြာဗီနိုင်းကြီးသည်လည်းတွဲလွဲခို ပြုတ်ကျနေသည်။ ထိုကြော်ငြာဘုတ်ကြီး နှစ်ခုလုံးသည် တောင်ကြီး၊ ရန်ကုန်၊နေပြည်တော်၊ ကျောက်ပန်းတောင်းမြို့များမှ ခရီးသည်မော်တော်ယာဉ်များ ဝင်ရောက်ရာမြို့အဝင် ရန်ကုန်-မန္တလေးကားလမ်းမအနီးတွင် တည်ရှိနေသဖြင့် ဒေသခံများနှင့် ခရီးဖြတ်သန်းသွားလာသူများသည် ထိုသန့်ရှင်းသပ်ရပ်မှုမရှိ စုတ်ပြတ်ပြုတ်ကျနေသည့် ကြော်ငြာဘုတ်ကြီးနှစ်ခုကို နေ့စဉ်မြင်တွေ့နေကြရသည်။ မိတ္ထီလာမြို့သာယာလှပသန့်ရှင်းရေးအတွက် တာဝန်ရှိသူများဂရုပြုဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**(ထီလာသား)**



# သစ်ပင်စိုက်ပျိုးပွဲ ပုဏ္ဏားကျွန်း၌ကျင်းပ

**ပုဏ္ဏားကျွန်း ဇူလိုင် ၁**

ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းထိပ်လမ်း ဘေးဝဲ/ယာနှစ်ဖက်၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မိုးမိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်ပြီး သစ်ပင် ၁၃၅၇ ပင်ကို စိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ရတနာတန်းဝင်ကျွန်းပင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ခရေပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**



ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Emmanuel Trinidad Bautista ၏ ဖိတ်ကြားချက်အရ ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ Villamor Aribase လေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဖိလစ်ပိုင်တပ်မတော်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် Lieutenant General Gregorio Pio P Cataping၊ ဒုတိယကြည်းတပ်ဦးစီးချုပ် Major General Rey Leonardo B Guerrero၊ ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Isabela H Gador၊ ဒုတိယလေတပ်ဦးစီးချုပ် Major General Wilfredo O Ona၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲမြင့်အောင်နှင့်ဇနီး၊ ဗီယက်နမ်နိုင်ငံအခြေစိုက် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ်ညွှန့်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူတို့က Villamor Aribase လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား ဖိလစ်ပိုင်တပ်မတော်မှ အရာရှိကြီးများက ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ Villamor Aribase လေဆိပ်ဧည့်ခန်း၌ တွေ့ဆုံစဉ်။** (မြဝတီ)

# ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေနှင့် မော်တော်ယာဉ်အန္တရာယ်ကင်းရှင်းရေး စည်းကမ်းထိန်းသိမ်းရေးစနစ် အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၁**

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အစည်းအဝေးခန်းမ၌ ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေနှင့် မော်တော်ယာဉ် အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးစနစ် (B' Smart)စနစ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းသည် အဓိကကျကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် နေ့စဉ်ယာဉ်စီးရေ ၁၂၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၁၀၃ ကြိမ် ဖြစ်ပွား၍ ၅၇ ဦး သေဆုံးကာ ၁၈၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ၂၅၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ၁၁၃ ဦးသေဆုံးကာ ၆၂၂ ဦး ဒဏ်ရာရရှိခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်ထက် နှစ်ဆကျော် ပိုမိုဖြစ်ပွားခဲ့သည်ကို တွေ့ရကြောင်း။

၂၀၁၄ ခုနှစ်တွင်လည်း ယနေ့အထိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်မတော်တဆမှု ၂၃၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ၉၂ ဦး သေဆုံးကာ ၄၃၆ ဦး ဒဏ်ရာရရှိသည့်အတွက် ကာလတူနှိုင်းယှဉ်ကြည့်လျှင် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ထက် ၂၀၁၄ ခုနှစ်မှာ ယာဉ်မတော်တဆမှု နှစ်ဆကျော် ပိုမိုဖြစ်ပွားခဲ့သည်ကို တွေ့ရကြောင်း၊ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် အရှိန်တိုင်းကိရိယာဖြင့် စစ်ဆေးအရေးယူခြင်းကို ၂၀၁၃ ခုနှစ် ဧပြီလတွင် စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ယာဉ်စီးရေ ၂၇၅၉ စီးကို အရေးယူနိုင်ခဲ့ပါကြောင်း။

လမ်းမကြီးများဥပဒေနှင့် စစ်ဆေးအရေးယူမှုအပိုင်းတွင် အမြန်လမ်းရဲတပ်ဖွဲ့ စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ဆိုင်ကယ်နှင့် ကုန်တင်ယာဉ်ပေါင်း ၅၄၄၂ စီးကို စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အမြန်လမ်းမကြီး တစ်လျှောက် ယာဉ်မတော်တဆဖြစ်ပွားမှုအများဆုံးဖြစ်ရခြင်းမှာ မော်တော်ယာဉ်ကို အရှိန်ပြင်းစွာ မောင်းနှင်မှုများကြောင့်ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ယာဉ်မတော်တဆမှု လျော့နည်းစေရန်အတွက် မော်တော်ယာဉ် အန္တရာယ်ကင်းရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးစနစ် (B' Smart) ဖြင့် အရှိန်နှုန်းမြင့်မောင်းနှင်သော ယာဉ်များ၊ မဆင်မခြင်မောင်းနှင်သောယာဉ်များကို စစ်ဆေးဖော်ထုတ် အရေးယူဆောင်ရွက်သည့်စနစ်ကို ကနဦး စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဆိုပါစနစ်သည် အဆင့်မြင့်နည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်ထားပြီး လက်ရှိကျင့်သုံးနေသော ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး ကြိုတင်ကာကွယ်ခြင်း အစီအမံများအပေါ် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ ယနေ့နိုင်ငံတကာတွင်လည်း ယာဉ်သွားလာမှုကို ထိန်းချုပ်စစ်ဆေးအရေးယူဆောင်ရွက်သော နေရာများ ရှိကြောင်း၊ ထို့အပြင် ရာဇာမင်း ခရီးသည်တင်ယာဉ်လိုင်း မတော်တဆမှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတင်ပြချက်တွင်လည်း ယာဉ်မတော်တဆမှုများ လျော့နည်း ကျဆင်းစေရေးအတွက် 5E System ဖြင့် ဆောင်ရွက်သွားရန် စီစစ်တင်ပြထားသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ B' Smart စနစ်သည် 5E System တွင် ပါဝင်သည့် Engineering System အရ ရှေ့ဆက်ဆောင်ရွက်သွားရမည့် အစီအမံတစ်ရပ်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ခရီးသည်တင်မော်တော်ယာဉ်များ၏ မဆင်မခြင်မောင်းနှင်မှုများကို ထိန်းချုပ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် B' Smart Command Centre ကို အမြန်လမ်းရဲတပ်ဖွဲ့တွင် ဖွင့်လှစ်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ခေတ်မီထိရောက်သည့် နည်းပညာတစ်ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခြင်းဖြင့် ခရီးသွားလုပ်သားပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေးကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အမြန်လမ်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး အရှိန်လွန်မောင်းနှင်ခြင်း ထိန်းချုပ်ရေးစနစ်ကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ်(လမ်း)နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ဆက်လက်၍မနီလာဟိုတယ်၌ ဟိုတယ်ပြခန်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်စစ်အခြေစိုက်စခန်းဌာနချုပ်အဖြစ် အသုံးပြုစဉ် ရုံးခန်းအဖြစ် ဖွင့်လှစ်နေထိုင်ခဲ့သော ဗိုလ်ချုပ်ကြီး မက်အာသာ၏ ရုံးခန်းနေရာဟောင်းကိုလှည့်လည် ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် National Museum ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး မနီလာမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## တရားလွှတ်တော်တရားသူကြီးဦးလှအေး ဒလရဲစခန်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားရုံးမှ တရားလွှတ်တော် တရားသူကြီးဦးလှအေးသည် ရန်ကုန်တောင်ပိုင်း ခရိုင်တရားသူကြီး ဒေါ်စုငယ်၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်ခင်သန်းမြင့်တို့နှင့်အတူ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီခွဲက ဒလမြို့မရဲစခန်းသို့ သွားရောက်ကာ ရဲစခန်းရှိ အမျိုးသား၊ အမျိုးသမီးအချုပ်ခန်းများကို စစ်ဆေးခြင်း၊ အချုပ်သားများ၏ လိုအပ်ချက်များ၊ ကျန်းမာရေး အခြေအနေနှင့် စွဲဆိုခံရသောအမှုအကြောင်းများကို မေးမြန်း၍ အချုပ်ခန်းလုံခြုံရေးဆိုင်ရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

STRATEGY FIRST INSTITUTE
ပိုမိုထိရောက်သော အရောင်းနှင့် ဖြန့်ချိရေးမန်နေဂျာကောင်းများဖြစ်လာစေဖို့
ICM Single Subject Diploma in Sales and Sales Management
Every Friday - 6:00 to 8:30 pm | 4 Jul -28 Nov 2014 | Program Fees - 305,000 ks+ ICM Exam & Reg Fees: 105 USD
Course Contents: Development & Role of Selling in Marketing | Sales Strategies | Consumer & Organisational Buyer Behaviour | Sales Responsibilities & Preparation | Key Account Management | Relationship Selling | Direct Marketing | Internet & IT Applications | Sales Settings | International Selling | Law & Ethical Issues | Recruitment & Selection | Motivation & Training | Compensation | Sales Forecasting & Budgeting | Salesforce Evaluation
Lecturer - Dr. Ye Thu Aung, PG Dip M (CIM,UK), MD, Vivo Group of Companies | MD, Ever Rich Co., Ltd. | Vice-President, Myanmar Gold Development Plc
Bonus: Customer-Focused Professional Selling Skills Workshop by U Aung Chit Khin, MBA (Nottingham), Dip M PG Dip M (CIM,UK)
CALL NOW: 09 250 7171 66 ~ 68

နိုင်ငံတကာသတင်း

# ခွဲထွက်ရေးသမားများနှင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး အဆုံးသတ် နယ်မြေမဆုံးရှုံးရအောင် တိုက်ပွဲများဆင်နွှဲမည်ဟု ယူကရိန်းသမ္မတပြော



**ကီယက်ဗ် ဇူလိုင် ၁**

ယူကရိန်းသမ္မတပီထရိုပိုရိုချင်ကိုက အရှေ့ပိုင်းခွဲထွက်ရေးသမားများနှင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပိုင်နက်နယ်မြေများမဆုံးရှုံးစေရေးအတွက် တိုက်ပွဲဆင်နွှဲသွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရုရှားလိုလားသူ ခွဲထွက်ရေးသမားများ၏ အကြမ်းဖက်မှုများကြောင့် ငြိမ်းချမ်းရေးအခွင့်အလမ်း ဆုံးရှုံးနေကြောင်း မစ္စတာပိုရိုချင်ကိုက ပြောသည်။

ယူကရိန်းအစိုးရတပ်များနှင့် ခွဲထွက်ရေးအုပ်စုများအကြား ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲရေးမှာ တနင်္လာနေ့ နံနက်ပိုင်းက အဆုံးသတ်သွားပြီဖြစ်သည်။ နှစ်ဖက်စလုံးကအပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်နေကြောင်း အပြန်အလှန်စွပ်စွဲလျက်ရှိသည်။

ယူကရိန်းတပ်များသည် ခရာမာတော့စကီးမြို့ကို တိုက်ခိုက်ခြင်းဖြင့်တိုက်ပွဲကို ပြန်လည်စတင်လိုက်ကြောင်း ရုရှားလိုလားသူခွဲထွက်ရေးသမားများ၏ ပြောကြားချက်ကို ကိုးကားလျက်အင်တာဖက်-ယူကရိန်းသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

"ဒီဆုံးဖြတ်ချက်က ခွဲထွက်ရေးသမားတွေနဲ့ ရှေ့ဆက်ပြီး အပစ်အခတ်ရပ်အောင် လုပ်နိုင်မှာမဟုတ်ပါဘူး" ဟု မစ္စတာပိုရိုချင်ကိုက ပြောသည်။ တနင်္လာနေ့ အစောပိုင်းတွင် ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်က ယူကရိန်းနှင့် ရုရှားတို့ယူကရိန်းအရှေ့ပိုင်း၌ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးထူထောင်ရာတွင် ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူထားကြောင်း ပြောကြားလိုက်သည်။

ယူကရိန်း၊ ရုရှား၊ ဂျာမနီနှင့် ပြင်သစ်ခေါင်းဆောင်များကလည်း အပစ်အခတ် ရပ်စဲရေးအတွက် အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ရုရှားလိုလားသော လက်နက်ကိုင်များက အရှေ့ပိုင်းမြို့များရှိ အဓိကအဆောက်အအုံများကို သိမ်းပိုက်ထားသည်။ ထို့အပြင် ဒိုနက်စကီနှင့်လူဟန့်ရှိခွဲထွက်ရေးခေါင်းဆောင်များက လွတ်လပ်ရေးကြေညာထားသည်။

သို့သော်လည်း ယူကရိန်းတပ်များက သိမ်းပိုက်ထားသောနေရာအချို့၌ ပြန်လည်တိုက်ထုတ်မှုများ ပြုလုပ်လျက်ရှိသည်။

**ဘီဘီစီ**

# ဆိုမာလီယာမြို့တော်၌ ပေါက်ကွဲမှု သုံးဦးသေ၊ ခုနစ်ဦးဒဏ်ရာရ



**မိုဂါဒစ်ရှူး ဇူလိုင် ၁**

ဆိုမာလီယာမြို့တော် မိုဂါဒစ်ရှူးမြို့ သီးခြားနေရာနှစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်း သေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

ပထမပေါက်ကွဲမှုမှာ လူစည်ကားသောဈေးအတွင်း ဖြစ်ပွားခဲ့ပြီး နှစ်ဦးသေဆုံးသည်။ ဒေသတွင်း အစိုးရ အကောက်ခွန်ရုံးအဖြစ် အသုံးပြုသော အခန်း၌ ပေါက်ကွဲခဲ့ရာ အယ်လ်ရှာဘတ်ခွဲထွက်ရေးသမားများ လက်ချက်ဖြစ်နိုင်ကြောင်း အရာရှိတစ်ဦးက ပြောခဲ့သည်။

အလားတူ တစ်ရက်တည်း၌ ဒုတိယပေါက်ကွဲမှုမှာ မိုဂါဒစ်ရှူးမြို့တွင်းသို့ ၎င်းကားမောင်းဝင်လာစဉ် ပြင်းထန်သော ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အစိုးရဝန်ထမ်းတစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ၎င်းသည် ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ကြောင်း ရဲအရာရှိ အစ်ဆက်က ပြောခဲ့သည်။

ရဲအရာရှိက ၎င်းဗုံးသည် အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး ကားထဲ၌ တပ်ဆင်ထားခြင်းသော်လည်းကောင်း၊ လမ်းပေါ်၌သော်လည်းကောင်း မည်သို့ပေါက်ကွဲခဲ့ခြင်းကိုမူ တိတိကျကျမသိရသေးဟု ဆိုသည်။

ဆိုမာလီယာ၌ အစိုးရတပ်ဖွဲ့များနှင့် အယ်လ်ရှာဘတ်ခွဲထွက်ရေးသမားများအကြား ၁၉၉၁ ခုနှစ်ကတည်းက တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ယူဂန်ဒါ၊ ဘူရွန်ဒီ၊ ဂျီဘူတီ၊ ဆီယာလီယွန်နှင့် ကင်ညာမှ စစ်သားများဖြင့် ဖွဲ့စည်းထားသော ဆိုမာလီယာအာဖရိက သမဂ္ဂမစ်ရှင်က ဆိုမာလီရှိ အယ်လ်ရှာဘတ်ခွဲထွက်ရေးသမားများကို မိုဂါဒစ်ရှူးနှင့် အခြားသော မြို့ကြီးများမှ တိုက်ထုတ်ခဲ့ကြသည်။

မတ်လ အစောပိုင်းကလည်း အာဖရိကသမဂ္ဂနှင့် ဆိုမာလီယာစစ်သားများသည် ဘူလိုဘာတိုမြို့ကို ခွဲထွက်ရေးသမားများလက်မှ ပြန်လည်သိမ်းယူခဲ့ကြသည်။

ထိုအချိန်ကတည်းက အယ်လ်ရှာဘတ်များက မြို့တွင်းရှိ စစ်သားများကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

**ပရက်စ်တီဗွီ**

# ဘိုကိုဟာရမ် သူပုန်ထောက်လှမ်းရေးတပ် စစ်တပ်က အလစ်ဝင်ရောက်စီးနင်း

**အဘူဂျာ ဇူလိုင် ၁**

နိုင်ဂျီးရီးယား စစ်တပ်သည် မကြာမီက ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲသွားသော ဘိုကိုဟာရမ်ထောက်လှမ်းရေးတပ်ကို အလစ်ဝင်တိုက်ခဲ့ကြောင်း ပြောကြားလိုက်သည်။

အဆိုပါ ဘိုကိုဟာရမ်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲ အဘူဂျီယာအရီကိုလည်း ဖမ်းဆီးထားကြောင်း နိုင်ဂျီးရီးယားစစ်တပ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

မစ္စတာ ယာအရီသည် နိုင်ဂျီးရီးယားကျောင်းသူများ ပြန်ပေးဆွဲမှုတွင် အဓိက ပါဝင်ပတ်သက်နေသူဖြစ်ကြောင်း ၎င်းကြေညာချက်တွင် ထပ်မံရေးသားဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ယခုနှစ်အတွင်း သေဆုံးသူ လူ ၂၀၀၀ ကျော်ရှိသွားပြီဟု ဆိုသည်။

မစ္စတာ ယာအရီသည် ချီဘော့မြို့မြောက်ပိုင်းကျောင်းသူများ ပြန်ပေးဆွဲခံရမှုတွင် အဓိကပါဝင်နေသူဖြစ်ပြီး ၎င်းသည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားစစ်တပ်က ဘိုကိုဟာရမ် ထောက်လှမ်းရေးအဖွဲ့ကို အလစ်ဝင်စီးရာတွင် ထောက်လှမ်းရေးအဖွဲ့မှ အမျိုးသမီးများကိုပါ ဖမ်းဆီးထားသည်ဟု ဆိုသည်။ **ဘီဘီစီ**

# မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းကို လုံခြုံရေးတပ်က ဖြိုခွင်း

**မက္ကဆီကိုစီးတီး ဇူလိုင် ၁**

မက္ကဆီကိုအနောက်တောင်ပိုင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ရာဇဂိုဏ်းအဖွဲ့ဝင်များဟု စွပ်စွဲခံရသူများ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ၎င်းမူးယစ်ရာဇဂိုဏ်းအဖွဲ့ဝင် ၂၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

စွပ်စွဲခံ မူးယစ်ရာဇဂိုဏ်းအဖွဲ့ဝင်များ လှုပ်ရှားနယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရှေ့နေများက ပြောခဲ့သည်။

မက္ကဆီကိုတောင်ပိုင်းဒေသသည် ရာဇဝတ်မှုဆိုင်ရာ အဖွဲ့အစည်းများ လှုပ်ရှားရာနယ်မြေဖြစ်သည်။

ယခုတိုက်ခိုက်မှုသည် ၂၀၁၂ ခုနှစ်က ပီနာနီတိုသမ္မတဖြစ်ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များနှင့် မူးယစ်ဆေးဝါး ကုန်သည်များအကြား အပြင်းထန်ဆုံး တိုက်ပွဲများအနက် တစ်ခုဖြစ်သည်။

သေဆုံးသူ ၂၂ ဦးသည် La Familia Michoacana မူးယစ်ဆေးဝါးအဖွဲ့မှ အဖွဲ့ဝင်များဖြစ်နိုင်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ပြောခဲ့သည်။

အိမ်နီးချင်း Michoacan နှင့် Guerrero ပြည်နယ်များ၌ မူးယစ်ရာဇဂိုဏ်းများ လှုပ်ရှားသက်ဝင်လျက်ရှိသည်။

အဆိုပါ တိုက်ခိုက်မှု၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ပေ။

မစ္စတာ ပီနာနီတိုသည် ပြီးခဲ့သည့် ၁၉ လက ကျမ်းကျိန်ဆိုမှု၌ ယခင်သမ္မတဟောင်း ကယ်ဒါရွန်၏ မူးယစ်ဆေးဝါးမူဝါဒကို ပြန်လည်ဆန်းစစ်မှုပြုလုပ်ရန် ကတိပြုခဲ့သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလက မူးယစ်ရာဇဂိုဏ်းများကိုတိုက်ခိုက်ရန် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားမည့် မစ္စတာကယ်ဒါရွန်၏ ဆုံးဖြတ်ချက်သည် တိုက်ခိုက်မှု ပိုမိုတိုးလာစေသည်ဟု ဝေဖန်ရေးသမားများက ပြောသည်။

၎င်း၏ ခြောက်နှစ်သက်တမ်းကာလအတွင်း မူးယစ်ဆေးဝါးဆိုင်ရာ တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၆၀၀၀၀ ထက်မနည်းရှိခဲ့ကြောင်း ခန့်မှန်းရသည်။

၎င်းမူးယစ်ဆေးဝါး မူဝါဒနှင့်ပတ်သက်၍ ဝေဖန်မှုများရှိခဲ့သော်လည်း မစ္စတာ ပီနာနီတိုအစိုးရလက်ထက်၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

**ဘီဘီစီ**

# အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ အီရတ်သို့စေလွှတ်

**ပင်တဂွန် ဇူလိုင် ၁**

အမေရိကန်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်သံရုံးကို ကာကွယ်ပေးရန်အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀ ကျော် စေလွှတ်သွားမည်ဖြစ်ကြောင်း ပင်တဂွန်က ကြေညာလိုက်သည်။

အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးနှင့်အဆောက်အအုံများနှင့် ဘဂ္ဂဒက်လေဆိပ်တို့ကို လုံခြုံရေးပေးရန် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀ ခန့် အီရတ်သို့ တနင်္ဂနွေနေ့က ရောက်ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီးဂျွန်ကာဘိုင်၏ ကြေညာချက်တွင် ဖော်ပြသည်။

နောက်ထပ် တပ်ဖွဲ့ဝင် ၁၀၀ ကိုလည်း လုံခြုံရေးအတွက် စေလွှတ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

"ဒီတပ်ဖွဲ့ဝင်တွေဟာ သမ္မတရဲ့လုပ်ပိုင်ခွင့်နဲ့ စေလွှတ်ထားတဲ့ တပ်ဖွဲ့ဝင် ၃၀၀ နဲ့ မဆိုင်ပါဘူး။ အခုလွှတ်တဲ့တပ်ဖွဲ့ဝင်တွေက သံရုံးလုံခြုံရေးအတွက် ဖြစ်ပါတယ်။ အမေရိကန်က အီရတ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်တွေထပ်မံ စေလွှတ်ပေးနိုင်ပါတယ်" ဟု ကာဘိုင်က ပြောသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဒေသတွင်းအကျပ်အတည်းများ အရှိန်မြင့်လာချိန် အီရတ်၌ တပ်ဖွဲ့ဝင်များဖြန့်ကြက်ရေးအတွက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်သို့ စာတစ်စောင် ရေးသားပေးပို့ခဲ့သည်။

"ဒီတပ်ဖွဲ့ဝင်တွေက အမေရိကန်နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့အတွက် ရည်ရွယ်ပါတယ်။ လိုအပ်ရင်တိုက်ပွဲဝင်နိုင်ဖို့ ဖြစ်ပါတယ်" ဟု အိုဘားမား၏စာတွင် ရေးသားဖော်ပြသည်။

ထပ်ဆောင်း တပ်ဖွဲ့ဝင်များ စေလွှတ်မှုကြောင့် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀ နီးပါးရှိလာလိမ့်မည်ဟု ဆိုသည်။

**ပရက်စ်တီဗွီ**



ပြည်တွင်းသတင်း

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သတ္တသတ္တာဟ မဟာစေတီတော်ဖွားတော်မူရာဌာနအနီး၌ကျင်းပပြီး ပျိုးပင်စုစုပေါင်း ၃၃၅ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ နာယကများဖြစ်ကြသည့် ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့က သတ်မှတ်နေရာများ၌ ကံ့ကော်ပျိုးပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး**(ဓာတ်ပုံ)**နာယကများနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ယင်းမာပင်၊ ခရေပင်၊ ရတနာတန်းဝင်ကျွန်းပင်နှင့် မဟော်ဂနီပင်များကို စိုက်ပျိုးပေးကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ယင်းနောက် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့သည် ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ၏ပျိုးပင်များ ပျော်ရွှင်စွာ အတူတကွ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ရတနာတန်းဝင်ကျွန်းပင် ၃၀၊ မဟော်ဂနီပင် ၃၀၊ ခရေပင် ၄၀၊ စိန်ပန်းကြီးပင် ၄၀၊ ဆီသပြေပင် ၄၀၊ ပိတောက်ပင် ၄၀၊ ကံ့ကော်ပင် ၄၀၊ ယမနေပင် ၂၀၊ ရေသင်းဝင်ပင် ၂၀၊ ယင်းမာပင် ၂၀၊ ကုက္ကိုပင် ၁၅ ပင် စသည့် စုစုပေါင်း ပျိုးပင် ၃၃၅ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁**

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်အေးချမ်းသာယာ၍ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် ရောဂါရရှိမှုများ လျော့နည်းကျဆင်းကာ ကုန်ထုတ်စွမ်းအားတိုးမြှင့်စေရန် ရည်ရွယ်လျက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ယနေ့နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် အလုပ်သမားရေးရာဥပဒေများကို ကောင်းမွန်စွာသိရှိပြီး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် အကျိုးရလဒ်ကောင်းများရရှိစေမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့် အလုပ်အကိုင်နေရာချထားပေးရေးဆိုင်ရာများ၊ လူမှုဖူလုံရေးဥပဒေဆိုင်ရာများ၊ အခြေခံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး သိရှိလိုက်နာဆောင်ရွက်ရန်ကိစ္စများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ရှိသူများကရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ကံထူးရှင်များပေါ်ထွက်

**နေပြည်တော် ဇူလိုင် ၁**

အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ဇူလိုင် ၁ ရက်နေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ-

**ကျပ်သိန်း (၁၅၀၀)ဆု**

ဈ-၃၈၃၃၁၃

**ကျပ်သိန်း (၁၀၀၀)ဆု**

ဆ-၇၁၇၄၇၅

**ကျပ်သိန်း (၅၀၀)ဆု**

ယ-၁၆၇၁၂၆

**ကျပ်သိန်း (၃၀၀)ဆု**

စ-၁၈၈၅၉၄

ဘ-၂၆၇၂၅၂ ပ-၇၇၂၃၂၅

**ကျပ်သိန်း (၂၀၀)ဆု**

ဃ-၉၉၅၅၈၈

ဂ-၇၀၂၉၉၄ က-၁၄၉၉၃၃

လ-၃၄၅၅၇၂ ဏ-၉၂၉၄၁၂

**ကျပ်သိန်း(၁၀၀)ဆု (မင်္ဂလာစုံတွဲ)**

ဌ-၃၀၄၁၃၅ ဆ-၁၉၃၃၀၄

ရ-၉၀၉၇၃၉ ဆ-၅၁၇၁၄၆

တ-၆၂၈၈၇၆ ဒ-၉၉၆၁၀၇

ထ-၄၈၄၅၆၂ ဍ-၅၆၈၈၇၆

ပ-၈၈၄၅၅၈ ဘ-၅၉၀၉၇၅

ဘ-၂၈၆၈၁၀ ခ-၉၅၆၆၇၉

စ-၃၂၂၈၇၂

## မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ဆက်လက်ကျင်းပရာ**(အောက်ပုံ)** နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ၌ခင်းကျင်းပြသထားသည့် ကျောက်



စိမ်းတွဲများကို စိတ်ကြိုက်ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ရန် ကြည့်ရှုကြသည်။

**ကြည့်ရှုအားပေး**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်တို့သည် တင်ဒါအောင်မြင်သူများ စာရင်းထုတ်ပြန်ကြေညာနေမှုများ၊ တင်ဒါတင်သွင်းနေခြင်းများနှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့တွင် ကျောက်စိမ်းတွဲအမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ ကျောက်စိမ်းတွဲပေါင်း ၁၂၀၀ကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။ **(သတင်းစဉ်)**

## Dong Long အထည်ချုပ်စက်ရုံ ဖွင့်ပွဲကျင်းပ

**ပုသိမ် ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့စက်မှုဇုန်ဒေသ၌ Dong Long Garment Co.,Ltd. အထည်ချုပ်စက်ရုံဖွင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီတွင်စက်ရုံ၌ကျင်းပရာ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်း၊ တိုင်းဒေသကြီး ပုသိမ်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ခင်စီ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူး Mr. Jiang Yin Gang နှင့် Shan Hai Dong Long Feather Manufacture Co., Ltd.Chairman, Mr.Guo Lian Xue နှင့် Ms.Yao Xiao Man တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက စက်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လိုက်လံကြည့်ရှုကြသည်။

စက်ရုံဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ယခုဖွင့်လှစ်လိုက်သည့် စက်ရုံ၌ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံလူငယ်လူရွယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးပြီး အေးချမ်းတည်ငြိမ်စွာဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ဒုတိယရည်မှန်းချက်သည် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက် လုပ်ကိုင်လာကြသည်နှင့်အမျှ အခြားသောရင်းနှီးမြှုပ်နှံလိုသူများလည်း တဖြည်းဖြည်း ဝင်ရောက်လုပ်ကိုင်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုမ္ပဏီဥက္ကဋ္ဌ Mr. Guo Lian Xue၊ စီးပွားရေးသံမှူး Mr. Jiang Yin Gang, Ms. Yao Xiao Man, Di Ren ကုမ္ပဏီမှ တာဝန်ရှိသူနှင့် မြန်မာနိုင်ငံအထည်ချုပ်အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးတို့က အမှာစကားပြောကြားကြသည်။

**တိုးမြှင့်ခန့်သွား**

အဆိုပါစက်ရုံသည် ပုသိမ်စက်မှုဇုန်တွင်တည်ရှိပြီး Dong Long Pathein Garment Co., Ltd . က ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအခါ အထည်ချုပ်လုပ်သား ၈၀၀ အား ခန့်ထားပြီး မျှားမကြာမီ ၃၀၀၀ အထိ တိုးမြှင့်ခန့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဆောင်းပါး

# အမျိုးသမီးဟူသည် မြန်မာ့ဂုဏ်ရည်

**ခင်ဆွေမြင့် (မြန်မာစာ)**

**“မိန်းမမူနည်း၊ အချင်းသည်ကား**
**တည်ကြည်သိပ်သည်း၊ စောင့်စည်းမွေ့သိမ်**
**ငြိမ်ဆိမ်ဆေးလေး၊အရေးမြင်မှ**
**သိသာရ၏”**

ကုန်းဘောင်ခေတ်ပညာရှိစာဆို စိန္တကျော်သူဦးဩ၏ “ဩဝါဒထူးပျို့” လာ ပျို့ကဗျာတစ်ပိုဒ်ဖြစ်ပါသည်။

မိန်းမတို့၏ အနှစ်သာရဖြစ်သောအမူအကျင့်ဟူသည်မှာ ကိုယ်နှုတ်နှလုံးအမူအရာများ-

တည်ကြည်ခြင်း၊ သိပ်သိပ်သည်းသည်းရှိခြင်း၊ ဣန္ဒြေစောင့်စည်းခြင်း၊ သိမ်မွေ့ယဉ်ကျေးခြင်း၊ ငြိမ်ငြိမ်သက်သက်ဆေးဆေးလေးလေးနေတတ်ခြင်းများဖြစ်ကြောင်း၊ အရေးအကြောင်းတစ်စုံတစ်ခုနှင့် ကြုံကြိုက်လာသောအခါတွင်မှ ရင်ဆိုင်ဖြေရှင်းနိုင်သော ထက်မြက်သည့်အရည်အသွေးသည် သိသာထင်ရှားလာပါကြောင်း ဖွဲ့ဆိုထားပါသည်။

စိန္တကျော်သူဦးဩ၏ ဩဝါဒသည် ရှေးမြန်မာမင်းများလက်ထက်မြန်မာအမျိုးသမီးများ၏ အမူအရာဂုဏ်ရည်နှင့်အရည်အသွေးတန်ဖိုးကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

အင်းဝခေတ် ပျို့စာဆိုကျော် ရှင်မဟာသီလဝံသ၏ “တောင်တွင်းရွှေပြည်” ရတုတွင် အင်းဝသား “ခင်ညို”က မိမိချစ်ခင်မြတ်နိုးမိသော တောင်တွင်းသူ “ခင်ဦး” ကို မိမိ၏အင်းဝရွှေမြို့တော်သို့ သျှောင်နောက်ဆံထုံးပါ လိုက်ခဲ့ရန်ခေါ်ခဲ့ပါသည်။ ချစ်သူကို နှစ်နှစ်ကာကာ ချစ်ရှာမည်ဖြစ်သော်လည်း ခင်ဦးသည် “လိုက်ပါရစေရွှေနွယ်ရိုးရယ်၊ ခိုးလှည့်ပါကွယ်”ဟု မဆိုခဲ့ပါချေ။

**“ပမာထုံးစံ၊ ကြောင်းဝေးလံစွ၊**
**ငှက်ပျံခေါင်းလောင်း၊ရေကြောင်းရှာသွား၊ယောကျ်ားလားသို့၊**
**ကြက်ကားတစ်တွေး၊ ဒေါင်းတစ်ငေးမျှ၊ မဝေးကြဘူး”** ဟူ၍ ထုံးပုံသာဓကများဖြင့် သိပ်သိပ်သည်းသည်းနေထိုင်သော မြန်မာမိန်းကလေးတစ်ဦး၏ ဂုဏ်ကျက်သရေကို ဖွင့်ဟခဲ့ပါသည်။

ခင်ဦးသည် မိဘအိမ်မှထွက်ခွာပြီး ငှက်တစ်ခါပျံမှ၊ ခေါင်းလောင်းတစ်သံကြားရုံမျှဝေးလံသောဒေသကိုပင်လျှင် မသွားခဲ့သူဖြစ်သည်။ ကြက်တစ်ခါတွေး၊ ဒေါင်းတစ်ခါငေးမျှကြာမြင့်သော အချိန်မျှပင်လျှင်လည်း မိဘအိမ်မှ မခွာခဲ့သူလည်း ဖြစ်သည်။

ရေကြောင်းခရီးသွားသော ယောကျ်ားသားများသည်ပင် အချိန်တန်လျှင် အိမ်ပြန်ကြစမြဲဖြစ်ပါကြောင်း-

မိန်းကလေးဖြစ်သော ကျွန်မခင်ဦးသည် အဘယ်မှာလျှင် အိမ်မှအပြီးတိုင် ထွက်ခွာပြီး ချစ်သူနောက်သို့မလိုက်နိုင်ပါကြောင်း-

မိမိဇာတိရေမြေဖြစ်သော “တောင်တွင်းရွှေပြည်” ကိုလည်းမစွန့်ခွာနိုင်ပါကြောင်း-

**“ရပ်ထူး စွန်နား၊ တစ်ပါးပြည်ရွာ၊ ရှင်တို့မှာသို့၊**
**လိုက်လာစေကြောင်း၊ မသွေးကောင်းခဲ့”**

ဟူ၍ မိမိအားသွေးဆောင်ရန် မသင့်ပါကြောင်း ပြန်ကြားခဲ့ပါသည်။

**“ မြရည်ကျိုင်းထွား၊ ရွှေဝသားလျှင်**
**သနားတစ်ကိုယ်၊ တူပျော်လိုဟု**
**တွေးဆိုမဆာ၊ မြင်ကာမျှကို**
**မိဘအုပ်ချုပ်၊ ကျွန်ုပ်ဘယ်မှာ၊ ရှင့်နောက်ပါအံ့ ”**

ဟူ၍လည်း တိကျပြတ်သားစွာ ဆုံးဖြတ်ဖြေကြားခဲ့ပါသည်။

အချစ်တစ်ခုတည်းဖြင့် မဆင်မခြင်မတွေးမဆ မဆိုသင့်ပါကြောင်း၊ မိဘများ၏သွန်သင်ဆုံးမထိန်းသိမ်းအုပ်ချုပ်မှု အေးရိပ်အောက်၌ ဣန္ဒြေသိက္ခာဖြင့်နေထိုင်သော သမီးအလိမ္မာခင်ဦးသည် ချစ်မိသူပင်ဖြစ်ပါစေ၊ သူစိမ်းယောကျ်ားသားတစ်ယောက်၏နောက်သို့ လွယ်လင့်တကူလိုက်ပါမည့်သူ မဟုတ်ပါကြောင်း မိမိ၏စွဲမြဲသောခံယူချက်ကိုလည်း ဖော်ထုတ်တင်ပြခဲ့ပါသည်။

**ရှေးမြန်မာအမျိုးသမီးများသည် ယဉ်ကျေးသိမ်မွေ့ခြင်း၊ ထက်မြက်ခြင်း၊ မိဘကို အလေးအမြတ်ထားခြင်း၊ ဇာတိရေမြေကိုချစ်ခင်ခြင်းစသော ဤစရိုက်လက္ခဏာများသာမက သဒ္ဓါတရားထက်သန်ခြင်း၊ သဘောထားကြီးခြင်း၊ စိတ်ထားမြင့်မြတ်ခြင်း၊ ဘာသာတရား၏ အဆုံးအမခံယူတည်ခြင်း စသော အရည်အသွေးများ တန်ဖိုးများလည်းရှိကြသူများ ဖြစ်ပါသည်။**

ပုဂံခေတ် နရသီဟပတေ့မင်းကြီးလက်ထက်တွင် အမတ်ကြီးသိဃ်သူ၏ သမီးသည် မင်းမိဖုရားကြီးတစ်ပါးပင်ဖြစ်သော်လည်း မိမိ၏ကောင်းမှုအဖို့ကို မိမိနှင့်ဘဝချင်းအပြိုင်ဖြစ်နေသော မိဖုရားများ၊ မောင်းမများကို မျှဝေခဲ့ပါသည်။ မိဖုရား၊ မောင်းမများအားလည်း “ အချင်းချင်း၊ အမျက်အအီတစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြရစေ၏” ဟု ကရုဏာတရားဖြင့် ဆန္ဒပြုခဲ့သည်။

ကုသိုလ်ပြုပြီးနောက် ဆုတောင်းရာတွင်လည်း မိမိသည်ရမ္မက်ကြီးသူ၊ အမျက်ဒေါသကြီးသူ၊ ပညာမရှိသူ၊ မိုက်မဲသူ၊ မနာလိုဝန်တိုသူ၊ သစ္စာမရှိသူ မဖြစ်လိုကြောင်း ဆုတောင်းခဲ့ပါသည်။ အမတ်ကြီးသမီး၏ဆုတောင်းသည် ရှေးမြန်မာအမျိုးသမီးများ၏ စိတ်သဘောထားမြင့်မြတ်မှု၊ အတွေးအမြင်မှန်ကန်မှုများကို ဖော်ညွှန်းခဲ့ပါသည်။

ဤသို့သောအမူအရာများ၊ အတွေးအခေါ် အယူအဆများ၊ အမူအကျင့်များ၊ စိတ်စေတနာများသည် **ရှေးမြန်မာအမျိုးသမီးများ၏ အနှစ်သာရပြည့်ဝသောယဉ်ကျေးမှုတန်ဖိုး**ကို ဖော်ပြခဲ့ပါသည်။

ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းသည် နှစ်ပေါင်းထောင်ချီ၍ ကာလရှည်ကြာစွာ ခရီးဆက်ခဲ့ကြပြီးဖြစ်ပါသည်။ ခေတ်အမျိုးမျိုး ခေတ်အဆက်ဆက်ကိုလည်း ဖြတ်သန်းလာခဲ့ပြီးဖြစ်ပါသည်။ တစ်ခေတ်နှင့်တစ်ခေတ်လည်းမတူ၊ ရှေးခေတ်နှင့် ယနေ့ခေတ်လည်းမတူသော လူမှုဘဝပုံစံသစ်များစွာကို ကြုံတွေ့ခဲ့ကြရပြီးလည်း ဖြစ်ပါသည်။

ဝတ်မှုစားမှု၊ နေမှုထိုင်မှု၊ သွားမှုလာမှု၊ ပညာသင်ကြားသင်ယူမှု၊ ဥစ္စာစီးပွားရှာဖွေမှု၊ နိုင်ငံရေး၊ လူမှုရေးလှုပ်ရှားမှု၊ ယဉ်ကျေးမှုအနုပညာဖန်တီးသုံးစွဲမှု စသည် စသည်များစွာသည် ခေတ်အဆက်ဆက်တွင် အမျိုးမျိုးပြောင်းလဲလာခဲ့ကြပြီး ဖြစ်ပါသည်။

အထူးသဖြင့် သတင်းအချက်အလက်များကို တစ်နေရာတည်းတွင်ထိုင်၍ တစ်ပြိုင်တည်းသိနိုင်သော ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်း (globalization) ခေတ်တွင် ခေတ်မီသည်၊ နိုင်ငံတကာနှင့်အပြိုင်ဖြစ်သည်ဟူသော ထင်မြင်ချက်ဖြင့် ဝတ်စားဆင်ယင်မှု၊ ပြုမူနေထိုင်မှု၊ အနုပညာဖန်တီးမှု၊ တွေးခေါ်ဆင်ခြင်မှုစသည် များစွာသည် မြန်နှုန်းမြင့်ဖြင့် ပြောင်းလဲလာနေကြပါသည်။ ကဏ္ဍအသီးသီးတွင် အမျိုးသားရေးကိုယ်ခံအားကောင်းရန်အတွက် ပြင်ဆင်ထားမှုမရှိခြင်း၊ အချိန်ကိုမစောင့်နိုင်ခြင်း၊ အခြေအနေကို မသုံးသပ်တတ်ခြင်း စသည်များကြောင့် မသေမသပ်ပရမ်းပတာ အပြောင်းအလဲများကို တွေ့ကြုံနေကြရပါသည်။

ပုဂံ၊ အင်းဝ၊ ကုန်းဘောင်စသောခေတ်များနှင့် လူနေမှုဘဝပုံစံချင်းမတူကြတော့သော ယနေ့ခေတ်တွင် **ရှေးခေတ်၏အဝတ်၊ အတွေး၊ အမူအရာတို့ကို ထပ်တူခံယူနေ၍လည်းမဖြစ်ပါ၊ ယင်းသို့ပင်အားလုံးကို ဖယ်ရှားပစ်၍လည်းမဖြစ်ပါ၊ လူ့ကျင့်ဝတ်အရ လူ့ယဉ်ကျေးမှုအရ တန်ဖိုးရှိသော အစဉ်အလာအတွေးအခေါ်အမူအကျင့်များကို ခေတ်အဆက်ဆက် သယ်ဆောင်သွားကြရမည်ဖြစ်ပါသည်။**

ရှေးခေတ်က အမျိုးသမီးများသည် မိမိအိမ်တွင်ပင် ဒွေးဒေါ်မိကြီးအမိ အဖများထံမှ စာရေးစာဖတ်သင်ယူခဲ့ကြသည်။ ခေတ်မီစာသင်ကျောင်းများပေါ်ပေါက်လာသော ဗြိတိသျှကိုလိုနီခေတ်တွင်ပင် သေစာရှင်စာတတ်လျှင်ပြီးရောဟုဆိုကာ လေးတန်းနှင့်ကျောင်းထွက်၊ ခုနစ်တန်းနှင့်ကျောင်းထွက်ခဲ့ကြသူများခဲ့သည်။

နည်းပညာများတိုးတက်ခေတ်မီ လူသုံးအိမ်သုံးပစ္စည်းများထွေပြားလူနေမှုဘဝပုံစံသစ်များသို့ လုံးဝပြောင်းလဲသွားသော ဤခေတ်တွင် အမျိုးသမီးများသည် ခေတ်ပညာသင်ယူလာကြသည်။ တက္ကသိုလ်ဘွဲ့များရယူလာကြသည်။ အမျိုးသမီးဆရာမများ၊ ပါမောက္ခများ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများစသည့် ပညာရှင်များစွာ ပေါ်ထွန်းလာခဲ့ကြသည်။

ရှေးက အိမ်တစ်အိမ် အိမ်ထောင်တစ်ခု၏စီးပွားရေးကို အိမ်ထောင်ဦးစီးယောကျ်ားသားများကသာ တာဝန်ယူကြသည်။ ယနေ့ခေတ်တွင် စီးပွားရှာသူ၊ အလုပ်လုပ်သူ မြန်မာအမျိုးသမီးများ များစွာရှိလာပါသည်။ **နိုင်ငံလူဦးရေ၏တစ်ဝက်ကျော်ရှိသော အမျိုးသမီးထု၏လုပ်အားနှင့်စွမ်းရည်သည် နိုင်ငံတစ်နိုင်ငံ၏ ခိုင်မာတောင့်တင်းမှု ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။**

မြန်မာ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီးသည် ရှေးမြန်မာအမျိုးသမီးကြီးများ၏ တန်ဖိုးရှိသော စိတ်ဓာတ်၊ ခံယူချက်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုရာ စသည်များကို မထိန်းသိမ်းဘဲ တာဝန်မဲ့စွာ အသက်ရှင် ရပ်တည်နေကြပါလျှင် ကျွန်မတို့ မြန်မာနိုင်ငံသည် ယခုထက် တစ်ဝက်မျှမက နိမ့်ကျသွားရန်သာရှိ

ရှေးခေတ်ကပင် ရပ်ရေး ရွာရေး သာရေးနာရေး လူမှုရေးကိစ္စအဝဝတွင်လည်း အမျိုးသမီးထုပါဝင်ဆောင်ရွက်မှုသည် ထိမိထိရောက်လှပါသည်။ ယနေ့ခေတ်ကဲ့သို့ **လူတိုင်းစာရေးစာဖတ်တတ်ရေး၊ ကျောင်းနေအရွယ်ရောက်သူတိုင်း ပညာသင်ကြားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မိသားစုတိုင်းကျန်းမာရေးအသိရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစသော ခေတ်၏လူမှုရေးလုပ်ငန်းများစွာတွင် မြန်မာအမျိုးသမီးများစွာသည် ပါဝင်လှုပ်ရှားနေကြသည်**ကို တွေ့ရပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများသည် ရှေးခေတ်အဆက်ဆက်ကပင် အခွင့်အရေးနှင့်တာဝန် နှစ်ရပ်ကို တစ်ပြိုင်တည်းရရှိထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

မြန်မာအမျိုးသမီးများသည် မိမိချစ်ခင်နှစ်သက်သူကို လက်ထပ်ယူနိုင်ခွင့်ရှိသကဲ့သို့ မိမိတို့မိသားစုနှင့်မြန်မာ့လူ့အဖွဲ့အစည်း၏ ဆုံးမသွန်သင်လမ်းညွှန်မှုဘောင်အတွင်းမှနေ၍ လိုက်နာဆောင်ရွက်တတ်ကြသူများလည်း ဖြစ်သည်။

အိမ်ထောင်ကိုဦးစီးခွင့်၊ ငွေကြေးကိုင်ဆောင်သုံးစွဲခွင့်၊ စီမံခန့်ခွဲခွင့်၊ အမွေဆက်ခံခွင့်များသည် တောင်းယူတိုက်ယူစရာမလိုသော မြန်မာအမျိုးသမီးများ၏ အသားသေနေပြီဖြစ်သော မူလအခွင့်အရေးများ ဖြစ်ပါသည်။

ထို့အတူ ပညာသင်ယူခွင့်၊ အလုပ်လုပ်ခွင့်၊ အလုပ်တာဝန်ချင်းတူပါလျှင် အမျိုးသားများနှင့် တန်းတူလစာခံစားခွင့်၊ သားဖွားခွင့်၊ ဆေးခွင့်၊ အငြိမ်းစားယူခွင့်စသော အခွင့်အရေးများသည်လည်း ကျွန်မတို့ မြန်မာအမျိုးသမီးများအတွက် တောင်းဆိုရန် စဉ်းစားဖို့ပင်မလိုခဲ့သော အခွင့်အရေးများဖြစ်ပါသည်။

ဤအခွင့်အရေးများနှင့်အတူ မြန်မာအမျိုးသမီးများသည် **အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာသည့် တာဝန်ကို ယူကြရပါသည်။ အဘွားနေရာ၊ အမေနေရာ၊ အဒေါ်နေရာ၊ ဇနီးနေရာ၊ သမီးနေရာ၊ အစ်မနေရာ၊ ညီမနေရာ စသည့် နေရာများမှ နေ၍ မြေးများ၊ သားသမီးများ၊ တူ တူမများ၊ ခင်ပွန်းများ၊ မိဘများ၊ မောင်ညီမများ၊ အစ်ကို အစ်မများ၏ စားဝတ်နေရေးတာဝန်၊ အိမ်မှုကိစ္စတာဝန်၊ မိသားစုကို ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်စသည်များကို ယူကြရပါသည်။**

မြန်မာအမျိုးသမီးများသည် အိမ်သူ အိမ်သားများအား ထမင်းဟင်းချက်ကျွေးရုံမျှဖြင့်မပြီး။ မိသားစုဝင်များ၏ ဘဝလမ်းကြောင်း မတိမ်းစောင်းရေးအတွက် ထိန်းကျောင်းပေးကြသူများလည်းဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းမြန်မာ့လူမှုဝန်းကျင်၏ ထုံးမိစံမျှသော လူ့ယဉ်ကျေးမှုနှုန်းစံများ၊ လူ့ကျင့်ဝတ်များ၏ အပြင်ဘက် အောက်ဘက်များသို့ လွင့်စဉ်ထွက်ကျမသွားအောင် ဝိုင်းဝန်းထိန်းသိမ်းပေးကြရသည့်သူများလည်း ဖြစ်ပါသည်။

သူ့အသက်မသတ်၊ သူ့ဥစ္စာမခိုး၊ သူတစ်ပါးအိမ်ရာကို မပြစ်မှား၊ အလိမ်အညာမလုပ်၊ မူးယစ်ဆေးဝါးမသောက်မစားစသော အခြေခံကျသည်နှင့်အမျှ ကြီးကျယ်လေးနက်သော ဤလူ့ကျင့်ဝတ်များကို မိမိလည်း စောင့်ထိန်း၊ မိသားစုလည်းစောင့်ထိန်းအောင် သမိုင်းပေးတာဝန်ကို ယူကြရသည့်သူများလည်း ဖြစ်ပါသည်။

ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့တွင် ကောသိယရသေ့မြတ်သည် သိကြားမင်း၏ “အာသာ” “သဒ္ဓါ” “သိရီ” “ဟီရိ”ဟူသော သမီးတော်လေးပါးအနက် “ဟီရိ” နတ်သမီးငယ်အား မိမိ၏စားဦးစားဖျားကို ပေးအပ်ကြောင်း

**“အမည်လိုက်ဖက်၊ အရှက်စောင့်ထ၊ မြတ်ချင်းတကြောင့်၊**
**ကြည်လှအထူး၊ သဒ္ဓါနူး၍၊ စားဦးပေးတုံလျှင်းသတည်း”**

ဟုဖွဲ့ဆိုထားပါသည်။ “ဟီရိ”နတ်သမီးသည် အမည်နှင့်လိုက်ဖက်စွာ အရှက်တရားရှိသူဖြစ်ခြင်းကြောင့် သိကြားမင်း၏ သမီးတော်လေးပါးတွင် အမြတ်ဆုံးဖြစ်သည်ဟူ၍ အဆုံးအဖြတ်ပေးခဲ့ခြင်းဖြစ်ပါသည်။

**ဟီရိဩတ္တပ္ပဟူသော အရှက်အကြောက်တရားသည် မိန်းမသားများ၏ အမြတ်ဆုံးသော ယဉ်ကျေးဂုဏ်ရည်ဖြစ်ပါသည်။**

ယနေ့ခေတ်တွင် အဆိုးရွားဆုံးသော အနာရောဂါကြီးဖြစ်နေသည့် အရှက်ကို ဂရုမစိုက်သော ရုပ်ပျက်ဆင်းပျက် ဝတ်စားဆင်ယင်မှုများ၊ အရှက်ကိုမေ့နေသော ပုံပျက်ပန်းပျက်ဓာတ်ပုံများ၊ ကြမ်းကြမ်းတမ်းတမ်း ယုတ်ယုတ်ညံ့ညံ့ ဆဲဆဲဆိုဆို ပြောဆိုကြခြင်းများ၊ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများနှင့် မည်သို့မျှမအပ်စပ် ငရဲအတုံးလိုက်ကြီးနေသော ဘီယာသောက်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းများစသည့် အပြုအမူများကို မိမိလည်းရှောင်၊ မိမိ မိသားစုလည်းရှောင်ကြဉ်အောင် ဆောင်ရွက်ရမည်မှာ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး၏ တာဝန်ဖြစ်ပါသည်။ လမ်းလွဲနေသော ဝတ်စားဆင်ယင်ပြောဆိုပြုမူခြင်းများသည် အမြစ်စွဲ အမြစ်ပွားနေသည့် ကင်ဆာရောဂါကြီး ဖြစ်မသွားအောင် ကျွန်မတို့အားလုံးက တာဝန်ယူကြိုးစားကြရမည်ဖြစ်ပါသည်။

အမျိုးသမီးများသည် လူ့အဖွဲ့အစည်း၏ အရေးပါဆုံးအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ မြန်မာ့လူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီးသည် ရှေးမြန်မာအမျိုးသမီးကြီးများ၏ တန်ဖိုးရှိသော စိတ်ဓာတ်၊ ခံယူချက်၊ အတွေးအခေါ်၊ ယဉ်ကျေးမှု စသည်များကို မထိန်းသိမ်းဘဲ တာဝန်မဲ့စွာ အသက်ရှင်ရပ်တည်နေကြပါလျှင် ကျွန်မတို့မြန်မာနိုင်ငံသည် ယခုထက် တစ်ဝက်မျှမက နိမ့်ကျသွားရန်သာ ရှိပါသည်။

**“ကမ္ဘာတည်သရွေ့ ဂုဏ်သိက္ခာရှိသော မြန်မာပြည်”** တည်ရှိနိုင်ရန်အတွက် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးသည် အသိရှိရှိ၊ ပညာရှိရှိ၊ စေတနာရှိရှိဖြင့် **“ကိုယ်ပိုင်ယဉ်ကျေးမှုဂုဏ်ရည်ကို ထိန်းသိမ်းသော မြန်မာ့လူဘောင်”** ကို စွမ်းစွမ်းတမံဝိုင်းဝန်းတည်ဆောက်ကြပါစို့ဟု ချစ်ခင်လေးစားစွာ လက်ကမ်းကြိုဆိုလိုက်ပါသည်။ ။

## မြန်မာအမျိုးသမီးဂုဏ်အင်

- သမီးမိန်းကလေး၊ မွေးဖွားသန့်စင်
  ငယ်စဉ်ကာလ၊ ရွယ်အစမှ
  မိဘသွန်သင်၊ နားမှာယဉ်၍
  စဉ်လာကောင်းမြတ်၊ ယဉ်ကျေးတတ်ခါ
  ဘာသာကိုသိ၊ သဒ္ဓါရှိပြီး
  လူကြီးမိဘ၊ ရိုသေကြကာ
  ဂါရဝအမှု၊ လေးစားပြုလုပ်
  ကိုယ်နှုတ်သိမ်မွေ့၊ ဓလေ့ရိုးရာ
  မြန်မာရင်သွေး၊ မိန်းကလေးတွင်
  ပင်ကိုဇာတိ၊ ရှက်ကြောက်ရှိ၍
  သိက္ခာတန်ကြေး၊ အလေးထားဆင်ခြင်
  မြန်မာအမျိုးသမီးဂုဏ်အင်. . . . . .
- ချိန်တန်သင့်လျော်၊ အရွယ်ရောက်ကြ
  မိဘကြည်ဖြူ၊ ရည်တူမျှ၍
  ဘဝထဲဝင်၊ အိမ်ထောင်ရှင်သည်
  ခင်ပွန်းလင်အား၊ အမျှထား၍
  လေးစားဂုဏ်တင်၊ မြတ်နိုးကြင်ကာ
  သစ္စာမယွင်း၊ မေတ္တာနှင်းပြီး
  ဇနီးဝတ္တရား၊ သမီးသားနှင့်
  သွားကျိုးဆံဖြူ၊ အေးအပူမျှဝေ
  ရိုးမြေကျတိုင်၊ တူမြဲခိုင်ရာ
  မြန်မာနိုင်ငံသူ၊ ဓလေ့မူကို
  ဂုဏ်ယူစံထား၊ သမီးများစဉ်ဆက်
  ကမ်းလျက်ထာဝစဉ်၊ မြန်မာမိခင်
  မြန်မာအမျိုးသမီးဂုဏ်အင်. . . .

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်

**နန်းမွန်ဟိန်း**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ချေးငွေထုတ်ချေးရာတွင် အချိန်ကြာမြင့်မှုမရှိစေရေးအတွက် ချေးငွေကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ပေးနေ

**နေပြည်တော် ဇူလိုင် ၁**

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၂၂)ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၏ **အခြေခံအဆင့်နှင့်အဆင့်မြင့်ပညာတက္ကသိုလ်များတွင် Logic (ယုတ္တိဗေဒ)နှင့် Ethics(ကိုယ်ကျင့်တရား) ပညာကို သင်ကြားပေးရန် အစီအစဉ်ရှိ /မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာအောင်ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရေးသည် အဓိကရည်မှန်းချက်ဖြစ်ပါကြောင်း၊ အဆိုပါရည်မှန်းချက်အတိုင်း အခြေခံပညာကဏ္ဍတွင် နိုင်ငံ့သားကောင်းတစ်ယောက်အနေဖြင့် ရရှိမည့်အခွင့်အရေးများ၊ တာဝန်များ၊ တာဝန်သိမှု၊ တာဝန်ယူတတ်မှု၊ အတ္တနှင့်ပရကိုမျှတအောင် ကျင့်သုံးတတ်မှုရရှိစေရန်အတွက် သင်ရိုးညွှန်းတမ်းတွင် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၊ စာရိတ္တနှင့်လောကနီတိဘာသာရပ်နှင့် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်များကို ထည့် သွင်းရေးဆွဲသင်ကြားပေးလျက်ရှိပါကြောင်း။

လူ့အခွင့်အလမ်း ပညာရေးသင်ခန်းစာများကို ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှစတင်၍ ထည့်သွင်းသင်ကြားပေးလျက် ရှိသည့်အပြင်



**ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။**
(သတင်းစဉ်)

ဘဝအတွက် ကျွမ်းကျင်စရာဘာသာရပ်ကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်၍ သင်ကြားပေးခဲ့ပါကြောင်း၊ ဘဝအတွက် ကျွမ်းကျင်စရာဆိုသည်မှာ လူမှုဘဝတွင် ရင်ဆိုင်ကြုံတွေ့ရမည့်ပြဿနာအမျိုးမျိုးကို အဆိုပြုသဘောဆောင်သော အတွေးအခေါ်များဖြင့် မှန်မှန်ကန်ကန်စဉ်းစားဆုံးဖြတ်လုပ်ကိုင်တတ်သော လူမှုစိတ်ပိုင်းဆိုင်ရာအခြေခံကျွမ်းကျင်မှုအရည်အချင်းများ ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ကင်းထောက်အဖွဲ့များ ပြန်လည်ဖွဲ့စည်းခဲ့ပြီး အသက်အရွယ်အလိုက် သူတစ်ပါးကို ကိုယ်ချင်းစာနာစိတ်ဖြင့် ကူညီပေးနိုင်သော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် သင်ကြားပေးနေသည့် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်၊ စာရိတ္တနှင့်လောကနီတိ ဘာသာရပ်သည် ကိုယ်ကျင့်တရား (Ethics)ကို တိုက်ရိုက်သင်ကြားပေးသည့် ဘာသာရပ်များဖြစ်သည့်အပြင် ဘဝအတွက် ကျွမ်းကျင်စရာ ဘာသာရပ်သည် ကလေးများ၏ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်း၊ အမှား၊ အမှန်ဆုံးဖြတ်နိုင်စွမ်း၊ အရာရာကို ယုတ္တိရှိစွာ တွေးခေါ်နိုင်စွမ်း၊ ပြဿနာဖြေရှင်းနိုင်စွမ်းများကို လေ့ကျင့်ပျိုးထောင်ပေးသည့် ဘာသာရပ်များသည် (Logic)ဖြစ်ပါကြောင်း၊ Logic (ယုတ္တိဗေဒ) နှင့် Ethics (ကိုယ်ကျင့်တရား)ဟု ဘာသာရပ်အမည် မတပ်ထားသည်ကလွဲ၍ အခြေခံပညာကျောင်းများတွင် လက်တွေ့သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ **ဦးတင်မောင်ဦး**၏ **မြန်မာ့စက်မှုလယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ငွေချေးခြင်းလုပ်ငန်းအားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ယခုထက်ပိုမိုအားကောင်းသည့်စနစ်တစ်ခုကို ဆောင်ရွက်ရန်**



**အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ မေးမြန်းစဉ်။**
(သတင်းစဉ်)

**အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေတစ်ရပ် ထုတ်ချေးခွင့်ရယူရာတွင် ရိုးရိုးချေးငွေ(Commercial Loan)နှင့် SME ချေးငွေ (SME Loan) နှစ်မျိုးရှိပြီး ဘဏ်၏လက်ရှိစည်းမျဉ်းသတ်မှတ်ချက်အရ သက်ဆိုင်ရာ ဘဏ်ခွဲများသို့ ကိုယ်တိုင်သွားရောက်၍ ချေးငွေလျှောက်လွှာရယူပြီး ရိုးရိုးချေးငွေ (Commercial Loan) ၁၂ ရာခိုင်နှုန်း အတိုးနှုန်းအတွက် အဓိက အထောက်အထား (၅)ချက်၊ ပူးတွဲအထောက်အထား (၈) ချက်တို့ဖြင့် ချေးငွေလျှောက်ထားနိုင်ပါကြောင်း။

ရုံးချုပ် ချေးငွေဌာနအနေဖြင့် ဘဏ်ခွဲများမှတင်ပြလာသော ချေးငွေအမှုတွဲများအား ချေးငွေမှတ်တမ်းများနှင့်တိုက်ဆိုင်၍ ယခင်ကချေးယူခဲ့ဖူးခြင်း ရှိ-မရှိ ၊ အာမခံခိုင်မာမှုရှိ-မရှိ ထပ်မံစိစစ်ပြီး ခိုင်မာမှုအားနည်းချက်ရှိပါက သက်ဆိုင်ရာ ဘဏ်ခွဲများသို့ အကြောင်းကြားပြီး လိုအပ်ချက်များ ထပ်မံတောင်းခံပါကြောင်း၊ ခိုင်မာမှုရှိသောချေးငွေအမှုတွဲအား ဘဏ် ရာဖြတ်၊ ဘဏ်ခွဲမှတာဝန်ရှိသူ၊ ရုံးချုပ်ချေးငွေဌာနမှ တာဝန်ရှိသူ သုံးဦးပါဝင်သော ဘဏ်ရာဖြတ်အဖွဲ့အား စေလွှတ်၍ အာမခံပစ္စည်း၏ တန်ဖိုးအားရာဖြတ်စေပါကြောင်း။

အာမခံပစ္စည်းများအား မူရင်းအထောက်အထားများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ အဆောက်အအုံများတိုင်းတာခြင်း၊ တွက်ချက်ခြင်းများ ပြုလုပ်ပါကြောင်း၊ အာမခံမြေနှင့် အဆောက်အအုံအား တိုင်းတာတွက်ချက်ရာတွင် မြေတန်ဖိုးအား လက်ရှိ Market Value ဖြင့်လည်းကောင်း၊ Forced Sale Value ဖြင့် လည်းကောင်း တွက်ချက်တင်ပြရပြီး အဆောက်အအုံတန်ဖိုးအား PAE စနစ်ဖြင့် တွက်ချက်ပါကြောင်း၊ ဘဏ်ရာဖြတ်မှတွက်ချက်တင်ပြသည့်ဈေးနှုန်းအားရာဖြတ်တန်ဖိုး၊ ဓာတ်ပုံမှတ်တမ်း၊ ဘဏ်ရာဖြတ်၏ သုံးသပ်ချက်၊ ချေးငွေအထောက်အထားများ ပြည့်စုံစွာဖြင့် BOD အစည်းအဝေးသို့ တင်ပြရပါကြောင်း။

BOD မှ သက်ဆိုင်ရာအာမခံပစ္စည်းခိုင်မာမှု၊ လုပ်ငန်းကောင်းမွန်မှုပေါ် မူတည်၍Forced Sale Value တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း နှင့် ၅၀ ရာခိုင်နှုန်း တန်ဖိုးသတ်မှတ်ပြီး ချေးငွေထုတ်ယူခွင့်ပြုမိန့် ချမှတ်ပေးပါကြောင်း။

ချေးငွေထုတ်ချေးရာတွင် အချိန်ကြာမြင့်မှုမရှိစေရေးအတွက် (၁)လ (၁)ကြိမ်ကျင်းပသည့် BOD အစည်းအဝေးသို့တင်ပြသည့်စနစ်မှ ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်တွင် ချေးငွေကော်မတီကိုစတင်ဖွဲ့စည်းပြီး တစ်လ နှစ်ကြိမ် (သို့မဟုတ်)(၃)ကြိမ် အစည်းအဝေးကျင်းပသည့်စနစ်သို့ ပြင်ဆင်ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကစ္စပနဒီမြစ်ဝဖြတ်မည့် တံတားကြီးတစ်စင်း တည်ဆောက်ပေးနိုင်ပါက ပြည်မနှင့် ရခိုင်ပြည်သူလူထုအကျိုးရှိနိုင်

**နေပြည်တော် ဇူလိုင် ၁**

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၏ လမ်း၊ တံတားကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၏ **"မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုလမ်းအဖြစ် အသုံးပြုလျက်ရှိသော မိုးကောင်းမြို့တွင်းလမ်းအား ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ မိုးကောင်းမြို့တွင်း လမ်းပိုင်းသည် တစ်မိုင် လေးဖာလုံရှည်လျားပြီး လက်ရှိ ၁၈ ပေ အကျယ် ကတ္တရာလမ်းဖြစ်ပါကြောင်း၊ ယင်းလမ်းပိုင်းသည် မြို့လယ်လမ်းမကြီးဖြစ်ပြီး ခရီးသည်တင်ဘတ်စ်ကားများ၊ ကုန်တင်ယာဉ်များနှင့်ယာဉ်ပေါင်းစုံသွားလာမှု အများဆုံးလမ်းပိုင်းဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ၂၄ ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးခမ်ဆွင်းမုန်၏ **"တီးတိန်-ရိဒ်ခေါဒါရ်နယ်စပ် ကုန်သွယ်ရေးလမ်းအား အဆင့်တိုးမြှင့်၍ ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ တီးတိန်-ရိဒ်လမ်းသည် ၃၁ မိုင် ၅ ဖာလုံ ရှည်လျားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ ၎င်းလမ်းကို အိန္ဒိယအစိုးရက ကူညီထောက်ပံ့ငွေ Grant ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အိန္ဒိယကွင်းဆင်းလေ့လာရေးအဖွဲ့ လာရောက်ခဲ့ရာ လမ်းအူကြောင်း ရှာဖွေလေ့လာရန် Survey အဖွဲ့ စေလွှတ်တိုင်းတာတွက်ချက်၍ အိန္ဒိယပြည်ပရေးရာဌာနမှ တင်ဒါခေါ်ယူပြီးပါက မြန်မာနိုင်ငံကို အကြောင်းပြန်ကြားမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်တွင် အိန္ဒိယအစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် အခြေအနေကို ညှိနှိုင်းဆဲဖြစ်သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုရရှိသည့် ရန်ပုံငွေဖြင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

တီးတိန်-ရိဒ်လမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်း ၁၀၀၊ ပြည်နယ် ရန်ပုံငွေကျပ် ၅၅ သန်း၊ စုစုပေါင်း ငွေကျပ် ၁၅၅ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်း ၄ ဖာလုံ၊ မြေကာနံရံနှင့်တွဲလျက် သံကူကွန်ကရစ် ရေထုတ်ပြွန်တစ်စင်း၊ ကျောက်လမ်းပြုပြင်ခြင်း ၆ မိုင်နှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ



**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်သက်ဦး ဆွေးနွေးစဉ်။**
(သတင်းစဉ်)

တင်သွင်းထားသည့် **"ရခိုင်ပြည်နယ်၌ ရခိုင်လူမျိုးများ နေပျော်လာအောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အခြေအနေအရပ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကျော်သက်ဦး**က ဒေသတစ်ခု၊ မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ စီးပွားကုန်သွယ်မှု လုပ်ငန်းများနှင့် အဓိကကျသည့် လျှပ်စစ်မီးရရှိရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိမှုနှင့် ပညာရည်မြင့်မားရေးနှင့်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုတို့ရှိရန် လိုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မည်မျှပင်ဒေသဖွံ့ဖြိုးသည်ဖြစ်စေ၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများသည်ဖြစ်စေ၊ တည်ငြိမ်အေးချမ်းမှုမရှိပါက ဒေသခံပြည်သူများ၊ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် တိုင်းရင်းသားများသည် စိတ်အေးချမ်းမှုမရှိဘဲ စိတ်တထင့်ထင့် ရင်တမမ ရှိနေကြပါကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘဝလုံခြုံမှုရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပါက မိမိတို့ဒေသတွင် ပျော်ရွှင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်**က မိမိတို့၏ အမျိုးသားပြည်နယ်များသည် ဖန်တီးခွင့် အတိုင်းအတာတစ်ခုအထိ ရရှိရန်လိုအပ်ပါကြောင်း၊ စီးပွားရေးကိုလည်း လွတ်လပ်ခွင့်ရှိအောင် ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ ကျောက်တော်မှ စက်မှုဇုန်ပြုလုပ်မည့် ပုဏ္ဏားကျွန်း-စစ်တွေကြား လွင်ပြင်ကိုသာ ကစ္စပနဒီမြစ်ဝဖြတ်မည့် တံတားကြီးတစ်စင်း တည်ဆောက်ပေးနိုင်မည်ဆိုပါက ပြည်မက ထွက်ရှိလာမည့် ဆီထွက်သီးနှံများအားလုံးအား စစ်တွေဆိပ်ကမ်း အားသာချက်ကိုအသုံးပြု၍ ပြည်ပနိုင်ငံများသို့ ကုန်စည်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သဖြင့် ပြည်မနှင့် ရခိုင်ပြည်သူလူထုအကျိုးရှိနိုင်သည့်အတွက် ၎င်းတံတားအား



**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင် ဆွေးနွေးစဉ်။**
(သတင်းစဉ်)

တည်ဆောက်ပေးသင့်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းသည့် ပတ်ဝန်းကျင်တစ်ခုဖြစ်ရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိပါက ရှေ့ဆက်သွားမည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်ပါကြောင်း၊ ဆွေးနွေးညှိနှိုင်းပြီးမှ ရှေ့ဆက်သွားရမည့် လမ်းကြောင်း အားလုံးကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ အကောင်အထည်ဖော် ဆောင်ရွက်မှုသာမက ရခိုင်ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု အားနှင့်ပါ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ၂၁ ရက်တွင် ပြန်လည်ဖြေရှင်းဆွေးနွေးနိုင်သည့်အတွက် ၂၁ ရက် စောင့်ဆိုင်းပြီးမှ အဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း (Debate) ပြုလုပ်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော် အမျိုးသားလွှတ်တော် အဆောက်အအုံ စုပေါင်းခန်းမ၌ယနေ့ မွန်းလွဲပိုင်းက အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို **"မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ဆန်းစစ်ချက်"** စာတမ်းခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဦးလွင်က အမှာစကားပြောကြားကာ စာတမ်းရှင် စာရေးဆရာ ဒေါက်တာချစ်စံ (ချစ်စံဝင်း) က အပြန်အလှန်ဆွေးနွေးခြင်း(Debate) နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးဆလိုင်းခွဲယန်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးလင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုတို့က **"မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးဆန်းစစ်ချက်"** ခေါင်းစဉ်နှင့် ပတ်သက်၍ သိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





နိုင်ငံတော် သမ္မတဦးသိန်းစိန် မဟာစိနပဘာရွှေတိဂုံပုံတူစေတီတော်အထွတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်များ၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူပေးစဉ်။ (သတင်းစဉ်)

## ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ပါဝင်ဆောင်ရွက်တတ်ရမည် ဖြစ်သည်။ အထူးသဖြင့် ယခုလို မိဘမေတ္တာငတ်မွတ်နေသည့် မိဘမဲ့ကလေးများအား လှူဒါန်းကျွေးမွေးရုံသာမက ကလေးများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးမှုအနေဖြင့် ကစားကွင်းများသို့ အတူသွားရောက်ဆော့ကစားပေးခြင်းသည် Miss များတွင် ရှိသင့် ရှိထိုက်သည့် ကရုဏာ၊ မေတ္တာ၊ အကြင်နာ ဖြူစင်သည့် စိတ်နှလုံးသားကို ဖော်ညွှန်းရာရောက်ကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်မတို့ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနကို အခုလို Miss Myanmar Universe (2014 ) အလှမယ်အဖွဲ့အနေနဲ့ လာရောက်လှူဒါန်းပေးတဲ့အပြင် ကလေးတွေနဲ့လည်း ပြည်သူ့ရင်ပြင်မှာ အခုလို လည်ပတ်ကစားပြီး သူတို့လေးတွေရဲ့ ညှိုးငယ်နေတဲ့စိတ်ကို မြှင့်တင်ပေးရာရောက်တဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်မတို့အနေနဲ့ သူတို့လေးတွေရဲ့တစ်နေ့တာ စားဝတ်နေရေးကအစ ကျောင်းပညာရေးတွေကိုပါ နေ့စဉ်လုပ်ဆောင်ပေးနေရတော့ အပြင်မှာ အလည်အပတ်ဆော့ကစားဖို့ကို အလှူရှင်တွေခေါ်မှသာ အခုလိုရံဖန်ရံခါ ထွက်ရတာပါ။ တစ်ခါတစ်ခါဆိုတော့လည်း အများကြီး မထည့်ဖြစ်ပါဘူး။ အလှည့်ကျအနေနဲ့စေလွှတ်ဖြစ်တာများပါတယ်။ ဒီမှာတော့ ကလေး ၁၀၀ အထိထားနိုင်ပေမယ့် ကျား ၂၉ ဦးနဲ့ မ ၂၉ ဦး စုစုပေါင်း ၅၈ ဦးပဲ ရှိပါတယ်။ အားလုံးအတွက် နေ့စဉ်နိုင်ငံတော်က ကူညီထောက်ပံ့ပေးတဲ့အပြင် အလှူရှင်တွေက အလှည့်ကျ လာရောက်လှူဒါန်းတာနဲ့ အဆင်ပြေပါတယ်" ဟု ရွှေဂုံတိုင် ကလေးပြုစုရေးဌာနမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာအေးက ပြောကြားသည်။

Miss Myanmar Universe (2014 ) အလှမယ်အဖွဲ့သည် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ ကလေးများစားသောက်နေထိုင်ရေးအတွက် Crystal tomato ၏ ကူညီထောက်ပံ့မှုဖြင့် အမေရိကန်ဒေါ်လာ ၅၀၀ လှူဒါန်းပေးခဲ့ပြီး ကလေးများနှင့်လည်း ပြည်သူ့ရင်ပြင်ရှိ Happy World သို့ အတူသွားရောက် လည်ပတ်ဆော့ကစားခဲ့ကြသည်။ ထို့နောက် Miss Myanmar Universe(2014 ) အလှမယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန် ပျဉ်းမပင်စက်မှုဇုန်ရှိ Myanmar Posco Steel စက်ရုံသို့ သွားရောက်လေ့လာခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့် ဇွန် ၂၂ ရက်မှ ၂၈ ရက် အထိ တစ်ပတ်ကြာ မြန်မာနိုင်ငံ အထက်ပိုင်း ပြင်ဦးလွင်နှင့် ပုဂံညောင်ဦးမြို့များသို့ သွားရောက် လေ့လာလည်ပတ်မှုများပြုလုပ်ခဲ့ပြီး လာမည့် ဇူလိုင် ၄ ရက်တွင်လည်း ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေတွင် Miss Myanmar - Thailand Friendship Universe ( 2014) ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



နိုင်ငံတော် သမ္မတ ဦး သိန်း စိန် မဟာစိနပဘာ ရွှေတိဂုံ ပုံတူ စေ တီ တော် အထွတ်တွင် တင်လှူပူဇော် မည့် ရတနာ စိန်ဖူးတော်နှင့် ငှက်မြတ်နား တော် တို့ကို မင်္ဂလာရေစင် ပက်ဖျန်း ပေး စဉ်။
(သတင်းစဉ်)

နှစ်နိုင်ငံမှ ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

တရုတ်-မြန်မာ ချစ်ကြည်ရေး သမိုင်းကြောင်းတွင် အကြီးမားဆုံးသော ဓမ္မလက်ဆောင်ဖြစ်သည့် မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော်အား ၂၀၁၂ ခုနှစ် ဧပြီ ၁၀ ရက်တွင် မြင်းဖြူကျောင်းတော် ပရိဝုဏ်အတွင်းရှိ မြေ ၁ ဒသမ ၇၃ ဧကပေါ်တွင် စတင်တည်ထားခဲ့ခြင်းဖြစ်သည်။

စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၁၀၈ ပေရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များက စုပေါင်းတည်ထားခဲ့ကြသည်။

အဆိုပါစေတီတော်အား စေတနာထက်သန်သည့် နှစ်နိုင်ငံအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ထားတော်မူခြင်းဖြစ်သည်။ မဟာစိနပဘာ ရွှေတိဂုံပုံတူစေတီတော်ပရိဝုဏ်ပတ်လည် အုတ်တံတိုင်းအား နန်းမြို့ရိုးပုံဖော်ထားသည့် မုခ်ဦးလေးခုနှင့် နဂါးရုံဘုရား၊ ကျိုက်ထီးရိုးစေတီပုံတူများတည်ထားပြီး မြန်မာမှုလက်ရာ သာသနိက အဆောက်အအုံများကိုလည်း တည်ဆောက်ထားကြောင်း သိရှိရသည်။

မြင်းဖြူ ဘုရားကျောင်းသည် တရုတ်နိုင်ငံ၏ ပထမဆုံး ဗုဒ္ဓဘာသာဘုရားကျောင်းဖြစ်ပြီး အေဒီ(၆၈)ခုနှစ် မင်ဧကရာဇ်လက်ထက် လော့ယန်မြို့၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ကိုင်နှင့် ချင်းပုဂ္ဂိုလ်နှစ်ဦးက ယခုအာဖဂန်နစ္စတန်နိုင်ငံဖြစ်သည့်ဒေသသို့ ရောက်ရှိကာ ယင်းအရပ်တွင် ဗုဒ္ဓတရားတော်များ ဟောကြားလျက်ရှိသော အိန္ဒိယ ရဟန်းတော်နှစ်ပါးနှင့် တွေ့ဆုံခဲ့ပြီး အေဒီ (၆၇)ခုနှစ်တွင် အဆိုပါရဟန်းတော်နှစ်ပါးအား ပင့်ဖိတ်၍ မြင်းဖြူပေါ်တွင် ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ဗုဒ္ဓစာပေများနှင့် စကြာမုနိရုပ်ပွားတော်တို့ကို လော့ယန်မြို့သို့ ပင့်ဆောင်ခဲ့သည်။

တရုတ် ဧကရာဇ်မင်းကြီးက အဆိုပါ အာဂန္တုရဟန်းတော်များကို နောင်တွင် မြင်းဖြူကျောင်းတော်ဟု ခေါ်တွင်မည့် ဘုရားကျောင်းတွင် တည်းခိုနေထိုင်စေခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်များအား ပင့်ဆောင်ခဲ့သည့် မြင်းဖြူကို ဂုဏ်ပြု၍ မြင်းဖြူကျောင်းတော်ဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

မြင်းဖြူ ကျောင်းတော်တွင် အဓိကခန်းမအဆောက်အအုံကို မင်အင်ပါယာ (၁၃၆၈ မှ ၁၆၄၄)ကာလနှင့် ချင်အင်ပါယာ(၁၆၄၄ မှ ၁၉၁၂) ကာလတွင် တည်ဆောက်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်နှင့် ၁၉၇၃ ခုနှစ်တို့တွင် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘုရားကျောင်းတွင် ရင်ပြင်ငယ်များ၊ ဥယျာဉ်များပါဝင်ပြီး အကျယ်အဝန်း ၁၃ ဟက်တာ (၃၂ ဧက)ရှိပြီး ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဗုဒ္ဓဘာသာ အဆောက်အအုံပုံတူများကိုလည်း တည်ဆောက်ထားသည်။ **(သတင်းစဉ်)**

## နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ယိုဟီဆာဆာကာဝါသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အနာဂတ် အထောက်အထားများ၊ ထပ်မံတိုးချဲ့ ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြင့်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

နိပွန်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် အစိုးရအဖွဲ့များ၊ ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်တို့နှင့်ပူးပေါင်း၍ စီမံကိန်းလုပ်ငန်း ၃၅ မျိုးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ...ဝဲက မြန်မာနိုင်ငံအကြောင်း

ဘာသာပြန်
ဂျေတီ

...တ် မြန်မာ
...များ၌ တွေ့ရှိ
...းဖော်ပြထား

**...င်းအလုပ်**
**...ို့ နှစ်စဉ်**
**...ါးဝင်**

...ဝုတ် ဂျာမနီ
...တစ်စောင်ဖြစ်
...Allgemeine
...င်းပါးတစ်ပုဒ်
...ကမ္ဘောဒီးယား
...ား နှစ်သိန်း
...လိုက် ထွက်ခွာ
...ရးသားဖော်ပြ
...င်းပါးထဲတွင်
...ားနှင့်လာအို
...းနိမ့်ပါးသည့်
...် ထိုင်းနိုင်ငံ
... ကျောရိုး
...း၊ ဖော်ပြပါ
... ရွှေ့ပြောင်း
... ထိုင်း
... ခုနှစ်သိန်း
...က်လျက်ရှိကြ
...းဖော်ပြထား

**တရုတ်ကုမ္ပဏီများ ဖွံ့ဖြိုးပြီး နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု ဈေးကွက်ရယူရန် ကြိုးစားနေ**

ဇွန်လ ၂၅ ရက်ထုတ် ယူကေအခြေစိုက် Financial Times သတင်းစာက ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများအနေဖြင့် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုရှိ စီးပွားရေးပြန်လည်ဦးမော့လာခြင်းအပေါ် ရေရှည်မျှော်မှန်းချက်ထားရှိနေကြပြီဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဝင်ရောက်လာမည့်ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ တန့်သွားဖွယ်ရှိကြောင်းကို ကုလသမဂ္ဂ စီးပွားရေးပညာရှင်များက ဇွန်လ ၂၄ ရက်က ဟောကိန်းထုတ်ထားခဲ့ကြောင်း၊ ထို့အပြင် ယခုနှစ်အတွင်း တရုတ်ပြည်အတွင်း ဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းသွားဖွယ်ရှိသဖြင့် တရုတ်ကုမ္ပဏီများကဖွံ့ဖြိုးပြီး နိုင်ငံများရှိ ရင်းနှီးမြှုပ်နှံမှု ဈေးကွက်ကို ရယူရန် ကြိုးစားနေသည့်အပြင် ဈေးနှုန်းချိုသာပြီး ကုန်သွယ်မှုတွင် အသာစီးရနိုင်သည့် ကမ္ဘောဒီးယား၊ မြန်မာနှင့် အာဖရိကတို့ကဲ့သို့သော နိုင်ငံများ၌ ကုန်ထုတ်လုပ်မှုများပြုလုပ်ရန် လုပ်ဆောင်လာကြလျက်ရှိကြောင်း ဖြင့် ရေးသားဖော်ပြသည်။

**မြန်မာနိုင်ငံရှိ ရေနံမြေလုပ်ကွက် ၃၆ ကွက် ဝယ်ယူရေး လက်မှတ်ရေးထိုးရန်ပြင်ဆင်**

ဇွန်လ ၂၇ ရက်ထုတ် ယူကေ Financial Times သတင်းစာက နိုင်ငံတကာ အသိုက်အဝန်းထဲသို့ လျင်မြန်စွာ ဝင်ရောက်လာသော မြန်မာနိုင်ငံသည် ၎င်း၏ကမ်းခြေနှင့်ကမ်းလွန်ဒေသရှိ ရေနံမြေလုပ်ကွက်များစွာကို လေလံစနစ်ဖြင့် ကမ်းလှမ်းခဲ့ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိလာသော ယင်းကမ်းလှမ်းချက်အရ ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများသည် မြန်မာနိုင်ငံရှိရေနံမြေလုပ်ကွက် ၃၆ ကွက် ဝယ်ယူရေးအတွက် လက်မှတ်ရေးထိုးရန် ပြင်ဆင်လျက်ရှိကြကြောင်း၊ အဆိုပါ ရေနံမြေများဝယ်ယူရေးအတွက် ယမန်နှစ် အောက်တိုဘာလနှင့် မတ်လက ကြေညာခြင်းခံရသည့် လတ်တလော ကန်ထရိုက်ရရှိသော ကုမ္ပဏီများမှာ Chevron, Royal Dutch Shell, Reliance Industries နှင့် Petronas တို့ဖြစ်ကြောင်း စသည်ဖြင့်ရေးသား ဖော်ပြထားသည်။

❊ *ရှေ့ဖုံးမှ*

အစည်းအဝေးနှင့် လေကြောင်းပြပွဲတွင် အမေရိကန်မှ လေယာဉ်သစ် ၁၀ စင်း ငှားရမ်းအသုံးပြုရေးဆိုင်ရာ နားလည်မှု စာချွန်လွှာတစ်ရပ်ကို နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် အကောင်အထည်ဖော်ရန် ဆွေးနွေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

GECAS က ငှားရမ်းအသုံးပြုမည့် လေယာဉ်သစ်များတွင် ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်အသစ်ခြောက်စင်းနှင့် ၇၃၇- ၈ Max လေယာဉ်အသစ်လေးစင်းတို့ ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လေယာဉ်သစ်များကို လာမည့် ၂၀၁၅ ခုနှစ် ဇွန်လမှ စတင်ကာ တစ်နှစ်လျှင် လေယာဉ်အသစ်နှစ်စင်းနှုန်းဖြင့် လာမည့် ၂၀၂၀ ပြည့်နှစ်တွင် လေယာဉ်အသစ် ၁၀ စင်းစလုံးကို အပြီးပေးအပ်ငှားရမ်းသွားမည် ဖြစ်သည်။

လေယာဉ်သစ်များဖြင့် မြန်မာ့လေကြောင်းတွင် ခရီးစဉ်များ ပျံသန်းပြေးဆွဲရာ၌ ပိုမိုအဆင့်အတန်းမြင့်မားစွာ ခရီးသည်များကို ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## ယနေ့ မိုးလေဝသ

၂-၇-၂၀၁၄

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေအားကောင်းမည်။

## (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး(AMM)နှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့်မီဒီယာများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၁**

(၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး (47th ASEAN Foreing Ministers Meeting-AMM)နှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www. asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 47th ASEAN Foreign Ministers Meeting (AMM)ကို နှိပ်၍ Registration Link ကို နှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး GO ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို ဇူလိုင် ၃၁ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို အစည်းအဝေး စတင်သည့် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ထုတ်ပေးမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန ဖုန်း ၀၆၇- ၄၁၂၂၃၇၊ ၀၆၇-၄၁၂၃၆၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက်နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့် ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁**

သတ္တုတွင်းဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၉နာရီခွဲက သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု ကိစ္စရပ်များကို လည်းကောင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အုပ်ချုပ်ရေးပိုင်းတွင် စွမ်းဆောင်ရည် တိုးမြှင့်ခြင်းကိစ္စရပ်များကိုလည်းကောင်း၊ အမှတ်(၁)သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်မှု ကိစ္စရပ်များကို လည်းကောင်း၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စိတ်ဓာတ်နှင့်အမူအကျင့်အသစ်များ ထူထောင်ရေးကိစ္စရပ်များကို လည်းကောင်း၊ အမှတ်(၃)သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်မှုရရှိစေရန် ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ခေါင်းဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက နောက်လိုက်ငယ်သားများနှင့် ပတ်သက်၍ လိုက်နာကျင့်သုံးရမည့် ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာက ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ကြီးရုံး အပါအဝင် လုပ်ငန်းဦးစီးဌာနကိုးခုမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း အမှုထမ်း ဝန်ထမ်းအင်အားစုစုပေါင်း ၄၁၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်ရေး ဟောပြော

**စစ်ကိုင်း ဇူလိုင် ၁**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် သင်တန်းသားသင်တန်းသူများ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေး ဟောပြောရှင်းလင်းပွဲကို ဇွန် ၂၈ရက် နံနက် ၇နာရီက ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဒေါက်တာချိုချိုမာက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားအဆောင်မှူးဦးမြဆောင်(ကထိက)နှင့် သင်တန်းသူအဆောင်မှူးများဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်မြင့် (ဒုတိယပါမောက္ခ)၊ ဒေါ်သီသီခိုင် (ကထိက)တို့က သင်တန်းသားသင်တန်းသူများ စိတ်ဓာတ်ကောင်းမွန်ရေးနှင့် လိုက်နာရမည့်စည်းကမ်းများကို ဟောပြောဆွေးနွေးကြသည်။ ထို့နောက် ဌာနကြီးမှူး(သင်တန်းရေးရာ) ဦးသိန်းတင့်နှင့် ဦးခင်မောင်ဝင်း(ကျွမ်းကျင်သူ)တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## အိန္ဒိယ အရှေ့မြောက်ဒေသတွင် အသားငါးဈေးကွက်ရှာဖွေနိုင်ရေး လိုအပ်



**တမူး ဇူလိုင် ၁**

အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသအတွင်း ပင်လယ်ငါးနှင့်ဝက်သား စားသုံးသူမြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ဝယ်လိုအား လိုအပ်ချက်မှာ မကြာမီ အဆတိုးလာနိုင်ဖွယ်ရှိကြောင်း ဒေသခံသတင်းဌာနများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်း နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ပင်လယ်ငါးနှင့်ဝက် (အရှင်)များ တင်သွင်းရန် မဏိပူရအခြေစိုက် အိန္ဒိယ-မြန်မာခင်မင်ရင်းနှီးမှုဆိုင်ရာ ပူးပေါင်းအဖွဲ့ (Indo-Myanmar Fraternal Alliance)မှ ကမ်းလှမ်းထားကြောင်း သိရသည်။

အိမ်နီးချင်းနိုင်ငံ၏ ငါး၊ ဝက်သား စားသုံးသူ မြင့်တက်နေမှုနှင့် လိုအပ်ချက် မြင့်မားလာမှုအပေါ် အထူးသဖြင့် အထက်မြန်မာပြည်ရှိ ရေထွက်ပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ပို့ကုန်တိုးချဲ့မှုအတွက် အခွင့်အလမ်းများစွာရှိကြောင်း ကလေးဒေသရှိ ဝက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ပြည်တွင်း သားငါးဈေးကွက်တိုးချဲ့ရေးနှင့် ပတ်သက်၍ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်အေးက ကလေး၊ တမူးနယ်စပ်ဒေသများရှိ ကုန်သည်ကြီးများအား ဇွန် ၂၄ ရက်က တွေ့ဆုံခဲ့ပြီး ၎င်းတို့ဒေသထွက် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ ဈေးကွက်ရရှိရေးကြိုးပမ်းရန်နှင့် တစ်ဖက်နိုင်ငံ အိန္ဒိယအရှေ့မြောက်ဒေသသို့ တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဝန်ကြီး၏ ပြောကြားချက်အရ ကဘော်ဒေသအတွင်းသားငါး မွေးမြူရေးလုပ်ငန်းများကို ဈေးကွက် လိုအပ်ချက်အပေါ်မူတည်၍ စီမံချက်ချမှတ်ဆောင်ရွက်ပြီး အရည်အသွေးမီ စီးပွားဖြစ်ထုတ်လုပ်၍ တစ်ဖက်နိုင်ငံသို့ ဈေးကွက်ရှာဖွေနိုင်ရေး အစုအဖွဲ့များဖြင့် စနစ်တကျစုဖွဲ့လုပ်ကိုင်ကြရန်နှင့် နိုင်ငံတော်အစိုးရနှင့်ဝန်ကြီးဌာနက လိုအပ်သည်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် ကဘော်ဒေသ ရေထွက်ကုန်များကို အိန္ဒိယအရှေ့မြောက်ဒေသ မဏိပူရပြည်နယ်သို့ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် နေ့စဉ်တင်ပို့နိုင်သော်လည်း ငါးစိမ်းတင်ပို့မှု အနည်းငယ်သာ ရှိသေးကြောင်း ကဘော်ဒေသ ဘုတ်ကန်ရွာရှိ ငါးဖမ်းလုပ်ငန်းရှင်ထံမှ သိရသည်။ ဝက်(အရှင်) ကုန်သွယ်မှု အနေဖြင့် ယခုလက်ရှိတွင် ချင်းပြည်နယ် ရိဒ်နယ်စပ်စခန်းမှတစ်ဆင့် တစ်ဖက်နိုင်ငံ မီဇိုရမ်ပြည်နယ်သို့ တင်ပို့မှုရှိသော်လည်း မိုရေး-တမူး နယ်စပ်ကုန်သွယ်ရေးစခန်းတွင် တရားဝင် ဝက်ကုန်သွယ်မှုများမရှိသေးကြောင်း သိရသည်။

ယခုလက်ရှိတွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသများက အိန္ဒိယနိုင်ငံArunachal Pradesh ပြည်နယ်ရှိ ဝက်များကိုသာ အဓိကတင်သွင်းလေ့ရှိပြီး နေ့စဉ်ဝက်အကောင်ရေ ၈၀၀၀ နီးပါး အဆိုပါဈေးကွက်အတွင်းသုံးစွဲမှုများရှိကြောင်း နာဂါပြည်နယ် အခြေစိုက်သတင်းဌာနတစ်ခုက ဖော်ပြထားသည်။

ထို့အပြင် သားငါးစားသုံးသူမြင့်တက်လာမှုကြောင့် ဝယ်လိုအားမလုံလောက်မှုများ ရင်ဆိုင်လာနိုင်သည့်အပြင် တင်သွင်းလာသော ငါးစိမ်းအများစုက လတ်ဆတ်မှုမရှိသည့်အတွက် ၎င်းဈေးကွက်တွင် ဆွဲဆောင်မှု အားနည်းနေကြောင်း ဒေသခံသားငါးဈေးကွက် လုပ်ငန်းရှင်က ပြောဆိုသည်။

မြန်မာနိုင်ငံထွက် တိရစ္ဆာန်ကုန်ပစ္စည်း တင်ပို့မှုပမာဏအနေဖြင့် ယခင်ဘဏ္ဍာနှစ် ပထမ ၆ လကာလတွင် အမေရိကန် ဒေါ်လာ ၃၂ သန်းကျော်ဖိုးတင်ပို့နိုင်ပြီး ယခုဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ငါးသန်းကျော်သာ တင်ပို့ထားနိုင်သေးကြောင်း၊ ယခင်နှစ် ကာလတူတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက များစွာလျော့နည်းခဲ့ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ရေထွက်ပို့ကုန်များကို နိုင်ငံပေါင်း ၃၃ နိုင်ငံက ဝယ်ယူလျက်ရှိပြီး ယခင်ဘဏ္ဍာနှစ် ၂၀၁၂-၂၀၁၃ ပထမခြောက်လတွင် အမေရိကန်ဒေါ်လာ ၃၈၄ သန်းကျော်ဖိုး ပြည်ပသို့တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်၂၀၁၃-၂၀၁၄ ပထမခြောက်လပတ်တွင် ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၇၅ သန်းကျော်ဖိုးသာ တင်ပို့နိုင်သေးကြောင်း တွေ့ရသည်။

ပြည်တွင်းမွေးမြူရေး ငါး၊ ဝက်ပေါများသော ဒေသအများစုသည် ကျေးလက်ဒေသများ ဖြစ်သည့်အတွက် ကျေးလက်ဒေသများရှိ ပြည်သူများ အလုပ်အကိုင်များ ရရှိလာပြီးမွေးမြူရေးကဏ္ဍမှ ဆင်းရဲမှုလျှော့ချရေးကို တစ်စိတ်တစ်ပိုင်း အထောက်အကူပြုရာရောက်မည်ဟု နယ်စပ်ကုန်သည် အများစုက ယူဆကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**CL ထန်းငါ**



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ကလေး၊ တမူး၊ မော်လိုက်ခရိုင်အတွင်း စိုက်ပျိုးမြေများကို ပိုင်ရှင်များသို့ လွှဲပြောင်း

**ကလေး ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ တမူး၊ မော်လိုက်ခရိုင်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများနှင့် တပ်မတော်၊ တပ်ရင်း/တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းရာတွင် အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းထားသော စိုက်ပျိုးမြေယာမြေများကို မူလပိုင်ရှင်များထံ ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့် တမူးခရိုင်အတွင်းရှိ တပ်မတော်မှ ဒုတိယအကြိမ် ပြန်လည်စွန့်လွှတ်သော စိုက်ပျိုးမြေ (၁၅၅၉ ဒသမ ၈၇) ဧကကို တောင်သူပေါင်း ၃၂၇ ဦးသို့ လည်းကောင်း၊ တမူးခရိုင်အတွင်းရှိ အကျဉ်းဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်စိုက်ပျိုးမြေ (၂၉ ဒသမ ၆၁) ဧကကို တောင်သူပေါင်း ၆ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)ကို ပေးအပ်သွားကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ကလေး)မှ ဗိုလ်မှူးချုပ် အောင်သူဦးနှင့်တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးစောမြင့်ဦး၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ကလေး၊ တမူး၊ မော်လိုက်ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းစိုး**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၇-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၅၈၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၇ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၄၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၈၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၄၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၁၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၇၅၀၀-၁၃၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၅၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၉၀၀၀-၁၅၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၈၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၅-၉၈၂ |
| ဥရောပ | တစ်ယူရို | ၁၃၃၅-၁၃၄၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅ |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည့်ယာအသစ်) | တစ်အိတ် | ၁၇၄၀၀ |
| ပေါ်ကြွဲ (အသစ်) | တစ်အိတ် | ၂၁၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၆၅၀၀-၃၀၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၂၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၈၀ |
| ဆိပ်ဖြူကြက်သွန်ဖြူ | တစ်ပိဿာ | ၃၂၅-၅၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၆၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၁၅၀-၁၂၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၄၂၀-၆၁၀ |
| ရေတ်ရှည် (ညောင်ရမ်း) | တစ်ပိဿာ | ၂၄၀၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၂၀၀-၄၄၀၀ |
| သကြား | တစ်ပိဿာ | ၉၂၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့စုတင်ပြသည်။

# တစ်ပတ်အတွင်း ပဲဈေးနှုန်းများ မြင့်တက်လာ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ ပဲစင်းငုံနီဈေးနှုန်းများ ဈေးတက်မှု ဆက်တိုက်ရှိရာ တစ်ပတ်အတွင်း မတ်ပဲ RC တစ်တန် ငွေကျပ်၅၀၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၆၁၅၀၀ ကျပ် ဈေးမြင့်တက်လာသည်ဟု ပဲကုန်သည်များက ဆိုသည်။

ဇွန် ၃၀ရက်တွင်မတ်ပဲ RCတစ်တန် ၇၈၄၀၀၀နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ၆၅၃၀၀၀ နှုန်း၊ ပြည်ပပို့ ပဲဈေးနှုန်း မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၈၂၀-၈၅၀၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၆၈၀-၇၁၀ နှုန်း ရှိလာကြောင်း၊ ဇွန် ၂၃ ရက်တွင် မတ်ပဲ RCတစ်တန် ငွေကျပ် ၇၃၄၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၉၁၅၀၀ နှုန်း၊ မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၇၈၀-၈၁၀၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၆၁၀- ၆၆၀ နှုန်းသာ ရှိခဲ့ကြောင်း နေ့စဉ်ကုန်စည်ဒိုင်ဈေးနှုန်းများမှ သိရသည်။

ဇွန် ၂၃ ရက်မှ ၂၅ ရက်အတွင်း မတ်ပဲ RCတစ်တန်လျှင် ပျမ်းမျှ ငွေကျပ်၇၄၀၀၀၀ ဝန်းကျင်သာရှိရာ ယင်းသုံးရက်အတွင်း မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၁၀၀အရောင်းအဝယ်ဖြစ်ခဲ့ရာ ကုန်သေတ္တာတစ်လုံးလျှင် အမြတ်ငွေ ဆယ်သိန်းဝန်းကျင် ရရှိသည်ဟု မတ်ပဲအရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ဆိုသည်။

ယခုနှစ်အတွင်း မေ ၁၅ ရက်တွင် မတ်ပဲ RCတစ်တန် ကျပ်ရှစ်သိန်း၊ ပြည်ပပို့မတ်ပဲ FAQတစ်တန်ဒေါ်လာ ၈၄၀- ၈၇၀ နှုန်း၊ ဧပြီ ၃ ရက်တွင် ပဲစင်းငုံနီ RCတစ်တန် ငွေကျပ် ၆၅၉၀၀၀ နှုန်း၊ ပြည်ပပို့ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၇၁၀-၇၄၀ နှုန်းဖြင့် အမြင့်ဆုံးသို့ ရောက်ခဲ့ကြောင်း၊ ယခင်နှစ် ၂၀၁၃ ဇွန်လကုန်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၅၁၂၀၀၀နှုန်း၊ ပဲစင်းငုံနီ RCတစ်တန် ငွေကျပ် ၆၁၀၀၀၀ နှုန်း၊ ၂၀၁၂ ဇွန်လကုန်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၅၀၀၀၀ ၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၃၅၀၀၀ နှုန်း ရှိခဲ့ရာ ယခုနှစ် ဇွန်လကုန် မတ်ပဲ RCနှင့် ပဲစင်းငုံနီ RCဈေးနှုန်းမှာ သုံးနှစ်အတွင်း ကာလတူတွင် ဈေးအမြင့်ဆုံးဖြစ်သည်ဟု သိရသည်။ **ခင်ဆိုင်**

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

# လယ်ဝေးမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

**လယ်ဝေး ဇူလိုင် ၁**

လယ်ဝေးမြို့နယ် ညိုပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ မြို့နယ်ကျန်းမာရေးမှူး(ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး) ဒေါက်တာစုစုထွန်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်အေးတို့က ညိုပင်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆက်လက်၍ ညိုပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝက္ကမူကျေးရွာ အထက(ခွဲ)ရှိ ကျောင်းသားကျောင်းသူ ၄၃ ဦး အတွက် ငွေကျပ် ၁၉၃၅၀၀၀ တန်ဖိုးရှိ မေးခွန်းဟောင်း ၈၆ အုပ်ကို ပေးအပ်လှူဒါန်းခဲ့သည်။ ယခုဖွင့်လှစ်သည့် ညိုပင်ကျေးရွာကျန်းမာရေးဌာနခွဲကို ကျေးရွာပြည်သူများ၏ လှူဒါန်းငွေ ၄၆၆၇၀၀၀ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်မျိုးနိုင်**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများအတွက် Computer & Computer Accessories,Printer, Scanner,Fax,Copier,Projector,Tablet,Video Conferencing နှင့် Server Computer System ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများအတွက် Pump,Compressor,Motor,Transformer, လက်နှိပ်စက်၊ inverter ၊ ရေသန့်စက် Water Cooler,Air Con,Refrigerator,Fan, Generator, Laminating Machine, Drilling Machine, Milling Lathe,Cutter,Shredder,Binder, Calculator,Camera,Lawn Mower, Television နှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)၊ လှိုင်လင်မြို့ အမှတ်စဉ်(၃/၂၀၁၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၉)က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ပမာဏ | မှတ်ချက် |
|---|---|---|---|
| ၁။ | သံချောင်းလုံး(ရွယ်စုံ) | ၂၂၂ တန် | |
| ၂။ | ဘိလပ်မြေ | ၇၉၀ တန် | |
| ၃။ | မြစ်သဲ | ၄၂၃ ကျင်း | |
| ၄။ | ကျောက် (Chipping) | ၇၃၆ ကျင်း | |
| ၅။ | တောသစ်(ခွဲသား)ရွယ်စုံ | ၃၅၄ တန် | |
| ၆။ | 2mm thick M.S pipe 75 mm Ø | ၇၅၆ မီတာ | |
| ၇။ | 6mm thick M.S.H.Beam 100mm x 100mm | ၁၇၂ မီတာ | |

**တင်ဒါပုံစံရောင်းချမည့်နေရာနှင့်** - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၀၀နာရီ

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်သတင်းအချက်အလက်များကို အသေးစိတ်သိလိုပါက ဖုန်း-၀၈၄-၂၃၁၇၀၊ ၀၉-၄၄၈၀၂၃၉၆၆တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဂ၊ မြေကွက်အမှတ် ၃၀၉ ⅔၊ ဧရိယာ စတုရန်းပေ ၁၂၀၀၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၃၀၉/ခ၊ နီလာ ၅ လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးဖေကြည် ၁၂/ဥကမ(နိုင်)၀၁၂၄၄၄ နှင့် ဒေါ်ခင်ခင်လေး ၁၂/ဥကမ(နိုင်)၀၀၆၀၅၄တို့ ပူးတွဲအမည်ပေါက်လျက်ရှိပြီး ၄င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးလှိုင်မြင့်ဦး ၁၂/မရက(နိုင်)၀၈၂၁၇၈မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** အထက်တန်းရှေ့နေ(စဉ်-၃၂၃၃၅)

**ဦးသန့်ဇော်** တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အဆင့်မြင့်မော်တော်ယာဉ်များ ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းသင်တန်း အပတ်စဉ်(၂/၂၀၁၄)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ အဆင့်မြင့်မော်တော်ယာဉ်များအား ချွတ်ယွင်းချက်ရှာဖွေစစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်း သင်တန်းအပတ်စဉ်(၂/၂၀၁၄)ကို ၂၀၁၄ခုနှစ်၊ ဇူလိုင်လတွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ သုံးလဖြစ်ပြီး သင်တန်းသားတစ်ဦးလျှင် သင်တန်းကြေး တစ်လ ၇၀၀၀၀ိ/-နှုန်းဖြင့် စုစုပေါင်း ကျပ် ၂၁၀၀၀၀ိ/-ပေးသွင်းရပါမည်။ သင်တန်းပြီးဆုံးပြီး အောင်မြင်ပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Automobile Technical Division မှ ကျွမ်းကျင်ယာဉ်ပြင်ပညာသည် လက်မှတ်ကိုထုတ်ပေးမည်ဖြစ်ပါသည်။ သင်တန်းသားဦးရေကို ကန့်သတ်ထားပါသည်။ လျှောက်ထားသူသည် ပညာအရည်အချင်း အခြေခံပညာအထက်တန်း အဆင့်ရှိရမည်ဖြစ်ပြီး မော်တော်ယာဉ်တစ်စီး၏ အခြေခံအစိတ်အပိုင်းများအလုပ်လုပ်ပုံကို သိရှိနားလည်ပြီးသူဖြစ်ရပါမည်။ လျှောက်ထားသူများထဲမှ လူတွေ့စနစ်ဖြင့် မော်တော်ယာဉ်အခြေခံပညာနားလည်ပြီးသူများကိုသာ ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(ကာလာ)နှစ်ပုံ၊ ပညာအရည်အချင်းသက်သေခံလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။

**(၇/၇/၂၀၁၄)ရက်တွင် လျှောက်လွှာပိတ်မည်ဖြစ်ပါသည်။**

**လျှောက်လွှာတင်ရန်**

**(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**Automobile Technical Division**
**လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၁၉၆၇၃၊ ၀၁-၅၁၉၆၇၄**

**(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း**
**ချယ်ရီဥယျာဉ်အိမ်ရာ**
**အမှတ်(၁၄/၃)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၆၁၈၃၈၆၊ ၀၉-၄၂၀၀၂၉၇၈၂**

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၄၁ တိုးချဲ့)ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက် ၃၅ - C.1 ကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ ၈-၁၀-၂၀၁၀ရက် ပြုလုပ်သော နကသ(ဦး) EC (၃၆/၂၀၁၀) အစည်းအဝေးဆုံးဖြတ်ချက်အရ ၈-၁၀-၂၀၁၀ ရက်တွင် ကျပ်သိန်း(၁၀၀)တိတိဖြင့် ရောင်းချပြီး ၈-၅-၂၀၁၂ရက်တွင် အဆိုပါအခန်းအား ဒေါ်မြမြသန်း F/GRN - ၀၁၄၁၉၈ သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အထက်ပါ တိုက် ၃၅-C.1 ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မဟာမြိုင်အိမ်ရာသာယာရေးကော်မတီသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

# ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင်နှင့်အဖွဲ့ တောင်အာဖရိကနိုင်ငံ၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေညီလာခံသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့သည် ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ တောင်အာဖရိကနိုင်ငံ Johnnesburg မြို့၌ ကျင်းပခဲ့သည့် International Conference on Access to legal Aid in Criminal Justice System (အပြည်ပြည်ဆိုင်ရာ ဥပဒေညီလာခံ)သို့တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ်က မိန့်ခွန်းပြောကြားခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဥပဒေညီလာခံကို Government of South Africa, the United Nations Development Programme , the United Nations Office of Drugs and Crime , the University of Pretoria and the University of Witwatersrand တို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ရှေ့နေချုပ်များ၊ တရားရေးဝန်ကြီးများ၊ တရားရုံးချုပ်တရားသူကြီးများ၊ ဥပဒေပါမောက္ခများ၊ နိုင်ငံတကာတွင် ထင်ရှားကျော်ကြားသော ဥပဒေပညာရှင်များ၊ ကုလသမဂ္ဂမှ အထူးအရာရှိကြီးများ၊ ပညာရေးနယ်ပယ်နှင့် လူမှုရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ စသည်ဖြင့် နိုင်ငံပေါင်း ၆၇ နိုင်ငံမှ ဥပဒေပညာရှင် ၂၅၀ တက်ရောက်ခဲ့ကြသည်။

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ညီလာခံတွင် ပြည်ထောင်စုရှေ့နေချုပ်က Legal Aid Scheme နှင့် စပ်လျဉ်း၍ နိုင်ငံအသီးသီးတွင်ရှိသည့် ပြည်တွင်းဥပဒေများကိုလည်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက စိတ်ဝင်တစားဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ်အား ဘာသာရပ် ကျွမ်းကျင်ကျင်သူတစ်ယောက်အနေဖြင့် တက်ရောက်လာသူများက ဥပဒေဆိုင်ရာမေးခွန်းများ မေးမြန်းရာ ပြည်ထောင်စုရှေ့နေချုပ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့အပြင် အခြားပညာရှင်များ ဆွေးနွေးကြစဉ် ပြည်ထောင်စုရှေ့နေချုပ်သည် အခြေခံဥပဒေဘာသာရပ်နှင့်စပ်လျဉ်းသော ဥပဒေရေးရာကိစ္စများ၊ ကမ္ဘာအရပ်ရပ်၌ကျင့်သုံးလျက်ရှိသည့် Legal Aid စနစ်များ၊ Judicare, Salaried Defense Counsel, Duty Care, Contract System and Mixed Systems စသည်တို့ကို မိမိကိုယ်တိုင်လည်း ပါဝင်ဆွေးနွေးပြီး အခြားပညာရှင်များအား မေးခွန်းများမေးမြန်းကာ အတွေ့အကြုံများ ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အတွဲ(၂) အစီရင်ခံစာ(မူကြမ်း) ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁**

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အတွဲ(၂) အစီရင်ခံစာ(မူကြမ်း) ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ (CESR) အမျိုးသားအကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဆရာကြီး ဦးသန်းဦး၊ ဒေါက်တာမောင်သိန်း၊ ဦးမြင့်ဟန်နှင့် ဒေါက်တာဝင်းအောင်၊ အမျိုးသားကျွမ်းကျင်ပညာရှင်များဖြစ်ကြသော ဒေါက်တာသက်လွင်၊ ဒေါက်တာထူးထူးအောင်၊ ဒေါက်တာနွဲ့နွဲ့ဝင်းနှင့် ဦးတင်လှိုင်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ ပါမောက္ခချုပ်များနှင့် ပညာရေးကောလိပ် ကျောင်းအုပ်ကြီးများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စက်မှုလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) အမျိုးသားအကြံပေးပုဂ္ဂိုလ် ဆရာကြီး ဦးသန်းဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ (CESR) အတွင်းရေးမှူးက ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်း (CESR) ပြည်တွင်းပညာရှင်များနှင့် ပြည်ပပညာရှင်များတို့က သုတေသနပြုလုပ်၍ ပြုစုထားသော အတွဲ(၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ(မူကြမ်း)မှ အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များကို ဆွေးနွေးတင်ပြပြီးနောက် အုပ်စုလိုက်ဆွေးနွေးခြင်း၊ ဆွေးနွေးပွဲရလဒ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အလားတူ ညှိနှိုင်းဆွေးနွေးပွဲများကို ယခုနှစ် ဇွန် ၂၄ ရက်က တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့များ၌ ကျင်းပရာတွင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၁**

လှိုင်းဘွဲ့မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အခမ်းအနားနှင့် အဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက်က လှိုင်းဘွဲ့မြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခင်စိုး (ငြိမ်း )က အမှာစကားပြောကြားပြီး တက္ကသိုလ်/ကောလိပ်အဆင့် တစ်ဦးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ၁၆ ဦး၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၁၈ ဦး၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ၄၅ ဦး၊ မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၄၁ ဦး စုစုပေါင်း ၁၂၀ အတွက် ထောက်ပံ့ငွေများကို သန်မြန်သူလုပ်ငန်းစုအသင်း(မွန်/ကရင်)က ငွေကျပ် ၂၅၀၀၀၀ လှူဒါန်းခဲ့ပြီး မြို့နယ်စစ်မှုထမ်းဟောင်းရန်ပုံငွေမှ ငွေကျပ် ၁၅၉၅၀၀၀ စုစုပေါင်း ငွေကျပ် ၁၈၄၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့**

# ကော့သောင်းမှမြိတ်သို့ ထွက်ခွာလာသော ကုန်တင်စက်လှေတစ်စင်း ကျောက်ဆောင်နှင့်တိုက်မိ၍ စက်လှေခါးကျိုးကာ နစ်မြုပ်မှုဖြစ်ပွား

**မြိတ် ဇူလိုင် ၁**

တနင်္သာရီ တိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဝဲကျွန်းကျေးရွာနှင့် ကျောက်ပုံကျွန်းအကြားတွင် ကုန်တင်စက်လှေတစ်စင်းသည် ကျောက်ဆောင်နှင့် တိုက်မိ၍ စက်လှေခါးကျိုးကာ နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် နံနက် ၁ နာရီခွဲက ကော့သောင်းမှ မြိတ်သို့ ထွက်ခွာလာသည့် အလျား ပေ ၉၀၊ အနံ ၂၄ ပေ ၊ ဇောက် ၁၅ ပေရှိ စည်သူအောင် ကုန်တင်စက်လှေသည် ပဲ့နင်း ဦးသန်းထွန်း(၅၁နှစ်) ထုံးဖိုလမ်း ကန်ဖျားရပ် မြိတ်မြို့နေသူနှင့် လှေသား ၁၁ ဦး လိုက်ပါပြီး သိုက်ရွှေပြည်ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်ဖြင့် ထိုင်းနိုင်ငံ ရနောင်းမြို့မှ တင်သွင်းလာသော ဆင်တံဆိပ် ဘိလပ်မြေ အိတ် ၂၀၀၀၊ ဓာတ်မြေသြဇာ အိတ် ၁၀၀၊ အချိုရည် ပါကင် ၅၀၀၊ ကြာဆံ ပါကင် ၃၀၀၊ မုန့်ပါကင် ၁၅၀၊ ထမင်းထည့်သည့် ဖော့ကျုတ် ကီလို ၁၅၀၊ ကြိုး ကီလို ၈၀၀၊ ပလတ်စတစ်ရေပုံး (2GL)ဝင်ပုံး ၅၀၀ ကီလို၊ Food Carrier ကီလို ၁၀၀ ရေထည့်ပုံးသုံးလုံးတို့ကို တင်ဆောင်ခုတ်မောင်းလာစဉ် ကျွန်းစုမြို့နယ် ဝဲကျွန်းကျေးရွာနှင့် ကျောက်ပုံကျွန်းအကြား အရောက် ကျောက်ဆောင်နှင့်တိုက်မိခဲ့သဖြင့် စက်လှေသည် ခါးကျိုးကာ နစ်မြုပ်သွားခဲ့သည်။

စက်လှေ နစ်မြုပ်ရာနေရာသို့ အနီးပတ်ဝန်းကျင်ရှိ ရွာများမှ ဒေသခံ ငါးဖမ်းရေလုပ်သားများက လှေငယ်များဖြင့် ပဲ့နင်းကြီး ဦးသန်းထွန်းနှင့် ပဲ့နင်းငယ် ဦးသိန်းဇော် (၃၅နှစ်) သုံးခွမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူပါ ရေလုပ်သား ၁၁ ဦးတို့နှင့် ပစ္စည်းများအား လာရောက် ကူညီကယ်ဆယ်ခဲ့ကြပြီး ဝဲကျွန်းကျေးရွာသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ စည်သူအောင် ကုန်တင်စက်လှေပေါ်တွင် သိုက်ရွှေပြည်ကုမ္ပဏီ၏ ရနောင်းမြို့မှ တင်သွင်းလာသော ကုန်ပစ္စည်းများအနက် ဆင်တံဆိပ် ဘိလပ်မြေ အိတ် ၁၇၅၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၈၇၅၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့ပြီး ကျန်ရှိသော ကုန်ပစ္စည်းများကို ပြန်လည်ဆယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မြင့်ဦး(မြိတ်)**

# လွိုင်လင်မြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

**လွိုင်လင် ဇူလိုင် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးဝင်းအတွင်း ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ဂိုဒေါင်တစ်လုံး၊ ယာဉ်နှစ်စီး၊ ခြံစည်းရိုးနှင့် ပတ်ဝန်းကျင်တွင် ပျက်စီးမှုအနည်းငယ်ရှိခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့်အတွက် အချိန်မီပြုပြင်ပေးစေလို တင်ပြချက်တွင် လျှပ်စစ်ဓာတ်တိုင်/ဓာတ်ကြိုးမဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်း



(၃၀-၆-၂၀၁၄) ရက် တနင်္လာနေ့ မြန်မာ့အလင်းသတင်း ထင်သာမြင်သာ ပြုပြင်စရာတွင်ပါရှိသော လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့်အတွက် အချိန်မီပြုပြင်ပေးစေလိုခေါင်းစဉ်ဖြင့် ဖော်ပြထားသော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းမပေါ်ရှိ အနောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးရှေ့ရှိ ဓာတ်ကြိုးလေးချောင်းသွယ်တန်းထားသော ဓာတ်တိုင်သည် တိုင်ခြေမှ တစ်ပေအကွာတွင် ကျိုးကာ တိုင်ထိပ်မှာ ပိတောက်ပင်နှင့် ငြိနေပြီး ဓာတ်ကြိုးလေးချောင်းမှာလည်း ရေမြောင်းပေါ်သို့ကျနေသောကြောင့် လျှပ်စစ်အန္တရာယ်ကြုံတွေ့နိုင်သည့်အတွက် ပြုပြင်ပေးသင့်ပါကြောင်း ပါရှိလာသဖြင့် အဆိုပါနေရာအား ကွင်းဆင်းစစ်ဆေးရာ လျှပ်စစ်ဓာတ်တိုင်မဟုတ်ဘဲ တယ်လီဖုန်းတိုင်နှင့် တယ်လီဖုန်းကြိုးများဖြစ်သည်ကို တွေ့ရှိရ၍ ဆက်သွယ်ရေးဖုန်း ၀၁-၆၄၁၁၆၆ သို့ အကြောင်းကြားပေးထားပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်။

**ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**


## မိဘအမည်မှန်

အထက(၃)ဘားအံ၊ အဋ္ဌမတန်း(B)မှ မောင်အောင်မြင့်မြတ်၏ မိဘအမည်မှန်မှာ ဦးသန်းနိုင်-ဒေါ်ယုယုမော် ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးစိုးသိန်း ၃/ကအန(နိုင်)၁၂၃၄၉၄ ၏ သား/သမီး မော်လမြိုင်မြို့၊ အထက(၆) သတ္တမတန်း(F)မှ မောင်ကျော်စိုးမိုးအား မောင်ရှိန်းဝဏ္ဏမောင်၊ မော်လမြိုင်မြို့၊ အထက(၆)၊ တတိယတန်း(C)မှ မယွန်းနဒီစိုးအား မယွန်းရွှေဝသုန်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိန်းဝဏ္ဏမောင်၊ မယွန်းရွှေဝသုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၃၁၃ အမည်ပေါက် ဦးမောင်မြင့်၏ မြေကွက်ကို လက်ရှိ လက်ဝယ်ပိုင်ဆိုင်သူ ဦးတင်ရှိန် ၁၂/လမတ(နိုင်)၀၂၄၇၀၄ က ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ဇဝရတ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်သန်းကြွယ်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၁၄/ဇလန(နိုင်)၀၂၆၁၈၃ ဖြစ်ပါသည်။

**ဦးဝင်းလှိုင်**

## အမည်ပြောင်း

ဦးသိန်းစိုး၏သမီး အထက(၂) မြောက်ဥက္ကလာပမြို့နယ် တက္ကသိုလ်ဝင် တန်း(I)မှ မခိုင်သဇင်အား ယနေ့မှစ၍ မသူဇာဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မသူဇာဖြိုး**

ဌာနဆိုင်ရာ

# မြိုင်ကြီးငူနှင့် ကမမောင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ဆက်လက်ဆောင်ရွက်သွားမည်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေ

*(ယမန်နေ့မှအဆက်)*

**ဖာပွန်မြို့နယ်တွင် ၁၉၈၅ ခုနှစ်မှစ၍ တည်ဆောက်ထားခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုရှိသော်လည်း အကျိုးခံစားခွင့် နည်းနည်းသာရကြောင်း၊ တည်ပြီးသား စက်ဖြစ်နေသဖြင့် ပြည့်ဝတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးတင်ပြချက်နှင့်ပတ်သက်၍** ဖာပွန်ဓာတ်အားပေးစက်ရုံကို ၅၀ ကီလိုဝပ်နှင့် ၁၂ ကီလိုဝပ်စက်နှစ်လုံး တပ်ဆင်ထားကြောင်း၊ အသေးစားရေအားလျှပ်စစ်စက်ရုံများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ လွှဲပေးထားပါကြောင်း၊ ပြင်ဆင်ရန်နည်းလမ်းရှာ၍ ပြည်နယ်အစိုးရနှင့် ဝန်ကြီးဌာန ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လောလောဆယ် မဟာဓာတ်အားလိုင်းစနစ်မှ ဓာတ်အားမရောက်ရှိသေးခင် အချိန်တွင် ရှိပြီးသားရေအားလျှပ်စစ်စက်နှင့် ဖာပွန်မြို့နယ်တွင် ဒီဇယ်သုံး ၅၀ ကီလိုဝပ်နှင့် ၁၆၅ ကီလိုဝပ်ဓာတ်အားပေးစက်တစ်လုံးစီရှိကြောင်း၊ ရေအားလျှပ်စစ်စက်ရုံအား Survey အသေးစိတ်လုပ်၍ ပြန်လည်ပြုပြင်ပေးမည်ဖြစ်ပါသည်။

**ဘားအံ-လှိုင်းဘွဲ့-မြဝတီ-ကမမောင်း National Grid Line ဆွဲမည်သိ၍ ဝမ်းမြောက်မိပါကြောင်း၊ အဆိုပါစီမံကိန်းများမည်သည့်နှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းဆွေးနွေးတင်ပြချက်နှင့် ပတ်သက်၍** လျှပ်စစ် စွမ်းအားဝန်ကြီးဌာနသည် ဘားအံ-လှိုင်းဘွဲ့ ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်ပေါ်မူတည်၍ တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။ လှိုင်းဘွဲ့သို့ ဓာတ်အားရောက်ရှိပြီးမှသာ မြိုင်ကြီးငူနှင့် ကမမောင်းတို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါနတောင်အရှေ့ဘက် ဆူးကလိမြို့နယ်ခွဲမှ ၂ မိုင်အကွာတွင် ရာသီမရွေးစီးဆင်းနေသည့် ချောင်းတစ်ချောင်းရှိပါကြောင်း၊ အိမ်ခြေ ၁၀၀ ခန့်ရှိကြောင်း၊ ၂၄ နာရီ မီးရရှိရန်ဖြစ်နိုင်ခြေ ရှိ/မရှိ လေ့လာပေးစေလိုကြောင်း မေးမြန်းတင်ပြချက်အပေါ်** ရေအားလျှပ်စစ် စူးစမ်းလေ့လာရေးအဖွဲ့များစေလွှတ်၍ လိုအပ်သည့်တိုင်းတာမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**ဖာပွန်လျှပ်စစ်ဓာတ်အားပေးစက်ရုံအား ခေတ်မီစက်အစွဲည်းများ အစားထိုးလဲလှယ်ပေးစေလိုကြောင်း၊ ထိုစက်ရုံအနီးတွင် နွေ၊ မိုး၊ ဆောင်း အဆက်မပြတ် မီးပေးနိုင်ရေးအတွက် ရေစုကန်တစ်ကန်တည်ဆောက်ပေးရန် လေ့လာပေးစေလိုကြောင်း တင်ပြချက်အပေါ်** ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ရေးအတွက် စက်မှုနှင့်လျှပ်စစ်တပ်ဆင်ရေးဌာနနှင့် ရေစုကန်အတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ စူးစမ်းလေ့လာရေးအဖွဲ့များစေလွှတ်ပေးမည်ဖြစ်ပါသည်။

**ဘားအံမြို့ အီဟယ်ရွာတွင် ရေစုကန်တစ်ကန်ရှိကြောင်း၊ လွန်ခဲ့သည့် ၄ နှစ်ခန့်က ရွာသူရွာသားများ စုပေါင်း၍ဆောက်လုပ်ခဲ့ကြောင်း၊ နည်းစနစ်မကျသဖြင့် ပြန်လည်ပျက်စီးသွားကြောင်း၊ အီဟယ်ရွာတွင် အိမ်ခြေ ၁၂၀ ခန့်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားရနိုင်မှုအခြေအနေအား စစ်ဆေးပေးစေလိုကြောင်း မေးမြန်းတင်ပြချက်အပေါ်** ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဖာပွန်မြို့နယ် စူးစမ်းမှုနှင့် တစ်ပါတည်း အီဟယ်ရွာသို့ သွားရောက်စူးစမ်းလေ့လာပေးမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပြန်လည်ဖြေကြားထားသည်။



## ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်ထိန်းရဲတပ်ဖွဲ့ကူညီပေး

**သီပေါ ဇူလိုင် ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် လမ်းဆုံကျသော မြို့တစ်မြို့ဖြစ်ရာ မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ် အသွားအလာများပြားပြီး မြို့တွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ မြို့ရှောင်လမ်းမရှိခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများ မြို့တွင်းဘေးဝဲယာတွင် စည်းကမ်းမဲ့စွာ ရပ်နားသွားလာခြင်းများကြောင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ တည်ရှိရာနေရာဖြစ်၍ ကျောင်းသား ကျောင်းသူများ ကျောင်းသွား ကျောင်းပြန်တွင် ယာဉ်အန္တရာယ်ကြီးမားလှပါသည်။

သို့ဖြစ်၍ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စာသင်ကျောင်းများတွင် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်၍လည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံ တပ်ကြပ်ဝင်းဇော်လတ်နှင့် အဖွဲ့က ကျောင်းသား ကျောင်းသူများ ကျောင်းဆင်း ကျောင်းတက်ချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မိမိတို့ သွေးသားရင်သွေးပမာ စေတနာအရင်းခံ၍ လက်တွဲကူညီစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရသည်။

**စိုင်း(သီပေါ)**

## ကျောင်းထောက်ပံ့ကြေးပေးရေး အစီအစဉ်ဆွေးနွေး

**ဟိုပန် ဇူလိုင် ၁**

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ ပညာရေးမြှင့်တင်ရန် ကမ္ဘာ့ဘဏ်နှင့် အလှူရှင်များ ထောက်ပံ့ငွေဖြင့် ကျောင်းထောက်ပံ့ကြေးပေးရေးအစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် လုပ်ငန်းဆွေးနွေးပွဲကို ဟိုပန်မြို့ အထက စာမဟာ ခန်းမ၌ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ဆန်းဦးက ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ သင်တန်းအစီအစဉ်များကို ရှင်းလင်းသည်။

**(မြို့နယ် ပြန်/ဆက်)**

## အထက်မင်းလှတွင် နှမ်းသီးနှံထွက်နှုန်း လျော့ကျနိုင်

**မင်းလှ ဇူလိုင် ၁**

ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် မကွေးတိုင်းဒေသကြီး အထက်မင်းလှတွင် မိုးဦးနောက်ကျပြီး အပူချိန်မြင့်မားခဲ့သည်။ မေလ စတုတ္ထပတ်နှင့် ဇွန်လဆန်းက နေရာကွက်၍ မိုးနှစ်ကြိမ်စီခန့် ရွာသဖြင့် ဒေသ၏ အဓိကသီးနှံဖြစ်သော နှမ်းသီးနှံစိုက်ပျိုးမှု နောက်ကျခဲ့ရသည်။ မေလကုန်က စိုက်သော နှမ်းအပင်မပေါက်၊ ဇွန်လဆန်း နှမ်းများ အပင်ပေါက်မညီညာ၊ ဇွန် ၁၀ ရက်နောက်ပိုင်း စိုက်သော နှမ်းများ အပင်ပေါက်စကာလတွင် ဇွန် ၂၀ ရက်က မိုးသည်းသောကြောင့် အချို့ပျက်ကြပြန်သည်။ နှမ်းစိုက်ရက်ကို "ဇွန် ၁၀ လွန်တယ် မရှိ" ဟု စာချိုးထားကြသည်။ ခုတော့ ဇွန် ၁၀ ကို အတော်ကျော်နေသဖြင့် အစားထိုးသီးနှံအဖြစ် ပဲတီစိမ်းစိုက်ကြသည်။ ယခုနှစ် တစ်မြို့နယ်လုံး လျာထား နှမ်းစိုက်ဧက ၄၉၁၈၃ ကို ပြည့်မီဖွယ်မရှိကြောင်း တောင်သူကြီးတို့က ပြောကြားသည်။

နှမ်းမှာ မျှော်လင့်ချက်မရှိသဖြင့် အချို့သူများက ဒေသတွင်းရှိ ရေနံမှော်များတွင် လုပ်သားအဖြစ်လည်းကောင်း၊ ရှိသမျှရွှေတိုငွေစ ပေါင်နှံရောင်းချပြီး ရေနံတူးခြင်းဖြင့်လည်းကောင်း စီးပွားရှာကြရာ အချို့အဆင်မပြေဖြစ်ကြသည်။ ယခင်က နှမ်းမကောင်းလျှင် ရှားစေးချက်ကြပြီး အရှုံးနှင့် ရင်ဆိုင်ရသောအခါ "အစားခက်လို့ ရှားချက်ပါတယ်၊ နွားတစ်ဖက်ပြုတ်" ဟု ဆိုစမှတ်ပြုခဲ့ကြောင်း၊ ယနေ့ကာလတွင် ထန်းကိုင်း၊ ဒဟတ်ပင်၊ ဆင်မကျ စသည့်နာမည်ကြီး ရေနံမှော်များသို့ သွားရောက်ရေနံတူးကြသူများ အဆင်မပြေသောအခါ "နှစ်လက်မကျင်းထဲ နွားတစ်ရှဉ်း ချောင်ချောင်လေး ပြုတ်ကျ"ဟူသော ခေတ်သစ်ဆိုရိုးများကြားတွင် အထက်မင်းလှမြို့ နှမ်းသီးနှံစိုက် /အောင်/နှုန်း ထွက်လျော့ကျဖွယ်ရှိကြောင်း ၎င်းတို့က ထပ်ဆင့်ပြောကြားသည်။

**ကိုကြီးစန်း**

## သံတောင်ကြီး၌ သစ်ပင်စိုက်ပွဲတော်ကျင်းပ

**သံတောင်ကြီး ဇူလိုင် ၁**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက သံတောင်ကြီး သံတောင်ကားလမ်း မိုင်တိုင်အမှတ် (၂၅/၂) အတက်လမ်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ရတနာတန်းဝင် ကျွန်းပင်ကိုစိုက်ပျိုးပေးခဲ့ပြီး တက်ရောက်လာသော မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွဋ်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူ ၁၀၀ ကျော် စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

"သစ်ပင်စိုက်ပွဲတွင် ထင်းရှူးပင် ၁၀၀၊ အာဖရိကန်ကျူကလစ်ပင် ၅၀၊ ယူကလစ်ပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၅၀၊ ကျွန်း ၉ ပင်နဲ့ မဟော်ဂနီပင် ၁၅၀ စုစုပေါင်း ၆၀၃ ပင်ကို စိုက်ပျိုးခဲ့ပါတယ်" ဟု မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဇော်မင်းထွဋ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုတီ(iprd)**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်စိုးစိုး (ဘ) ဦးအောင်စိန် ၉/မရတ(နိုင်)၀၄၅၈၃၈ သည် ပြင်ဦးလွင်ခရိုင်၊ အောင်ချမ်းသာအုပ်စု၊ အင်သာကျေးရွာတွင်နေထိုင်သော ဦးသန်းလွင် ပိုင်ဆိုင်သည့် ရွာဘုံကွက်အတွင်းရှိ တစ်ဧကခန့်အား ၂-၅-၂၀၁၁ရက်တွင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ကျွန်မဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်အား ဆက်လက်ရောင်းချလိုပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ခြင်းမရှိပါက ဆက်လက်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုး**
**၇/၂၂/၂၃၊ မြရည်နန္ဒာရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး**

## အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်ဝင်းရီ(ခ)မတူးတူးမာ ၁၂/ဒလန(နိုင်)၀၃၂၂၅၇၊ အမှတ် ၃၂၊ ခုနစ်လွှာ၊ မအူကုန်းလမ်းကျယ်၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေသူ၏သား မောင်စိုးဝင်းထွဋ် ၁၂/တမန(နိုင်)၁၀၁၁၁၂သည် မိဘဆိုဆုံးမသည်ကို နာခံမှုမရှိဘဲ မိဘအား စိတ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ၂၈-၆-၂၀၁၄ ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်(ဒေါ်ခင်ဝင်းရီ)**
**၁၂/ဒလန(နိုင်)၀၃၂၂၅၇**

**အောင်ပြည့်စုံ အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်းအား**

## တောင်းပန်ခြင်း

ကျွန်မ ဒေါ်အေးအေးမြင့်သည် အောင်ပြည့်စုံအိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း (အမှတ် ၄၀၄၊ တိုက်-၈၊ ရတနာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့)၏ ဝန်ဆောင်မှုဖြင့် ကျွန်မနေအိမ် (အမှတ် ၁၂၄၊ ၉၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့)မှ အိမ်ထောင်ပရိဘောဂပစ္စည်းများ ပြောင်းရွှေ့စဉ် ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ပျောက်ဆုံးမှုဖြင့် အောင်ပြည့်စုံ အိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်းအပေါ် တိုင်ကြားခဲ့မိပါသည်။ အဆိုပါ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများမှာ အမှန်တကယ်ပျောက်ဆုံးခြင်းမဟုတ်ဘဲ အထားမှားကာ ပြန်လည်တွေ့ရှိခဲ့ပြီး၊ အောင်ပြည့်စုံအိမ်ပြောင်းအိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်းအပေါ် မှားယွင်းစွာ စွပ်စွဲတိုင်ကြားခဲ့မိသည့်အတွက် ကျွန်မအနေဖြင့် အောင်ပြည့်စုံဝန်ဆောင်မှုလုပ်ငန်းအား အနူးအညွတ် လှိုက်လှဲစွာ ပြန်လည်တောင်းပန်အပ်ပါသည်။

**ဒေါ်အေးအေးမြင့်**
**၁/မကန(နိုင်)၀၀၃၀၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥဇ္ဇနာ ၄လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၁၂၁၊ ဒေါ်ဥမ္မာအမည်ပေါက် နှစ် ၆၀ ဂရန် အကျယ်ပေ(၄၀×၆၀)မြေကွက်နှင့် ယင်းမြေပေါ်ရှိ တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်သူ ဦးမောင်ခင်-ဒေါ်ကြည်ရှိန်တို့က အရှုပ်အရှင်းကင်းစွာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသည့်အတွက် ကျွန်ုပ်မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန် - ဦးဘုန်းမြင့်ကျော် ၁/မကန(နိုင်)၁၂၇၉၄၁**
**အမှတ်-B 125၊ မုဒိတာအိမ်ရာ၊ အထက်ဗဟိုလမ်း၊ သမိုင်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၀၁၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ခ၊ မြေကွက်အမှတ် ၁၀၃၊ မြေကွက်တည်နေရာအမှတ် ၃၉၊ ဦးဖိုးမှန်လမ်း၊ (၁၆) ရပ်ကွက်၊ မညိမ်းအမည်ပေါက် မြေအမျိုးအစားအေရွာမြေ၊ ဧရိယာ ၀ဒသမ ၀၈၄ဧကရှိ မြေကွက်အား မြေအမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘိုအောင်မှရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး (ဒုခရိုင်-၂)၊ တရားမမူလအမှုအမှတ် ၃၇၇/၂၀၁၁ ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၆၈/၂၃-၇-၂၀၁၂အရ တရားရုံးအမိန့်များတင်ပြ၍ ဒေါ်စောယုမွန်(ဒုတိယဦးစီးမှူး)မှ တရားရုံးကိုယ်စား လယ်ယာမြေဥပဒေပုဒ်မ ၃(က) ဝန်ခံချက်လက်မှတ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 9L၊ မြေကွက်အမှတ် ၁၀၉၊မြေကွက်တည်နေရာအမှတ် ၃၆၊ ၆၂လမ်း၊ (၃) ရပ်ကွက်၊ ဗိုလ်တထောင် ဦးအောင်ချစ် ၁၂/အလန(နိုင်)၀၁၉၀၄၈ အမည်ပေါက် နှစ် ၉၀ ဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဦးအောင်ချစ်ကိုယ်တိုင်က ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဂရန်ပျောက်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့၊ မြေကွက်အမှတ် ၉၄၆/က၊ မြေကွက်တည်နေရာအမှတ် ၉၄၆/က၊ ရွှေပြည်သာလမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးစိန်ခိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်ခိုင် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်ရွှေ ၁၂/သကတ(နိုင်)၀၂၉၆၉၄ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၉၄/၁၂-၅-၁၄ ရရှိသူ ဒေါ်ခင်မြဒွေး ၁၂/လသန(ဧည့်)၀၀၀၆၇၆မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၅၇၅၊ မြေကွက်တည်နေရာအမှတ် ၅၇၅၊ စွယ်တော်၄လမ်း၊ ရွှေပြည်သာမြို့နယ်၊ မြေအမျိုးအစား ပါမစ်မြေအမည်ပေါက် ဦးကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးအောင်တင်ဝင်း ၁၂/ဒဂန(နိုင်)၀၀၄၂၀၈မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ တရားရုံး၊ တရားရုံး ကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

## မြတ်သဒ္ဓါရှင်ဖောင်ဒေးရှင်း(မူဆယ်+ရွှေလီ)အသင်းမှ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**မူဆယ် ဇူလိုင် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် အမှတ်(၂) အထက ချယ်ရီခန်းမ၌ ဇွန် ၂၉ ရက် နံနက် ၉နာရီက မူဆယ်-ရွှေလီမြို့များတွင် ထူထောင်ဖွဲ့စည်းထားသော ဘာသာရေး၊ လူမှုရေးအသင်းဝင်တစ်ခုဖြစ်သည့် မြတ်သဒ္ဓါရှင်ဖောင်ဒေးရှင်းအသင်းမှ ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင်မြင်ကြသူများထဲမှ နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် အသင်းဝင်မိသားစုများ၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများကို ပညာရည်ချွန်ဆုဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်ဝင်းနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မြတ်သဒ္ဓါရှင်အသင်းဖွဲ့စည်းခဲ့သည်မှာ သုံးနှစ်ပြည့်မြောက်ပြီး မူဆယ်မြို့ပေါ်တွင် ပရိယတ္တိစာသင်တိုက်များ၌ ပစ္စည်းလေးပါးလှူဒါန်းခြင်း၊ ကျန်းမာရေးဌာနတွင်လစဉ်လှူဒါန်းခြင်းနှင့် မတည်ငွေလှူဒါန်းပေးခြင်း၊ ပညာသင်စရိတ်များထောက်ပံ့ပေးခြင်း၊ ဆေးတက္ကသိုလ်ကျောင်းသား တစ်ဦး၊ သူနာပြုတက္ကသိုလ်ကျောင်းသူတစ်ဦးကို လစဉ်ပညာသင်စရိတ် ထောက်ပံ့ပေးနေကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

## ခိုလမ်မြို့နယ်ခွဲ၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးခြင်းကြောင့် ဒေသခံများဝမ်းသာပျော်ရွှင်

**ခိုလမ် ဇူလိုင် ၁**

လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ခိုလမ်မြို့နယ်ခွဲ၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်ပွဲကို ဇွန် ၂၉ ရက် နံနက် ၉ နာရီက အဆိုပါရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။ **(ယာပုံ)**



ခိုလမ်မြို့နယ်ခွဲတွင် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များဖြင့် စည်ကားလျက်ရှိပြီး တောင်ကြီး-လွိုင်လင်-နမ့်စန်-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး အဝေးပြေးယာဉ်များရပ်နားရာ နေရာဖြစ်သဖြင့် မြို့ကြီးနှင့်မခြား စည်ကားလျက်ရှိသည်။ ခိုလမ်မြို့နယ်ခွဲရှိ တပ်မတော်သား စစ်မှုထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၏ လစာစရိတ်ချီးမြှင့်ငွေများကို ခိုလမ်မြို့နယ်ခွဲနှင့် အနောက်ဘက် ၃၂ မိုင်ခန့် ကွာဝေးသည့် နမ့်စန်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် လည်းကောင်း၊ ခိုလမ်မြို့နယ်ခွဲ၏ အရှေ့ဘက် ၃၄ မိုင် ခန့် ကွာဝေးသည့် ကွန်ဟိန်းမြို့နယ်ဘဏ်ခွဲတွင် သွားရောက်ထုတ်ယူကြရသည်။ ခိုလမ်မြို့နယ်ခွဲတွင် တာဝန်ထမ်းဆောင်ကြသည့် စစ်မှုထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူတို့နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တောင်းဆိုချက်ဆန္ဒများအရ ခိုလမ်မြို့နယ်ခွဲတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနား ချင်းပြည်နယ်၌ကျင်းပ

**ဟားခါး ဇူလိုင် ၁**

နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်တွင်ပါဝင်သည့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းများသို့ မိုးရာသီစိုက်ပျိုးစရိတ် ထောက်ပံ့ချေးငွေပေးအပ်ပွဲကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်းက အမှာစကားပြောကြားပြီး ချင်းပြည်နယ် သမဝါယမ ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် မိုးရာသီစိုက်ပျိုးစရိတ် ထောက်ပံ့ချေးငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးရမ်မန်းက ဟားခါး၊ ထန်တလန်၊ မတူပီအခြေခံ သမဝါယမအသင်းများသို့ လည်းကောင်း၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနိန်နိုင်းက ဖလမ်း၊ မင်းတပ်၊ တွန်းဇံ မြို့နယ်အသင်းများသို့လည်းကောင်း၊ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ငြိမ်းက ပလက်ဝ၊ တီးတိန်၊ ကန်ပက်လက်မြို့နယ်အသင်းများသို့လည်းကောင်း ထောက်ပံ့ချေးငွေ များပေးအပ်ရာ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌများက လက်ခံယူသည်။

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်း ၈၉ သင်းအတွက် မိုးရာသီစိုက်ပျိုးစရိတ် ထောက်ပံ့ချေးငွေကျပ် ၂၆၈၈ ဒသမ ၉၅ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ဇွန် ၂၆ ရက် နံနက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးတာဝန်ခံ ဦးသန်းဌေးသည် မြို့နယ်အုပ်ချုပ်ရေးမှူးများ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်ပညာရေးမှူး ဦးလှသောင်၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ လိုက်ပါလျက် ဝဲကြီးအုပ်စု ကျောင်းကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ လည်းကောင်း၊ ညောင်လူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့လည်းကောင်း၊ သပြေစမ်းကျေးရွာအုပ်စု အောင်သီရိကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား မူ/လွန်အဆင့်သို့လည်းကောင်း တိုးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**ကိုကိုရှုပ**



## မြိုင်မြို့ အမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲကျင်းပ

**မြိုင် ဇူလိုင် ၁**

၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်တင် ဖွင့်ပွဲအခမ်းအနားကို မြိုင်မြို့ အမှတ်(၂)ရပ်ကွက် မုံရွာ-မြိုင်-ပခုက္ကူ မော်တော်ကားလမ်းဆုံတွင် ဇွန်စတုတ္ထပတ်က ကျင်းပသည်။

**တက်ရောက်**

အဆိုပါ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်ကို ပခုက္ကူခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေနိုင်နှင့် မြိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုထွေးမာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၃၈**

ဒေါ်ခင်ဆုဝေ **နှင့်** ၁။ ဦးတင်မြင့် (ထောင်ကျတရားခံ)
အမှတ် ဒီ-၅-ဘီ၊ အောင်မင်္ဂလာလမ်း၊ ၂။ ဦးတင်မောင်လင်း
ဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊ အမှတ် ၅၅၁၊ ဖလမ်းမြောက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကြို့ကုန်းအရှေ့၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
(ယခုနေရပ်လိပ်စာမသိ)

**တရားလို** **တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်ဖြစ်သော လိပ်စာတွင် ဦးတင်မောင်လင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်ခင်ဆုဝေမှ သင့်အပေါ် ဤရုံးတော်တွင် တရားမကြီးမှုအမှတ် ၁၃၈/၂၀၁၄ ဖြင့် တိုက်ခန်းအား လက်ရောက်ပြန်လည်ရလိုမှု စွဲဆိုထားသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးစကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) နံနက် ၁၀နာရီတွင် လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီခုနစ်ရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာခင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၄၂**

ဒေါ်ခင်တင့် **နှင့်** ၁။ ဦးခင်အောင်
၂။ ဒေါ်စမ်းစမ်းအေး

**တရားလို** **တရားပြိုင်များ**

အမှတ် ၉/၁၈၊ ရန်အောင်(၂)ဘုရားလမ်း၊ 'အိ' စိန်ရွှေရတနာဆိုင် ပျဉ်းမနားမြို့၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိ) ဒေါ်စမ်းစမ်းအေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက စုစုပေါင်းငွေကျပ် ၁၂၂၅၀၀၀၀ိ/-တိတိရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉(ဘီ)၊ မြေကွက်အမှတ် ၅၇၃၊ ဗန္ဓုလလမ်း ပေ(၄၀×၆၀)အကျယ်အဝန်းရှိသော ဒေါ်မိုးမိုးခက်ကြည် (ဘ) (ဦးညွန့်မောင်) ၁၂/မဘန(နိုင်)၀၂၅၃၅၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်ကို ဒေါ်မိုးမိုးခက်ကြည်ထံမှ ရောင်းချရန်ကမ်းလှမ်းရာတွင် ကျွန်တော် ဦးသိန်းဝင်း (ဘ) (ဦးလှတင်) ၁၂/လမတ(နိုင်)၀၁၉၅၃၉မှ ဝယ်ယူထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဝင်း**
**ဖုန်း-၀၉-၄၃၁၀၅၂၉၀**

### ကန့်ကွက်နိုင်ပါသည်

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် သကမ(၁)၊ မြေကွက်အမှတ် ၅၃၆(က)ဟုခေါ်တွင်သော လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကွက်သစ်၊ စိန်သရဖူ(၁)လမ်း၊ အမှတ် ၅၃၆(က)၊ ပေ(၂၀×၆၀)မြေကွက်ကို အဆင့်ဆင့်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးထွန်းထွန်း ၉/ကပတ(နိုင်)၂၀၇၉၅၉ ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း ခိုင်လုံစွာဖြင့်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဦး**
**၁၂/စခန(နိုင်)၀၅၃၄၇၀**
**ဖုန်း-၀၁-၅၀၀၅၂၉**

**တစ်ဦးတည်းအမည်မှန် ဖြစ်ပါကြောင်း**

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အမှတ် ၉က/ခအကွက်၊ အောင်ဇေယျာဦးပိုင်အမှတ် ၈၆/ခ၊ မြေကွက်အမှတ် ၁၂၆/၂၁၆၊ ဧရိယာ ၀ဒသမ ၀၈၀၈ဧကရှိသောမြေကွက်သည် ကျွန်မ ဒေါ်နန်းသိုက်ဝင်း(ခ)မသိုက်(ခ)ဒေါ်အဲလ်ညွှန့် အမည်(သုံး)မျိုးဖြင့် မြေငှားဂရန်ရရှိထားသောမြေကွက်သည် ဒေါ်နန်းသိုက်ဝင်း ၉/မထလ(နိုင်)၀၃၃၈၁၅၏ နာမည်သာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နန်းသိုက်ဝင်း ၉/မထလ(နိုင်)၀၃၃၈၁၅**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၄၉၇၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့် ၁၄/ဘကလ(နိုင်)၀၆၉၆၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့**

## သတင်းတိုများ

### မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက်က စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် ရွှေမင်းဝံပန်းခြံရှေ့၌ ကျင်းပရာ ဆိုင်းဘုတ်ကိုခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်နှင်းအိခိုင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုင်းဘုတ်ဖွင့်ပွဲသို့ ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စစ်ကိုင်းပညာရေးကောလိပ်အုပ်ချုပ်သူဆရာမများနှင့် သင်တန်းသူဆရာမများ တက်ရောက်ခဲ့ကြသည်ကို သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

### ကိုယ့်အားကိုယ့်ကိုး ကျေးရွာဆက်လမ်းဖောက်လုပ်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရေဖြူကန်ကျေးရွာအုပ်စု ကျူချောင်း(အရှေ့)ကျေးရွာနှင့် မုက္ခမူကျေးရွာအုပ်စုသို့ လွယ်ကူစွာသွားလာနိုင်သော မြေသားလမ်းအား ကျူချောင်း(အရှေ့)ကျေးရွာရှိ အောင်လံတရာကျောင်း ဆရာတော် ဦးခေမာစာရဦးဆောင်၍ အရှည်ပေ၁၈၀၀၊ အကျယ် ပေ ၂၀၊ အမြင့် ၄ ပေ ရှိ မြေသားလမ်းအား စက်ယန္တရားများဖြင့်ဆောင်ရွက်လျက်ရှိသည်။ မြေသားလမ်းဖောက်လုပ်မှုကုန်ကျစရိတ်အား အလှူရှင် ဦးဖားသူးဒီ (ကျူချောင်းအရှေ့)နှင့် ဦးလှဝင်းမိသားစု (ညောင်လေးပင်မြို့)မှ လှူဒါန်းခဲ့ကြောင်းသိရသည်။ **ခင်မောင်လွင်(ညောင်လေးပင်)**

### မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ဆားလင်းကြီးမြို့၌ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ပျော်ဘွယ်ကျေးရွာ အနောက်ဘက်နှင့် ငွေသာဆည်အနီးတို့တွင် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခဲ့ပြီး သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့်လူမှုရေးအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြကာ တမာပင် ၁၀၀၊ ကုက္ကို ၁၀၀၊ ပေါက်ပန်းဖြူ ၁၀၀၊ မဲဇလီ ၅၀၊ စိန်ပန်း ၅၀၊ စုစုပေါင်းအပင်ရေ ၅၀၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

### မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို လှိုင်လင်ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဇွန် ၃၀ ရက်က တောင်ကြီး-လွိုင်လင်-ကျိုင်းတုံ ပြည်ထောင်စုကားလမ်းမကြီးနံဘေး မိုင်တိုင်အမှတ် ၁၇၂/၆ တွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်ခိုင်ဝါဝါထွန်းနှင့် ရပ်ကွက်ကျေးရွာများမှ အဖွဲ့ဝင် ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# မြဝတီမြို့နယ်ဌာနဆိုင်ရာများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအသင်းနှင့် ဟာသလူရွှင်တော်များအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပ

**မြဝတီ ဇူလိုင် ၁**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်ဘောလုံးအားကစားကွင်းတွင် ဟာသလူရွှင်တော်များအသင်းနှင့် မြဝတီမြို့နယ်ဌာနဆိုင်ရာများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ဇွန် ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးချစ်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် အဆိုတော်အေးသင်ချိုဆွေ၊ အိမ့်ချစ်၊ တွင်ကယ်၊ စောဖိုးခွားနှင့် အဆိုတော်များက ဖျော်ဖြေခဲ့ကြသည်။

လူရွှင်တော်များ အသင်းတွင် လူရွှင်တော်များ အသင်းနာယက ဦးဇရာ၊ ဦးကင်းကောင်၊ ဥက္ကဋ္ဌ ဦးဒိန်းဒေါင်၊ ဒုဥက္ကဋ္ဌ ဦးခင်လှိုင်တို့ ဦးဆောင်သော ကိုကောင်းကျော်၊ ကိုစိန်သီး၊ ကိုရှက်တယ်၊ ကိုစောဖိုးခွား၊ ကိုကြာစံ၊ ကိုငြိမ်းချမ်း၊ ကိုအုန်းသီး အစရှိသည့် လူရွှင်တော်များ ပါဝင်ကစားကြသည်။



ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြရာ မြဝတီမြို့နယ်ဌာနဆိုင်ရာများနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအသင်းမှ ဟာသလူရွှင်တော်များအသင်းအား ၅ ဂိုး၊ ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆုများချီးမြှင့်ခဲ့ကြသည်။

ထို့နောက်အဆိုတော် စောဖိုးခွားမှ အားလုံးချစ်ကြပါ သီချင်းဖြင့် သီဆိုကာ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သဖန်းအိုင်တံတား ရာနှုန်းပြည့် တည်ဆောက်ပြီးစီး

**ကလေး ဇူလိုင် ၁**

ကလေးမြို့နယ် ကျောင်းတိုက်ကျေးရွာအုပ်စု သဖန်းအိုင်ကျေးရွာရှိ အများပြည်သူသုံး ကျေးလက်လမ်းမကြီးပေါ်တွင် တည်ဆောက်ထားသည့် သဖန်းအိုင် သံကူကွန်ကရစ်တံတားကြီးအား ဧပြီ ၁ ရက်နေ့က စတင်ဆောက်



လုပ်ခဲ့ပြီး ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တံတား သည် အရှည် ၃၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၂၀ ပေရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၄၅၄ ဒသမ ၉ သိန်းအကုန်အကျခံလျက် ကလေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား ဆောက်လုပ်ပြီးစီးမှုအား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် အဖွဲ့ဝင်များက ဇွန် ၂၄ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ သဖန်းအိုင်တံတားအား အမာခံတည်ဆောက်ပြီးစီးခြင်းကြောင့် ကလေးမြို့နယ် ကျောင်းတိုက်အုပ်စု ကျေးလက်နေ ပြည်သူများနှင့် မြို့ပေါ်နေပြည်သူများ အတွက် ရေကြီးရေလျှံသည့် မိုးရာသီ အချိန်များတွင်ပါ တံတားကို ဖြတ်သန်းအသုံးပြုနိုင်မည်ဟု သိရသည်။

**ဂျူနိုင်း**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်လေးစီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) TOYOTA COROLLA FIELDER (2007 နှင့်အထက်)
သို့မဟုတ်
HONDA AIRWAVE (2007 နှင့်အထက်) } ၄ စီး

၂။ အဆိုပါမော်တော်ယာဉ်များ ဝယ်ယူတင်ဒါပေးသွင်းလိုသည့်လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၃၀-၆-၂၀၁၄ရက်မှစ၍ ၂၃ လမ်းနှင့် ၆၄ လမ်းထောင့်၊ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၁-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၁၅-၈-၂၀၁၄ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၂-၆၇၃၄၀၊ ၀၂-၃၉၀၈၀၊ ၃၉၀၇၉

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**နေပြည်တော်မှာ ဖုန်း-၀၉-၄၉၂၀၁၉၈၈**

## ဦးလှိုင်ဘွား (Former Gazetted Officer) ရှိတယ်

**ယောက်သွားအင်းမှတ်တိုင် နေပြည်တော်ပျဉ်းမနား**

လ/ထ အင်ဂျင်နီယာ၊ လ/ထ မန်နေဂျာ၊ လ/ထ ဆရာဝန်၊ ဦးစီးအရာရှိစသည့် PSC တန်းများ၊ အမျိုးသားစီမံကိန်း-ဒုဦးစီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အငယ်တန်းစာရေး

ရေးဖြေနှင့်အင်တာဗျူးများကို ဦးလှိုင်ဘွားကိုယ်တိုင် တပည့်ဟောင်းနှင့် တပည့်သစ်များတွက် ပြန်လည်ပို့ချနေပါပြီ။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လမ်း/တံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ | ခွဲကျောက်ရွယ်စုံ | ၉၃၀၆.၀၀၀ ကျင်း |
| ၂။ | သဲရောကျောက် | ၁၇၂.၁၀၀ ကျင်း |
| ၃။ | သံချောင်းလုံးရွယ်စုံ | ၁၁.၇၁၀ တန် |
| ၄။ | ဘိလပ်မြေ | ၁၅၁.၆၇၅ တန် |

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၈-၇-၂၀၁၄ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၉-၇-၂၀၁၄ ရက်
**တင်ဒါဖွင့်လှစ်မည့်အချိန်** - မွန်းလွဲ ၁း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**လျှောက်လွှာဝယ်ယူရမည့်နေရာ** - အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြိတ်ခရိုင်၊ မြိတ်မြို့။
ဖုန်း-၀၅၉-၄၁၀၀၇၊ ၀၅၉-၄၁၁၁၇

## အမည်ပြောင်း

ဦးကျော်ဇေယျနှင့် ဒေါ်ဇာနည်မြင့်တို့၏သား မောင်ဥက္ကာမောင်အား မောင်စစ်ဝေယံပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စစ်ဝေယံပိုင်**

## အမည်ပြောင်း

ဦးအင်တိုက်၏သမီး မြိတ်မြို့၊ ကန်စွန်းအင်းကျောင်း တတိယတန်းမှ မမေဟန်နီကျော်အား မကဗျာချိုဟု ပြောင်းလဲခေါ်ပါရန်။ **မကဗျာချို**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရုံးချုပ်နှင့် တိုင်းဒေသကြီးရုံးများအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

(က) ရုံးသုံးစက်ပစ္စည်း(၂)မျိုး
(ခ) လျှပ်စစ်ပစ္စည်း(၂)မျိုး
(ဂ) ကွန်ပျူတာနှင့်ဆက်စပ်သုံးပစ္စည်း(၅)မျိုး
(ဃ) ရုံးသုံးယာဉ်(၅)မျိုး
(င) ပရိဘောဂပစ္စည်း(၅)မျိုး
(စ) ယာဉ်ရပ်နားဆောင်ဆောက်လုပ်ခြင်း (သွပ်မိုး၊ ကွန်ကရစ်ခင်း) ပေ(၄၂×၄၀)
(ဆ) အစည်းအဝေးခန်းမစင်မြင့်နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၄-၇-၂၀၁၄ ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် ၅၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၃၄၂၊ ၀၆၇-၄၃၁၄၉၄**

## (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ကလျာဏာရာမကျောင်းတိုက်၊ ရွှေကျင်ကျောင်းသစ် (ထားဝယ်ကျောင်းတိုက်)၌ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၁၃၇၆ ခုနှစ် ဝါဆိုလဆန်း ၁၀ရက်) ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ရွှေကျင်ကျောင်းသစ်**
**ဖုန်း-၀၉-၇၃၂၀၃၂၉၀**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပြည်သူ့အားထား ဧရာဝတီတံတား(ရတနာပုံ)ကြောင့် သယ်ယူပို့ဆောင်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ကာ ပြည်သူများစိတ်ချမ်းသာ

သတင်းဆောင်းပါး-နွေနဒီ



ဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် မြစ်ကိုမြင်လျှင် တံတားဆင်နိုင်ကာ ပြည်ခွင်သာရေး လမ်းခင်းပေးနိုင်ခဲ့ပေသည်။ အထက်မြန်ပြည်မန္တလေးဒေသနှင့်အညာဒေသ တစ်ခွင်တွင် ဆိုင်ကယ်၊ ကားများ ကိုယ်စီဖြင့် သွားလာနေကြပေသည်။ ကိုယ်ပိုင်ကား ကုန်တင်ကားများသည် သတ်မှတ်တန်ချိန်အတိုင်းစည်းကမ်းတကျ တင်ဆောင်ကာ လမ်းစည်းကမ်းကို ထိန်းသိမ်းလာကြပေသည်။ မြန်မာနိုင်ငံ၏ မိခင်ဧရာဝတီမြစ်၏ ကမ်းနှစ်ဖက်ကို ကမ်းလက်တံတားတို့ဖြင့် ယှက်သွယ်ပေးလာသည့်တံတားများစွာကို တည်ဆောက်ပေးနိုင်ခဲ့ပေသည်။

မန္တလေးတိုင်းဒေကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးကို ကမ်းလက်နှင့် ဆက်သွယ်ပေးခဲ့သော စစ်ကိုင်းတံတားဟောင်းကြီး သက်တမ်းရင့်လာချိန်တွင် ဧရာဝတီတံတား (ရတနာပုံ) မျိုးဆက်သစ်က ဆက်လက် တာဝန်ထမ်းဆောင်ကာ ပြည်သူ့အကျိုးကို သယ်ပိုးလာခဲ့သည်မှာ ၂၀၁၄ခုနှစ်တွင် ခြောက်နှစ်တိတိရှိနေပြီဖြစ်သည်။

မျိုးဆက်သစ် ဧရာဝတီတံတားကြောင့် ပြည်သူတို့ စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ကြရပေသည်။ ပြည်သူတို့ကို လွတ်လပ်စွာ သွားလာစေနိုင်ပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူစေကာ နိုင်ငံကောင်းကျိုးကိုသယ်ပိုးနိုင်ခဲ့ပေသည်။

ပြည်သူချစ်ဧရာဝတီတံတား (ရတနာပုံ)သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ခဝါတော်ရပ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးစစ်ကိုင်းမြို့ တကောင်းရပ် တည်နေရာ ကမ်းနှစ်ဖက်ကြားတွင်တည်ရှိသည်။

ပင်မတံတားသည် သံမဏိသံပေါင်ခုံးတံတားဖြစ်ပြီး ချဉ်းကပ်တံတားမှာ ၆၅ ပေရှည် သံကူကွန်ကရစ်ရက်မနှင့်သံကူကွန်ကရစ်ကြမ်းခင်း လက်ရန်းအမျိုးအစားဖြစ်သည်။

တံတားအရှည် ၅၆၁၄ ပေ၊ ပင်မတံတားနှင့်ခန်းဖွင့် ၃၆၉၄ ပေ၊ ချဉ်းကပ်တံတားအရှည်ခန်းဖွင့်ပေ ၁၉၂၀၊ မန္တလေးဘက်အရှည် ပေ ၁၁၄၀ စစ်ကိုင်းမြို့ဘက်အရှည်ပေ ၇၈၀ ယာဉ်သွားလမ်းအကျယ် ၄၉ ပေ၊ လေးလမ်းသွား၊ လူသွားလမ်း ၆ ပေ၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ်ပေ ၇၀၀၊ အမြင့်ပေ ၄၀ ရှိသည်။

**စစ်ကိုင်းတံတားအဟောင်းနှင့် ဧရာဝတီတံတား (ရတနာပုံတို့ အတူယှဉ်တွဲ တာဝန်ထမ်းနေပုံမှာ မန္တလေးဒေသနှင့် စစ်ကိုင်းဒေသတို့၏ အလှတစ်ပါးပင်ဖြစ် . . .**

ဧရာဝတီတံတား (ရတနာပုံ) စီမံကိန်းကို ၂၀၀၁ စက်တင်ဘာလက စတင်ခဲ့ပြီး ၂၆. ၂. ၂၀၀၈တွင် ပြီးစီးကာ ပြည်သူအများစိတ်ချမ်းသာစွာ ကူးလူးသွားလာနိုင်ခဲ့သည်။

ဧရာဝတီရဲ့ ကမ်းနှစ်ဖက်ကို ကမ်းလက်တို့ဖြင့် ဆက်သွယ်ကာ စစ်ကိုင်းတံတားအဟောင်းနှင့် ဧရာဝတီတံတား(ရတနာပုံ)တို့အတူယှဉ်တွဲ တာဝန်ထမ်းနေပုံမှာ မန္တလေးဒေသနှင့် စစ်ကိုင်းဒေသတို့၏ အလှတစ်ပါးပင်ဖြစ်သည်။

ဧရာဝတီမြစ်ပေါ်မှ တံတားအလှ စစ်ကိုင်းတောင်၏ အလှတို့သည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ သာမက ပြည်သူအများစုက ကြည့်မဝသော ပြည်သူ့အကျိုးဆောင် အလှဘုရင်အဖြစ် တည်ရှိနေပေသည်။

## ပိုင်ရှင်မဲ့တမလန်းသစ်များ သိမ်းဆည်းရမိ

**ကျွန်းလှ ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မြို့မရဲစခန်းမှရဲအုပ်စိုးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဝင်းတင့်နှင့် ဝန်ထမ်းများ၊ သဖန်းဆိပ်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် သတင်းအရ ဇွန်၂၇ရက်က တင်းတိန်ရုံကျေးရွာအုပ်စု ရွာဟောင်းကုန်းသဖန်းဆိပ်ဆည်ရေစပ်တွင် ပိုင်ရှင်မဲ့တမလန်းသစ် ၇ တုံးနှင့် ရေထဲမှ ၃၀ တုံး စုစုပေါင်း၃၇တုံး သိမ်းဆည်းရမိကြောင်းသိရသည်။

ဆက်လက်ပြီး သတင်းအရ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူးဦးဆန်းတင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မကျီးအင်းကျေးရွာအုပ်ချုပ်ရေးမှူးဦးဝိုင်းရွှေ၊ အင်းကောင်းကျေးရွာအုပ်ချုပ်ရေးမှူးဦးဝင်းမြင့်၊ ရွာသီကျေးရွာ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးညီလေး၊ မြို့မရဲစခန်းမှုနယ်ထိန်းခေါင်းဆောင်ရဲအုပ်စိုးမြင့်တို့ ပူးပေါင်းအဖွဲ့သည် အင်းကောင်းကျေးရွာရွာဟောင်းကုန်း သဖန်းဆိပ် ဆည်ကမ်းစပ်တွင် ပိုင်ရှင်မဲ့တမလန်းသစ်ဆိုက်စုံ ၈၅ တုံး ထပ်မံသိမ်းဆည်းရမိပြီး တမလန်းသစ် ခားရွှေတုံးပေါင်း ၁၂၂တုံး၊ အလေးချိန် ၈ တန်ကျော်ကို တစ်ရက်တည်း၌ သိမ်းဆည်းရမိကြောင်းသိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## အမျိုးသမီးရေးရာအဖွဲ့ မေတ္တာသုတ်ရွတ်ဖတ်ပူဇော်

**ကျောက်ဆည် ဇူလိုင် ၁**

ကျောက်ဆည်မြို့ သီရိသာသနာ့ဓမ္မာရုံတွင် ဇွန် ၂၈ ရက်က မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဦးဆောင်မှုဖြင့် မေတ္တာသုတ်ကျင့်စဉ်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားအခမ်းအနားတွင် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဝိသုတာရာမ (ဆူးကုန်း)ကျောင်း ပဓာနနာယက ဆရာတော်က ငါးပါးသီလတရားချီးမြှင့်ပြီး ဝတ်ရွတ်အသင်းများအားမေတ္တာသုတ်၏အကျိုး ကြီးမားပုံနှင့် မေတ္တာပွားနည်း၊ ရွတ်ဆိုပူဇော်ရာတွင် နည်းစနစ်မှန်ကန်ရေးများရှင်းလင်းမိန့်ကြားပြီး တက်ရောက်လာသည့် ဝတ်အသင်း ငါးသင်းက အလှည့်ကျရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေမော်နှင့် မြို့နယ်အဖွဲ့ဥက္ကဋ္ဌတို့က နည်းစနစ်မှန်ကန်စွာဖြင့် မေတ္တာသုတ်ကျင့်စဉ်ရွတ်ဆို ပူဇော်နိုင်ခဲ့သော သပြေကုန်းကျေးရွာ ဝတ်အသင်းအားဂုဏ်ပြုငွေ ငါးသောင်းကျပ်နှင့် ကျန်အသင်းများအား သုံးသောင်း၊ နှစ်သောင်းနှင့် တစ်သောင်းကျပ်စီ ချီးမြှင့်ဂုဏ်ပြုခဲ့သည်။ အခမ်းအနားသို့ ခရိုင်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်ဝင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေမော်၊ မြို့နယ်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းဝေနှင့် ဝတ်ရွတ်အသင်းကြီးကြပ်သူများ ဝတ်ရွတ်အသင်းများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **သက်မောင်**




ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ အဆောက်အအုံသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့လူနာဆောင်များ/ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ဆေးရုံကြီးများ အကြီးစားမွမ်းမံခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၄ ရက် (သောကြာနေ့)
**တင်ဒါပုံစံများနောက်ဆုံးရောင်းချမည့်ရက်** - ၃၁-၇-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၈-၂၀၁၄ ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၅၂-၂၁၂၁၇**



**ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ**

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အမှတ် ၂၀-၂၁(ဃ) ပ သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ဓမ္မာရုံ ကြားတောရလမ်း၊ ဗဟန်း (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)၌ ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၂ရက် ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ အသင်းသား အသင်းသူများနှင့် ရန်ကုန်ရောက် ဒိုက်ဦးသား၊ ဒိုက်ဦးသူများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**[ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူး (၁)ဘာသာနှင့်အထက် ရရှိအောင်မြင်သူ ဒိုက်ဦးနယ်ဖွား ရန်ကုန်ရောက်သားငယ်၊ သမီးငယ်များ စာစစ်ရုံး အမှတ်စာရင်း မိတ္တူနှင့်အတူ ကြိုတင်စာရင်းပေးပို့ကြရန်ကိုလည်း ကြိုတင်နှိုးဆော်အပ်ပါသည်။]**

**ဝါဆိုလှူဖွယ်ပစ္စည်းများကို-** ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ကပ်လှူကြပါရန်နှင့် ကြိုတင်လှူဒါန်း လိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဦးတင်နု ဖုန်း-၇၀၆၇၆၆၊ ဒေါ်တင်တင်အုန်း ဖုန်း-၅၃၀၇၅၁၊ ဒေါ်အုံးမြင့် ဖုန်း-၀၉-၃၁၂၈၇၇၉၉၊ ဒုဗိုလ်မှူးကြီးခင်မောင်အေး (လေ-ငြိမ်း) ဖုန်း-၀၉-၄၂၅၃၂၇၄၅၀၊ ဒေါ်ခင်အေးသန်း ဖုန်း-၀၉-၅၁၆၁၆၈၇၊ ဒေါ်ခင်စန်းကြည် ဖုန်း-၅၅၅၄၃၉၊ ဦးဇော်မင်း ဖုန်း-၀၉-၃၁၂၈၆၃၁၂၊ ဒေါ်ကြွယ်ကြွယ် ဖုန်း-၀၉-၄၉၂၅၅၇၃၂**



**ကန့်ကွက်နိုင်ပါကြောင်း**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄)၊ မြေကွက်အမှတ် ၆၄၀/က၊ မြေကွက်တည်နေရာအမှတ် ၆၄၀/က၊ ဂရုဏာ ၂လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးကျော်အုန်း ၁၂/ဥကမ(နိုင်)၁၂၃၉၃၅ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်အုန်းမှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၂၉၄၊ မြေကွက်တည်နေရာအမှတ် ၂၉၈၊ ၁၁ လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် [ဦးတင်စိုး ၁၂/ဒပန(နိုင်)၀၀၄၇၇၀] အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်စိုး(ခင်ပွန်း) ကွယ်လွန်သဖြင့် ၄င်း၏တစ်ဦးတည်းသောဇနီး ဒေါ်စောသီ ၁၂/ဒပန(နိုင်)၀၀၄၀၃၁ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်၁၄၄၁၂/၁၄(၂၈-၅-၁၄) ရရှိသူ ဒေါ်သက်သက်မွန် ၁၂/ဒပန(နိုင်)၀၄၄၈၆၄က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ ဂျီ၊ မြေကွက်အမှတ် V ၆၈/၆၉၊ မြေကွက်တည်နေရာအမှတ် ၁/၃၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်အုံးကြည်၊ ဒေါ်မြချစ်)အမည်ပေါက် နှစ်၉၀ဂရန်(သက်ကုန်)မြေအား အမည်ပေါက် တစ်ဦးဖြစ်သူဒေါ်အုံးကြည် အပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့်ကိတ္တိမမွေးစား စာချုပ် ၅၀၀၉/၁၉၉၈(၂၄-၁၂-၁၉၉၈)ဖြင့် မွေးစားခံရသူ ဒေါ်လဲ့လဲ့ဝါ ၁၂/မဂတ(နိုင်)၀၃၄၆၀၂က မွေးစားစာချုပ်နှင့် ကျမ်းကျိန်လွှာတင်ပြ၍ ပူးတွဲပိုင်ရှင်ကျန်အမည်ပေါက် ဒေါ်မြချစ် ၁၂/မဂတ(နိုင်)၀၃၄၀၁၇နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀၊ မြေကွက်အမှတ် ၅၃/အီး၊ မြေကွက်တည်နေရာအမှတ် စ/၇၂၁၊ လေးထောင့်ကန်လမ်း၊ ဇ တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဒေါ်ကြင် အမည်ပေါက် ဘီ လ/န-၃၉မြေအား အမည်ပေါက် ဒေါ်ကြင် ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းဝင်း ၁၂/သဃက(နိုင်)၁၄၀၃၂၈က ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၁၄၂/၂၀၀၅တွင် ချမှတ်ထားသော အနိုင်ဒီကရီကို တင်ပြ၍ အဆိုပါမြေကွက်၏ ထက်ဝက်တိတိအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါသည်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၆)၊ မြေကွက်အမှတ် ၃၉၊ မြေ အမည်ပေါက် ဦးမောင်အေး(ခ)မဂျစ် ၁၂/ပဘတ(နိုင်)၀၀၆၉၆၂မှ မြေချစလစ်ပျောက်ဆုံးနေပြီး၊ မြေပါမစ်ထုတ်ယူရခြင်းမရှိသေးပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၆)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**



**ကန့်ကွက်နိုင်ပါသည်**

ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ အေးရိပ်ငြိမ်မြို့ကွက်သစ်ရှိ မြို့မြေကွက်အမှတ် (၈၃၄၊ ၉၉၁၊ ၉၉၂၊ ၉၉၃) မြေကွက်(၄)ကွက်အား ဇေယျာမွန်ရပ်ကွက်နေ ဦးအောင်အောင်ခန့် ၁၀/ကထန(နိုင်)၀၉၆၇၈၈မှ မြေပေးမိန့်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ ရက်ပေါင်း၃၀အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမှုရင်းများနှင့်အတူလာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျိုက်ထိုမြို့**

# နန့်စီးအောင် ချောင်းကူးတံတား ဇူလိုင်လကုန်တွင် ရာနှုန်းပြည့်ပြီးစီးမည်

**မိုးညှင်း ဇူလိုင် ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးပေါ်တွင် တည်ဆောက်ထားသည့် နန့်စီးအောင်ချောင်းကူး ကွန်ကရစ်တံတားကြီး(တံတားအမှတ် ၁/၁၆၉) တည်ဆောက်မှုလုပ်ငန်းများ ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

တံတားသည် အရှည် ပေ ၁၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ(နှစ်လမ်းသွား)၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၂ ပေ ၆ လက်မ၊ ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ရှိမည်ဖြစ်ပြီး တံတားကို ၂၀၁၃-၂၀၁၄ ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်း ၁၅၀ နှင့် ၂၀၁၄-၂၀၁၅ ခွင့်ပြုရန်ပုံငွေမှ ကျပ်သန်း ၂၀၀ကို သုံး၍ တည်ဆောက်ခြင်းဖြစ်ကာ တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၁၅)မှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။

တံတားတည်ဆောက်မှုလုပ်ငန်းများအား ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးစောသိန်း၊ မိုးညှင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက ဇွန် ၂၉ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နန့်စီးအောင်တွင် ၁၉၉၈ ခုနှစ်က စိုက်ထူထားခဲ့သည့် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအစပ်တွင်တည်ရှိသော မနောတိုင်တွင် ပါရှိသည့် အချက်အလက်များတွင် ယခုအချိန်အခါနှင့် မကိုက်ညီတော့သည့် အချက်အလက်များကို ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်းကိုလည်း လမ်းညွှန် မှာကြားသွားခဲ့ကြောင်း သိရသည်။

နန့်စီးအောင် ချောင်းကူးတံတားကြီးကို ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းက စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာနေကြသည့် မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများအတွက် မိုးရာသီကာလတွင်ပင် အချိန်ပြည့်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**



ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းရှိ ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၂၉ ရက်က အသင်းမွှာရုံတွင် ကျင်းပခဲ့ရာ ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများအား အသင်းတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆပ်ကပ်စဉ်။

မောင်ယဉ်ဦး(ခနဲဖြူ)

# စည်းကမ်းမဲ့ကြော်ငြာဆိုင်းဘုတ်များ ဖြုတ်ချရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁**

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သစ်ပင်များ ဓာတ်တိုင်များတွင် တရားမဝင် စည်းကမ်းမဲ့ချိတ်ဆွဲထားသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်များကို ဇွန် ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လိုက်လံဖြုတ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အုပ်ချုပ်ရေးမှူး ဦးညိုသင်းအောင်နှင့် အဖွဲ့က လိုက်လံရှင်းလင်းဖြုတ်သိမ်းခဲ့ခြင်းဖြစ်ကာ "တစ်ပတ် တစ်ပတ်ကို ဒီလိုစည်းကမ်းမဲ့ ကြော်ငြာတွေလိုက်ဖြုတ်တာ တစ်လမ်းနှစ်လမ်းနဲ့တင် ကားတစ်စီးနဲ့ အပြည့်ရတယ်" ဟု ဦးညိုသင်းအောင်က ပြောသည်။



ရန်ကုန်မြို့တွင် ကြော်ငြာဆိုင်းဘုတ်များ ချိတ်ဆွဲပါက စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုချက်ယူပြီးမှ တရားဝင်ချိတ်ဆွဲခွင့်ရှိသော်လည်း စီးပွားရေးလုပ်ငန်းငယ်များ၊ အလုပ်ခေါ်ကြော်ငြာများ၊ စသည်တို့အား လူစည်ကားသည့်နေရာများရှိ ကားမှတ်တိုင်များ၊ ဓာတ်တိုင်များစသည်တို့တွင် စည်းကမ်းမဲ့ ချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်းများ ပြုလုပ်လျက်ရှိနေသည်ကို တွေ့ရသည်။

"စီးပွားရေးလုပ်ပြီး တရားဝင်ကြော်ငြာအခွန်ဆောင်ရမှာ ကြောက်နေရင်တော့ ဒီလိုပဲ ခဏခဏ ဖြုတ်သိမ်းခံနေရမှာပဲ"ဟု တရားဝင်ကြော်ငြာလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ထိုသို့စည်းကမ်းမဲ့ကြော်ငြာကပ်ခြင်း ချိတ်ဆွဲခြင်းများကြောင့် တရားဝင်ကြော်ငြာလုပ်ငန်းလုပ်သူများ နစ်နာမှုများရှိနေကြောင်း သိရသည်။

**ဘော်ဂါသွေး**

# မြေသားတာလမ်းမသစ်နှင့် ချောင်းကူးတံတားသစ်များဖွင့်လှစ်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁**

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော မော်လမြိုင်ကျွန်းမြို့နယ် ကညင်ခဲကျေးရွာမှ ကညင်တစ်ပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်သော တာလမ်းအရှည်ပေ ၃၀၀၀ ရှိသော မြေသားတာလမ်းမသစ်ဖွင့်ပွဲကို ဇွန် ၂၈ ရက်က ကညင်ခဲ-ကညင်တစ်ပင် မြေသားတာလမ်းမသစ်ပေါ်၌ ကျင်းပခဲ့သည်။

လမ်းသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်းနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကညင်ခဲ-ကညင်တစ်ပင် မြေသားတာလမ်းမပေါ်ရှိ ဆည်မြောင်းချောင်းကူးတံတားသစ်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မော်လမြိုင်ကျွန်းမြို့နေ တံတားအလှူရှင် ဦးတင်လှိုင် (လဝန်းနီလာကုမ္ပဏီလီမိတက်) မိသားစုနှင့် တံတားတည်ဆောက်ရေးကော်မတီဝင် ဦးလှငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကညင်ခဲ - ကညင်တစ်ပင် မြေသားတာလမ်းမသစ်နှင့် ဆည်မြောင်းချောင်းကူး တံတားသစ် ဖွင့်လှစ်ပေးနိုင်သောကြောင့် ကျေးရွာငါးရွာမှ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာဆက်သွယ်ရေး အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ဇေယျာသီရိမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ၂၀၁၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ကျည်တောင်ကျေးရွာအုပ်စု အောင်ဇေယျရပ်ကွက် အဝင်လမ်း အဆင့်မြင့်လယ်ယာမြေ လမ်းဘေးဝဲယာတို့၌ ဇွန် ၂၈ ရက်က ပြုလုပ်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း၊ ခရိုင်သစ်တောဦးစီးမှူး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ ဒေသခံပြည်သူများ ပါဝင်တက်ရောက်ပြီးကျွန်းပင် ၃၈၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**တင်မောင်လွင်**


## ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်ကြီးတွင် လုံးတော်ပြည့်ရွှေသင်္ကန်းစီမံချက်အရ ယခုနှစ်တွင် ကြာပတ်တော်မှ ပစ္စယာများအထိ ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးသွားပြီဖြစ်ပါသဖြင့် ရွှေသင်္ကန်းတော်အတွက် လှူဒါန်းကြသော အလှူရှင်များ စုပေါင်းရေစက်ချ အလှူတော်မင်္ဂလာကို ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စေတီတော် အနောက်ဘက်မုခ် ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ဖိတ်ကြားစာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဂေါပကအဖွဲ့**
**ကျိုက္ကစံစေတီတော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၅၀ မြေပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၏ (၁၅×၆၀)ပေရှိ ဒုတိယထပ် (A) တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ကိုအောင်မြင့်ဦး ၁၁/စတန(နိုင်)၀၂၀၉၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြနု LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၂၃၂၇၂)**
**အမှတ် ၂၃၁/၂၃၅၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၅၀၁၃၄၆၂၊ ၀၁-၅၄၉၅၀၂၊ ၀၁-၅၄၆၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၇၉/စ၊ ဧရိယာ ၁၂ ဒသမ ၆၃၀ဧကမှ တရားဝင်မခွဲစိတ်ရသေးသော Portion ၉၅' +၄၄' /၁၃၀' ×၂၀'၊ မြေကွက်တည်နေရာအမှတ် ၈၉/က၊ စပါယ်လမ်းသွယ်(၁)၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်၊ Aဘဂေါင်း အမည်ပေါက် Bမြေပိုင် လ/န ၃၉၈ရပြီး မြေအားအမည်ပေါက် Aဘဂေါင်းထံမှ အင်းစိန်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၁၀၂/၂၀၁၃ (၂၂-၁၀-၂၀၁၃)ရက်စွဲပါ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးလိုမှုစီရင်ချက်၊ တရားမဓာရီမှုအမှတ် ၄၇/၁၃ (၁၃-၁၁-၂၀၁၃)ရက်စွဲပါ ဘီလစ်ခံနှင့်စာတို့တင်ပြ၍ ဒေါ်အုန်းသွင် (ဘီလစ်) ၁၂/အစန(နိုင်) ၀၀၄၀၈၀က တရားနိုင် ဒေါ်ဝင်းဝင်းမေအား တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆/သမိုင်း၊ ၂၇/သမိုင်း)၊ မြေကွက် အမှတ် ၅၄/က-၁(အစိတ်အပိုင်း)၊ ၇/စ-၆ (အစိတ်အပိုင်း)၊ မြေကွက်တည်နေရာအမှတ် (၉/စီ)၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၆ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဒေါ်စန်းရီ)အမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေ မြေအား အမည်ပေါက်ထံမှ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၈၉/၂၀၀၀(၁၇-၅-၂၀၀၅)တရားရုံးချုပ် တရားမပထမအယူခံမှုအမှတ် ၃၁၂/၂၀၀၅ (၁-၉-၂၀၀၅)၊ တရားရုံးချုပ် တရားမအထွေထွေလျှောက်လွှာအထူးအမှတ် ၈/၂၀၀၆(၁-၃-၂၀၀၆)၊ တရားရုံးချုပ်ပြင်ဆင်မှုအမှတ် ၃၈၀/၂၀၀၈ (၉-၆-၂၀၀၈)တို့ဖြင့် ဒေါ်နုနုဆွေမှ ပိုင်ဆိုင်လာပြီး၊ ၎င်း၏ G/P ၁၈၂၈၉/၂၀၁၃ (၂၆-၉-၂၀၁၃)ရရှိသူဒေါ်နေစီဗဆွေ ၁၂/စခန (နိုင်)၀၆၀၂၃၀မှ တရားရုံးအထောက်အထားများတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အကွက် ၈၄၂၊ ချမ်း/မြောက်၊ အမှတ် ၁၃၀/၁ နေ ဦးညိုမောင်-ဒေါ်တင်မတို့၏သား မောင်အောင်နိုင်ဝင်း ၉/မရတ(နိုင်)၁၂၈၃၉၀ (ရှမ်းကားဝပ်ရှော့)သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးညိုမောင်-ဒေါ်တင်မ**

## ဖိတ်ကြားအပ်ပါသည်

ရန်ကုန်မြို့ရောက် အင်းလေးမိသားစုနှင့် မိတ်ဆွေများမှ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် တရားနာ ရေစက်ချပွဲကျင်းပမည်ဖြစ်ပါ၍ အင်းလေးမိသားစုများနှင့် မိတ်ဆွေများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်တိုင်း ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အင်းလေးမှ သံဃာတော် ၂၄ ပါးကြွရောက်ပါမည်။

**ကျင်းပမည့်နေ့ရက်** - ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)၊ ၁၃၇၆ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**ကျင်းပမည့်နေရာ** - ရွှေဟင်္သာ အင်းလေးမွှာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၃၇၅၆၂၆၊ ၀၉-၄၂၀၁၇၇၀၅၇၊ ၀၉-၅၁၃၁၂၁၉၊ ၀၉-၇၃၁၅၁၅၃၇

## အများသိစေရန်ကြေညာခြင်း

ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေ ၁၂/ဗတထ(နိုင်)၀၂၀၈၅၆ မှ လက်ဝယ်ရှိ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ နဝင်းရပ်ကွက်၊ ကွင်းအမှတ် ၁၄၊ အကွက်အမှတ် ဖြူကုန်း၊ ဦးပိုင်အမှတ် ၄၃ မှ ၂ (ခ)၊ ဧရိယာ ၀ ဒသမ ၁၉ ဧကမြေကွက်နှင့်စပ်လျဉ်း၍ ပြည်ခရိုင်မြေစာရင်းဦးစီးဌာန၏ ၁၅-၁၀-၉၈ ရက်စွဲပါ စာအမှတ် ၆၂၉ မအ-၃ ဖြင့် ထုတ်ပေးထားသော လ/န ၃(ခ)ဝန်ခံချက်လက်မှတ်ပျောက်ဆုံးသဖြင့် ပြန်လည်လျှောက်ထားခဲ့ရာ ယခုအခါ တရားဝင်မိတ္တူမှန်ပြန်လည်ရရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေကို ထိခိုက်နစ်နာစေရန်နှင့်စပ်လျဉ်းသည့် ပျောက်ဆုံးသွားသော လ/န-၃(ခ)ဝန်ခံချက်လက်မှတ်ကို အသုံးပြုဆောင်ရွက်လာပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးမြင့်ဆွေ(ခ)ဦးမြင့်ရွှေ ၁၂/ဗတထ(နိုင်)၀၂၀၈၅၆ ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူညွန့် B.A, H.G.P, D.B.L,D.M.L အထက်တန်းရှေ့နေ**
**အမှတ် ၅၈/၂၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ငှာနဆိုင်ရာနှင့် လူမှုရေး စီးပွားရေးကြော်ငြာ

## ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်)၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီတွင် ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဓမ္မာရုံ အရှေ့ရွှေဂုံတိုင်လမ်းမကြီး၊ ခြောက်ထပ်ကြီးဘုရားဝင်း၌ ကျင်းပမည်ဖြစ်ရာ ဘိုကလေးမြို့နယ်သူ၊ မြို့နယ်သားများ နှင့် အသင်းဝင်များအားလုံး ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ နံနက် ၈း၀၀နာရီမှစ၍ ဧည့်သည်များအား ဘိုကလေးမုန့်ဟင်းခါးနှင့်ဧည့်ခံ၍ နံနက် ၁၀း၀၀နာရီတွင် သံဃာတော် ၁၀ပါးအား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ပါမည်။

**ဆက်သွယ်လှူဒါန်းလိုသူများ**

အလှူငွေနှင့်အလှူပစ္စည်းများကို ဥက္ကဋ္ဌဦးစောဝေ ဖုန်း-၀၉-၅၁၀၈၇၀၅၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ ဘဏ္ဍာရေးမှူး ဦးမြစိုး ဖုန်း-၀၉-၇၃၂၃၆၉၉၃၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့ ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)**

☎ 01-512443, 09-73017656

CVC Ks - 10000 Ks - 14000

CVC Ks - 11000 Ks - 16000

Ks - 13000

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ ဇင်ယော်လမ်း၊ အမှတ် ၁၃၆/၂၊ မြေဧရိယာ ၁၃၆၂ စတုရန်းပေရှိ မြေနှင့်အိမ်ဆောက်အအုံပါ ဆက်စပ်ပစ္စည်းအားလုံးကို ဂရန်အမည်ပေါက် ဒေါ်မေစီ ၁၂/ဥကတ(နိုင်)၁၀၀၉၉၁(ဘ)ဦးငွေဘောက ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ပိုင်ရှင်ဒေါ်မေစီမှ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသော ဒေါ်မေစီ၏ အစ်ကိုရင်းဖြစ်သူ ဦးဆံနီငွေ(ခ)ဦးမျိုးခိုင် ၁၂/ဥကတ(နိုင်)၁၂၉၃၇၄(ဘ)ဦးငွေဘောမှ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်မှဝယ်ယူရန် ၂၈-၆-၂၀၁၄ရက်တွင် ရောင်းချတန်ဖိုး၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ရောင်းချသူအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေကို ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားပြ၍ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားပါမည်။

**မလင်းလင်း**

**အမှတ် ၁၄၁၊ ဆေးရုံဟောင်းလမ်း၊ ပဲခူးမြို့နယ်၊**

**ဖုန်း-၀၉-၄၂၈၂၁၂၇၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၇၁၉၆၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟာမီဒါး၂/လကန(နိုင်)၀၄၉၅၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/တောင်၊မြေကွက်အမှတ်၇၀၅/ခ၊ မြေကွက်တည်နေရာအမှတ်၇၀၅(ခ)၊ အောင်သစ္စာလမ်း၊၄/တောင်ရပ်ကွက်၊သာကေတမြို့နယ် (ဒေါ်မိုင်မွန်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မိုင်မွန်(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်း ဦးမျိုးဝင်း ၁၂/သကတ(နိုင်)၁၁၅၇၉၀ထံမှ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် ၆၅၈၇/၂၀၁၄ရသူ ဦးစိုင်းထွန်းအေး ၁၃/လခန(နိုင်)၀၃၉၇၀၉ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း တက္ကသိုလ်ဝင်တန်း(ခ)မှ မသီရိကျော်၏ ဖခင်အမည်မှန်မှာ ၈/အလန(နိုင်)၁၁၂၇၇၄ အရ ဦးကျော်စိုးဝင်း ဖြစ်ပါကြောင်း။

## ချင်းပြည်နယ်တရားလွှတ်တော် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် တရားလွှတ်တော်မှ ချင်းပြည်နယ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တွန်းဇံမြို့နယ် တရားရုံးအဆောက်အအုံ
အလျား ပေ၇၀×အနံ ပေ ၃၀×
အမြင့် ၁၀ ပေ တစ်ထပ်အာရ်စီ
(ရေ၊ မီး၊ မိလ္လာလုပ်ငန်းများအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၇-၂၀၁၄ ရက်မှ ၂၂-၇-၂၀၁၄ ရက်အထိ ချင်းပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် ရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြော်ငြာခြင်းကို ၂၄-၇-၂၀၁၄ ရက် ၁၄း၀၀နာရီတွင် ပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များရှိပါက ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၇၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အမည်မှန်

မောင်သန်းထူးအောင်(ခ)မောင်ဘိုဘိုကျော် ၁၁/ဘသတ(နိုင်)၀၃၅၀၈၄၏ အမည်မှန်မှာ မောင်ဘိုဘိုကျော် ဖြစ်ပါသည်။ **မောင်ဘိုဘိုကျော်**

## တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နေ ဦးသီဟအောင် ၉/ကပတ(နိုင်) ၁၅၇၀၂၉ နှင့် ဦးကိုကိုအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၃

ဒေါ်နန်းမွေ(ခ)နန်းခင်လေးမြင့် **နှင့်** ဒေါ်ကြူကြူ
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်(၁၇/က)နေ ဒေါ်ကြူကြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းမွေ(ခ)နန်းခင်လေးမြင့်က အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကိုလက်ခံ၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကြွေ)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၂Z°၊ မြေကွက်အမှတ် V Class 254 ၊ မြေကွက်တည်နေရာ အမှတ်၄၉၊ (၁၆)လမ်း၊ လမ်းမတော်မြို့နယ်၊ Wee Boon Tin (Minor) under natural Guardian of We Kin Swee အမည်ပေါက် နှစ်(၃၀)ဂရန်သက်ကုန်မြေအား ဦးဟွန်ဝင်းအောင်(ခ)ဦးလေးလွင် ၁၂/လသန(နိုင်)၀၁၈၀၀၁ ကိုယ်စား ၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာ GP(၈၂၇၀/၂၃-၅-၂၀၁၃)ရရှိသူ ဒေါ်လင်ဂွမ်စွမ်(ခ)ဒေါ်ခင်ခင်မြင့် (၁၂/လသန(ဧည့်)၀၀၀၂၁၁က ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၇-၁-၂၀၁၃ရက်စွဲပါ အဆိုပါမြေအား ဦးဟွန်ဝင်းအောင်(ခ)ဦးလေးလွင်နှင့် အမွေဆက်ခံခွင့်ရှိသူ (၈) ဦးအပါအဝင် အမွေကြောင်းသက်ဝင်သူများအား အမွေဆက်ခံခွင့်ပြုသည့်အမိန့်၊ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတရားမကြီးမှုအမှတ် ၂၈၃/၂၀၁၃၏ ၁၂-၁၂-၂၀၁၃ ရက်စွဲပါ ဖော်ပြပါမြေအား ဦးလေးလွင်(ခ)ဦးဟွန်ဝင်းအောင် တစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့်စီရင်ချက်ဒီကရီနှင့်ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဒုတိယအကြိမ်နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးအခမ်းအနားအား ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ နှစ်စဉ်ကျင်းပပြုလုပ်သော နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဒုတိယအကြိမ်အဖြစ် ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားသို့ တက်ရောက်လိုသော အဖွဲ့ချုပ်ဝင်သင်္ဘောသားများသည် ဖိတ်စာများကို ၁၀-၇-၂၀၁၄ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံး အမှတ်(၅၃)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၀၁၅၉၂သို့ ဆက်သွယ်၍ ဖိတ်စာများကိုအခမဲ့ ထုတ်ယူတက်ရောက်နိုင်ကြပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

### နှစ်ပတ်လည်အစည်းအဝေးအတွက် အကြံပြုစာများလက်ခံခြင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးတွင် အဖွဲ့ဝင်သင်္ဘောသားများမှအဖွဲ့ချုပ်၏ တိုးတက်ရာတိုးတက်ကြောင်း အကြံပြုလိုသည့်ကိစ္စရပ်များကို အဖွဲ့ချုပ်ရုံး အမှတ် (၅၃)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ် ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၀၁၅၉၂သို့ ၇-၇-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် နှိုးဆော်ကြေညာအပ်ပါသည်။ ဖော်ပြပါသတ်မှတ်ရက်ထက်နောက်ကျ၍ တင်ပြလာမှုများကို အချိန်မီဆောင်ရွက်ပေးနိုင်မှု ခက်ခဲမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၄၅၁၊ မြေကွက်တည်နေရာအမှတ် ၄၅၁၊ သဇင်လမ်း (ဒုအရာခံဗိုလ်ဖဲမောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒုအရာခံဗိုလ်ဖဲမောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်ဥမ္မာဝင်း ၁၂/ကမရ(နိုင်)၀၁၄၅၆၆က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ပြင်ဦးလွင်မြို့နယ်တရားရုံး
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၆ နှင့်ဆက်သွယ်သည့် ၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၂၂

ဦးဇော်မင်းဦး **နှင့်** ၁။ ဒေါ်ခင်စန်းဝင်း
၂။ ဦးကျော်မြင့်
၃။ ဦးကျော်တင့်
၄။ ဒေါ်သက်သက်မာ
၅။ ဦးအောင်ရဲမိုး

**တရားနိုင်** **တရားရှုံးများ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅) နေ (၁) တရားရှုံး ဒေါ်ခင်စန်းဝင်း၊ (၂) တရားရှုံး ဦးကျော်မြင့်၊ (၃) တရားရှုံး ဦးကျော်တင့်၊ (၄) တရားရှုံး ဒေါ်သက်သက်မာ၊ (၅) တရားရှုံး ဦးအောင်ရဲမိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇော်မင်းဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၉ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**လှဲလှဲဝါ (တ/၂၆၀၄)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံသစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၆၅၂)၊ မြေကွက်တည်နေရာ အမှတ်(၆၅၂)၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမျိုးခင် DG-၀၁၂၅၁၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးမျိုးခင်နှင့် ဇနီးဒေါ်သန်းသန်း ကွယ်လွန်သဖြင့် (၁)ဒေါ်နီနီမျိုးခင် ၁၂/သကတ(နိုင်)၀၃၅၄၄၉၊ (၂)ဦးသန့်စင် ၆/ထဝန(နိုင်)၀၆၂၇၀၄၊ (၃)ဒေါ်ကေသီမျိုးခင် ၁၂/မရက(နိုင်)၀၆၆၈၇၆၊ (၄)ဒေါ်ခင်စန္ဒာ ၁၂/ပဘတ(နိုင်)၀၁၆၁၃၆၊ (၅)ဒေါ်မိုးသီတာမျိုးခင် ၁၂/ပဘတ(နိုင်)၀၁၅၆၈၆တို့အား သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် (၂၀၀၁)ခုနှစ် အရောင်းမြေပုံကူးလျှောက်ထားသော မှတ်ချက်အား မသိရှိကြောင်းနှင့် ပိုင်ဆိုင်မှုမူရင်းများ လက်ဝယ်ရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Banquet Hall ဝန်ထမ်းများအလိုရှိပါသည်

၁။ ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်ကဖွင့်လှစ်မည့် ပရိသတ်အင်အား၁၄၀၀ဆံ့ နိုင်ငံတကာအဆင့်မီ မင်္ဂလာခန်းမကြီး (Banqueting Hall)တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါရာထူး နေရာများအလိုရှိပါသည်-

| | | |
|---|---|---|
| (က) Banquet Manager | Male/Female | (1) post |
| (ခ) Senior Supervisor | Male/Female | (2) posts |
| (ဂ) Supervisor (or) Captain | Male/Female | (4) posts |
| (ဃ) Receptionist | Female | (2) posts |
| (င) Store keeper | Male (2) posts | |
| (စ) Kitchen Helper | Male/Female | (3) posts |
| (ဆ) Waiter/Waitress | Male/Female | (20)posts |
| (ဇ) Audio/Lighting Operator | Male | (2)posts |

၂။ အမှတ်စဉ်(က)မှ (ဃ)အထိ ရာထူးနေရာများအတွက် ဘွဲ့တစ်ခုခုရရှိထားပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိသူဖြစ်ရမည်။ အမှတ်စဉ်(င)မှ (ဆ)အထိ ရာထူးနေရာများအတွက် ရုပ်ရည်ပြေပြစ်၍ လုပ်ငန်းအတွေ့အကြုံရှိသူများဖြစ်ပြီး ဘွဲ့ရရှိသူကို ဦးစားပေးမည်။ အမှတ်စဉ်(ဇ)ရာထူးနေရာအတွက် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် CV အပြည့်အစုံနှင့်အတူ ၃၁-၇-၂၀၁၄ ရက် နောက်ဆုံးထား၍ Gandamar Wholesale ဂန္ဓမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် မရမ်းကုန်းမြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**Email-phyukhinnu2009@gmail.com**

**ph:657311, 657322, 657314, 657315, 657316**

# စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

## ကျန်းမာရေးနှင့် လှူဒါန်းမှု

မေတ္တာရှင်ဆရာတော်သည် ၂၀၀၀ ခုနှစ်မှစ၍ နေ့စဉ်ရက်ဆက် မြန်မာပြည်တစ်ဝန်း တရားဟောကြားခဲ့ရာ လည်ချောင်း၌ဒဏ်ဖြစ်၍ ဆရာဝန်က တရားဟောမှု ရပ်နားရန် အကြံပေးခြင်းခံရပါသည်။ သို့သော် အနားမယူဘဲ ဆက်လက်ဟောကြားခဲ့ရာ ၂၀၁၃ ခုနှစ် ၄ လပိုင်းတွင် တရားဟောရင်း သွေးပါလာသဖြင့် ဆေးရုံတက်ရသော်လည်း ရက်ရှည်အနားမယူနိုင်ခဲ့ပါ။

ယခု ၂၀၁၄ ခုနှစ် တရားဟောရင်း လည်ချောင်းဒဏ်ရာပြင်းထန်လာ၍ ရုတ်တရက်မဖြစ်မနေ အနားယူလိုက်ရသည်။ ယခင်က လည်ချောင်းရောဂါကုသပြီးလျှင် ပရဟိတလုပ်ငန်းများအား ထောက်ပံ့ဖို့အတွက် တရားဆက်ဟောရန်အားခဲထားပါသည်။

သို့သော် မကြာခင်က ချော်လဲရာမှတစ်ဆင့် ခါးရိုးထိခိုက်၍ နာတာရှည်ခါးနာဝေဒနာကိုပါ ဆက်လက်ခံစားနေရပါသည်။ ဆေးဝါးဓာတ်စာများကို အပြစ်လွတ်စွာ စားသုံးနိုင်ရန်အတွက် ဝိုင်းဝန်းအကြံပေးချက်အရ ယခုအခါ လူဝတ်လဲထားရပါသည်။ သို့သော်လည်း ဘာသာရေး၊ လူမှုရေး၊ ပရဟိတအလှူများကို စွမ်းနိုင်သမျှ ဆက်လက်လှူဒါန်းရန် ရည်ရွယ်ထားပါသည်။ အထူးအားဖြင့် နွမ်းပါးတက္ကသိုလ်ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့မှု၊ နွမ်းပါးမျက်စိဝေဒနာရှင်များအား ခွဲစိတ်လှူဒါန်းမှုများကို ရွှေပြည်သာစာပေမှ စာအုပ်ရောင်းရငွေများနှင့် မေတ္တာရှင်ဖောင်ဒေးရှင်း(ရွှေပြည်သာ)မှတစ်ဆင့် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

ဆရာတော်သည် သာသနာအကျိုး၊ အများအကျိုးအတွက် ရဟန်းငယ်ဘဝမှစ၍ ကိုယ်ကျိုးမငဲ့ဘဲ ဦးဆောင်လုပ်ခဲ့ရာ မကျန်းမမာဖြစ်သည့် ယခုအသက်(၅၀)တိုင် အောင်ပင်ဖြစ်သည်။

မကျန်းမာသည့်ကြားမှ ဆရာတော်ပျိုးထောင်ထောက်ပံ့ခဲ့သော ပရဟိတလုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန်အတွက် အဘက်ဘက်မှ ဆရာတော်ရရှိရန်ရှိသော ဝတ္ထုငွေများအားစုပေါင်း၍ အောက်ပါအတိုင်း ခွဲဝေလှူဒါန်းသွားရန် စီစဉ်လျက်ရှိသည်။

| | |
|---|---|
| မေတ္တာရှင်အမျိုးသမီးမိဘမဲ့ဂေဟာ(မအူပင်) | ကျပ်သိန်း ၈၀၀ |
| နတ်မောက်မြို့နယ်၊ မှိုက်ပင်ရွာ၊ မူလတန်းလွန်ကျောင်းဆောက်ရန် | ကျပ်သိန်း ၃၀၀ |
| ဒီပဲရင်းမြို့နယ်၊စိုင်ပြင်ကြီးရွာ၊လယ်တီကျောက်စာရုံအတွက် | ကျပ်သိန်း ၂၀၀ |
| ရပ်စောက်မြို့၊ ရွှေပြည်သာရိပ်သာ၊ လျှပ်စစ်မီးသွယ်ရန် | ကျပ်သိန်း ၂၀၀ |
| မေတ္တာရှင်ဖောင်ဒေးရှင်း စစ်ကိုင်းအတွက် | ကျပ်သိန်း ၂၀၀ |
| မေတ္တာရှင်ဖောင်ဒေးရှင်း ရွှေပြည်သာအတွက် | ကျပ်သိန်း ၂၀၀ |
| ငါးသိုင်းချောင်းမြို့နယ်၊ ရှေးဟောင်းဘုရားပြန်တည်ရန် | ကျပ်သိန်း ၁၅၀ |
| မတ္တရာမြို့နယ်၊ နံ့သာမြိုင်အနာကြီးရောဂါသည်များ ပညာရေး၊ ကျန်းမာရေး | ကျပ်သိန်း ၁၀၀ |
| လှည်းကူးမြို့နယ်၊ မရမ်းချောင်းအနာကြီးရောဂါသည်များ ပညာရေး၊ ကျန်းမာရေး | ကျပ်သိန်း ၁၀၀ |
| ကော့သောင်းမြို့၊ ဝေနေယျသုခရိပ်သာ၊ ယဉ်ကျေးလိမ္မာသင်တန်းကလေးများအတွက် ရေကူးကန်လုပ်ရန် | ကျပ်သိန်း ၁၀၀ |

ကျပ်သိန်းပေါင်း (နှစ်ထောင့်သုံးရာ့ငါးဆယ်)

ပရဟိတလုပ်ငန်းများစတင်ထောက်ပံ့တည်ထောင်စဉ်ကတည်းက ဆရာတော်ကိုယ်ကျိုးအတွက်မဟုတ်၊ နွမ်းပါးသူရဟန်းရှင်လူအများအကျိုးအတွက်သာဖြစ်သည်။ ထို့ကြောင့် ဆရာတော်အနားယူဆေးကုသမှုခံယူစဉ်ကာလအတွင်း သက်ဆိုင်ရာပရဟိတအဖွဲ့များသို့ တတ်စွမ်းသမျှ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မေတ္တာရပ်ခံ အသိပေးလိုပါသည်။

**ရွှေပြည်သာစာပေ**
**ဆက်သွယ်လှူဒါန်းရန်ဖုန်းနံပါတ်များ**

၁။ မေတ္တာရှင်အမျိုးသမီး မိဘမဲ့ဂေဟာအတွက်
နော်လင်းလင်းမြတ်ထွန်း ဖုန်း-၀၉-၄၂၂၄၈၉၈၈၉၊ ဦးသူမင်းထိုက် ဖုန်း-၀၉-၅၀၆၀၈၂၆

၂။ လယ်တီကျောက်စာရုံနှင့် ကျောက်စာချပ်ရေ သုံးရာကျော်အတွက်
တစ်ချပ်သုံးသိန်းဖြင့်လှူနိုင်ရန် ဦးခင်မောင်ဝင်း ဖုန်း-၀၉-၄၀၀၅၀၈၆၆၆

၃။ ရပ်စောက်မြို့၊ ရွှေပြည်သာဓမ္မရိပ်သာ ဘက်စုံနှင့်လျှပ်စစ်မီးအတွက်
ဦးကောမလ(ဆန်နီနေမင်း) ဖုန်း-၀၉-၇၃၀၆၉၅၄၉၊ ၀၉-၃၃၀၇၉၇၂၁

၄။ မေတ္တာရှင်ဖောင်ဒေးရှင်းစစ်ကိုင်း
ဦးကောဝိဒ ဖုန်း-၀၉-၂၁၁၀၂၀၂

၅။ မေတ္တာရှင်ဖောင်ဒေးရှင်းရွှေပြည်သာ
ဦးစိုးတင့် ဖုန်း-၀၉-၅၀၁၆၆၆၃

၆။ မတ္တရာအနာကြီးရောဂါသည်များအတွက်
ဒေါက်တာမြတ်သီတာ ဖုန်း-၀၉-၆၅၀၂၅၈၃၊ ၀၉-၆၅၀၂၅၇၃

၇။ မရမ်းချောင်းအနာကြီးရောဂါသည်များအတွက်
ဦးတင်မောင်အေး (ခ) ကိုငယ်လေး ဖုန်း-၀၉-၇၃၂၅၅၄၄၄

၈။ ငါးသိုင်းချောင်း ရှေးဟောင်းဘုရားပြန်တည်ရန်
ဦးသူမင်းထိုက် ဖုန်း-၀၉-၅၀၆၀၈၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၂၄)၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ စတုရန်းပေ၂၄၀၀ ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမြို့မြေစာရင်းတွင် ဦးမောင်လုံး ၁၂/တမန(နိုင်)၀၄၂၇၄၁ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။

အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အမည်ပေါက်ပိုင်ရှင် ဦးမောင်လုံးထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၂၀-၃-၂၀၁၄ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၃၇၉/၂၀၁၄)အရ လွှဲအပ်ခြင်းခံရသူ ဦးသန်းဝင်း ၁၀/မလမ(နိုင်)၀၀၁၉၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါပစ္စည်း၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုထွန်း LL.B, D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၄)**
**အမှတ်(၂၂၈/က)၊ မိဂသီလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၇၁၁၅၃၊ ၀၉-၄၂၀၀၃၆၇၄၀**

## ဝန်ထမ်းအမြန်အလိုရှိသည်

**Kinetic Myanmar Technology Co., Limited**

**အမှတ် ၇၉၇၊ အခန်း 702-A, MAC Tower II, ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

1. **Telecom Engineer** — ကျား ၂၀ ဦး
B.E, B.Tech, AGTI (EC, IT, Mechatronic) ဘွဲ့ရဖြစ်ရမည်။

2. **Electrical Engineer** — ကျား ၁၀ ဦး
B.E, B.Tech, AGTI (EP, Mechatronic) ဘွဲ့ရဖြစ်ရမည်။

3. **Telecom Technician** — ကျား ၁၀ ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
ကျန်းမာသန်စွမ်းပြီး Telecom နည်းပညာ စိတ်ဝင်စားသူဖြစ်ရမည်။

*** အထက်ပါအမှတ်စဉ် (1,2,3)ရာထူးများအတွက်-
သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူဖြစ်ရမည်။ အသက်(၂၅)နှစ်အထက်ရှိသူ ဦးစားပေးမည်။
လိုအပ်သော Training များ စီစဉ်ပေးမည်။
ခရီးသွားလာနိုင်သူဖြစ်ရမည်။
အထက်ပါရာထူးများအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ Engineer များ လျှောက်ထားနိုင်ပြီး ဒေသခံ Engineer များကို ဦးစားပေးမည်။

4. **Business Development (Assistant Manager/Manager)** — ကျား/မ ၂ ဦး
B.E, B.Tech, AGTI ဘွဲ့ရဦးစားပေးမည်။ (အမျိုးသမီးအင်ဂျင်နီယာများကို ဦးစားပေးမည်။)
အသက် (၂၅)နှစ်အထက် ဦးစားပေးမည်။
English စာကျွမ်းကျင်သူ ဦးစားပေးမည်။

5. **ယာဉ်မောင်း** — ကျား ၃ ဦး
ယာဉ်မောင်းလိုင်စင်သက်တမ်း (၂)ရှိသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံတစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လေဘာကတ်ပြားမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်နှင့်အောင်လက်မှတ်မိတ္တူများ ယူဆောင်၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင်လျှောက်ထားနိုင်ပါသည်။

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ပဲခူးခရိုင် နယ်တရားမရုံးတော်၌**
**၂၀၁၂ ခုနှစ် ဇာရီမှုအမှတ် -၅၉**

မန်နေဂျာ နှင့် ဦးညွန့်ဝေ
မြန်မာ့စီးပွားရေးဘဏ်
ပဲခူးမြို့။
**ဒီကရီရသူ** **တရားရှုံး**

ပဲခူးခရိုင်နယ်တရားမရုံးတော်က ၂၀၀၅ ခုနှစ် တရားမမှုအမှတ် ၆၆ တွင် စရိတ်များအပါအဝင် ငွေ ၂၆၁၇၀၁၃၇/၃၇အတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ပစ္စည်းရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှအစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါတရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့ကို တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

**ပစ္စည်းစာရင်း**

၁။ ပဲခူးမြို့၊ မြို့မ(၁)ရပ်ကွက်၊ နန်းတော်ရာရပ်ကွက်၊ အကွက်အမှတ် ၁၇(အိုင်)၊ ဦးပိုင် (၄၃-က)၊ (၄၃-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၄၁ဧကရှိ မြေနှင့်နှစ်ထပ်တိုက်ဟုခေါ်တွင်သော အမှတ် (၁၇၅)၊ မြင်တော်သာဖြတ်လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊

**ကြမ်းခင်းဈေး ငွေကျပ်သိန်း ၃၀၀ (သိန်းသုံးရာတိတိ)**

၂။ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်အမှတ် (၂)၊ မြေတိုင်းရပ်ကွက် (၃)၊ မြေကွက်အမှတ်(၃၀)၊ ဧရိယာ ၀ဒသမ၀၆၂ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်ဟုခေါ်တွင်သော အမှတ် ၃၀၊ ဘုရင့်နောင်လမ်း၊ (၂/၃)ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့။

**ကြမ်းခင်းဈေးငွေကျပ်သိန်း ၁၆၀ (သိန်းတစ်ရာ့ခြောက်ဆယ်တိတိ)**

**ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ**

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

**တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။**

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏အတိုးငွေကို ရောင်းချသည့်အခါတွင်ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှအချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကိုချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည့်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကိုရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**ခရိုင်တရားသူကြီး၊ ပဲခူးခရိုင်တရားရုံး**

## ဒေါ်စိန်ရွှေမြ
**(စစ်တွေ)**
**အသက်(၉၁)နှစ်**

အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် ၄၃ နေ(ဦးမြသာထွန်း-ဒေါ်ထွီးမဖြူ)တို့၏သမီး၊ (ဦးစိန်နီထွန်း-ဒေါ်စိန်မြင့်)တို့၏သမီးချွေးမ၊ (ဦးမောင်သိန်း၊ ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)၏ဇနီး၊ ဒေါ်အေးနု-ဦးအောင်ကျော်စိန်၊ ဦးမြသိန်း-ဒေါ်ခင်ခင်စံ၊ ဒေါ်အေးညွန့်-(ဦးစံလှမောင်)၊ ဦးခင်သိန်း-ဒေါ်သန်းသန်းရွှေ၊ ဦးအေးသိန်း-ဒေါ်သိန်းသိန်းမော်၊ ဦးစိန်ရွှေ-ဒေါ်ခင်စောခိုင်၊ ဦးအောင်ကျော်မင်း-ဒေါ်မူမူတို့၏မိခင်၊ မြေး ၂၁ ယောက်တို့၏အဘောင်ရှင်၊ မြစ် ၁၃ ယောက်တို့၏ အဖီးရှင်သည် ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၇- ၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီနှင့် တာမွေမြို့နယ်၊ ကျားကွက်သစ်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ အမှတ် ၅၁မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဂန္ဓကုဋိ၊ ရွှေစင်၊ ရွှေပြား ဒါယိကာမကြီး
## ဒေါ်ကြင်ရီ
**(ဦးစိုးမောင်-စက်မှုလက်မှု)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၃၇နေ (ဦးအချွန်-ဒေါ်မြရွှေ)တို့၏သမီး၊ (ဦးစိုးမောင်၊ ဦးစိုးမောင်စက်မှုလက်မှု)၏ဇနီး၊ ဦးခင်စိုး Techno Eyes Co Tokyo Kawabe Sayuri San ၊ ဒေါ်တင်တင်စိုး၊ ဦးကျော်စိုး၊ ဒေါ်ကြည်ကြည်စိုး၊ (ဦးမောင်မောင်စိုး)၊ ဒေါ်မြတ်မြတ်စိုးတို့၏မိခင်၊ တူ၊တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂၉-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ ၃း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာဒေါ်နီနီအောင်
**M.B.,B.S, M.Med.Sc,(OG), F.R.C.O.G(UK)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ယုဇနကွန်ဒို၊ တိုက်အမှတ် ၆၇/C၊ အခန်း ၂C နေ(ဗိုလ်မှူးဖေအောင်)-ဒေါ်မေမေခင်တို့၏သမီးကြီး၊ (ဦးမျိုးဟိန်း)-ဒေါ်ဝါဝါအောင်တို့၏အစ်မ၊ (ဦးလှမင်း-ဒေါ်လှခင်)၊ ဦးရဲမြင့်-ဒေါ်ခင်စန်းရီ၊ ဒေါ်အတာညို(လူမှုဝန်ထမ်း)၊ ဦးခွန်တင်မောင်မောင်(ရဲမှူး၊ ငြိမ်း)-(ဒေါ် ကြင်ကြင်ဦး)၊ ဦးရင်မောင်မောင်-ဒေါ် စန်းချစ်တို့၏တူမ၊ ဦးဇော်မင်းထွန်း-ဒေါက်တာမြမွန်ရည်၊ ဒေါက်တာရဲနောင်လတ်-ဒေါ်ခင်မင်းထွေးတို့၏ မွေးစားမိခင်သည် ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းနွဲ့ (ကျုံဒိုး)
**အသက်(၆၅)နှစ်**

တာမွေမြို့နယ်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ အမှတ် ၄၄၊ ဓမ္မစိန္တာလမ်းနေ (ဦးဖိုးသွက်-ဒေါ်သောင်းရင်)တို့၏သမီးကြီး၊ ဦးရဲမြင့်-ဒေါ်တင်တင်အေး၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်ငွေတို့၏အစ်မ၊ ဦးအောင်ကျော်စံ၊ ဦးသန်းစိုးမြင့်၊ မဇင်မာဝင့်၊ ဦးခိုင်ငြိမ်းဝင်း-မဇင်မာတင့်၊ ဦးအေးမင်း၊ မဖြိုးပပအေး၊ မောင်အောင်ဆန်းဦး၊ မောင်ထိန်လင်းဦး၊ မဇင်မာဦး၊ မချိုမာဦးတို့၏ကြီးမေ၊ မဖြိုးသီရိကျော်၏အဘွားသည် ၃၀-၆-၂၀၁၄ရက်(တနင်္လာနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုကြီး
**(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ပထဝီဌာန၊ မိတ္ထီလာတက္ကသိုလ်)**
**အသက် (၆၄)နှစ်**

ဆရာမ ဒေါ်သန်းသန်းအေး (ကထိက၊ ဌာနမှူး-ငြိမ်း၊ ဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်၊ မကွေး)၏ခင်ပွန်းသည် ၂၆-၆-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(တပည့်များအပေါ်ကြင်နာတတ်သောဆရာ ကောင်းရာသုဂတိလားပါစေ)

**ကချင်ပြည်နယ်ဒေသကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးကျော်နိုင် (စ·ခ·မ·၂) မြန်မာ့မီးရထား
**အသက် (၄၆)နှစ်**

ကိုရေ-စန္ဒာတို့သားအမိကိုထားခဲ့ပြီး ထွက်ခွာသွားခဲ့တာ ၁-၇-၂၀၁၄ ရက်မှာ တစ်လပြည့်ခဲ့ပါပြီ။ ကျန်ရစ်သူမိသားစုနဲ့ သူငယ်ချင်းများရဲ့ရင်ထဲမှာ အမြဲလွမ်းဆွတ် သတိရလျက်ရှိပါတယ်။ ကို့အားရည်စူး၍ နေ့စဉ်ပြုသမျှကုသိုလ်ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ ရောက်ရှိရာမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**ချစ်ဇနီး - စန္ဒာ (မြဲသရဖူ အသောကဈေး)**
**သားလေး - ထွန်းချမ်းမင်းပိုင် (အထက-၂၊ တာမွေ)**

## ဦးဇော်မြတ်
**B.C.Sc(Computer Science)**
**အသက်(၄၀)**

ကော့သောင်းမြို့နေ ဦးအဝ့ပ်-ဒေါ်ရှုကြည်တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၆၅(က)၊ တော်ဝင်လမ်းနေ ဦးကြူးခင်-ဒေါ်ငွေရွှေတို့၏သားသမက်၊ ဦးမောင်မောင်ခင်-ဒေါက်တာမြင့်မြင့်အေးတို့၏ညီ၊ ဦးအောင်အောင်ခင်(USA)-ဒေါ်ဝင်းနေဇာအေး(USA)တို့၏အစ်ကို၊ ဒေါ်နီနီခင်၏ခင်ပွန်း၊ မောင်လင်းမြတ်ဦး (G-1, I.S.M)၊ မောင်ဟိန်းမြတ်ဦးတို့၏ဖခင်သည် ၂၇-၆-၂၀၁၄ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကော့သောင်းမြို့ ခုနစ်မိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၅၂၅၊ Honda C 90 Custom cm M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြစန်းရီ ၉/မရမ(နိုင်)၀၄၆၄၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီးလှအောင် (ငြိမ်း)

**ကြည်း-၁၃၀၈၄ (DSA အမှတ်စဉ်-၁၆)**

**(ညွှန်မှူး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ငြိမ်း)**

**အသက်(၆၂)နှစ်**

အမှတ် (၁၀၄/၂၃/၁)၊ အကွက်(၆)၊ ဒေါနဘွားရပ်ကွက်၊ ဇဝရတ်လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေ (ဦးချစ်လှိုင်-ဒေါ်တင်လှ)တို့၏သားကြီး၊ (ဦးညွန့်တင်-ဒေါ်ခင်စန်း)တို့၏သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးတင်မိုးနိုင်-ဒေါ်သိမ့်သိမ့်ဇင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးလှအောင်(ငြိမ်း)သည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၀ နာရီတွင် ကလောမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးမောင်မောင်စိုး (ငြိမ်း)

**ကြည်း-၁၃၀၄၉၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)**

**အသက်(၆၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်နေ ဒေါ်ခင်သန်းငွေ၏ခင်ပွန်း၊ မောင်မောင်ဖြိုးနိုင်-မအေးအေးလွင် (ခေတ္တ-စင်ကာပူ)၊ ကိုချမ်းငြိမ်းမောင်၊ ဗိုလ်မှူးသိန်းနိုင်ထွန်း-ဒေါက်တာမီမီသက်၊ မောင်ကျော်ရန်နိုင်တို့၏ဖခင် ဗိုလ်မှူးမောင်မောင်စိုး(ငြိမ်း)သည် ၂၇-၆-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

### ဦးစိန်အောင် အသက်(၇၄)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ကြေးတိုင်နှင့်မြေစာရင်း**

**(က·က·ဌေ) ဝန်ထမ်းဟောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုဓမ္မာလမ်း၊ အမှတ် ၉၄နေ (ဦးလှမောင်-ဒေါ်နီ)တို့၏သား၊ ဒေါ်ခင်နွဲ့(ကုန်တိုက်-၁၊ ငြိမ်း)၏ခင်ပွန်း၊ ကိုဇော်နိုင်ထွန်း-မသင်းသင်းနွဲ့ (ဇီဇဝါ စက်သုံးဆီသယ်ယူပို့ဆောင်ရေး)၊ ကိုကျော်ကျော်ဦး(Master. F.G) (Miraco Marine Cat: ld)-မထက်ထက်အောင်၊ ကိုအောင်မျိုးဟိန်း-မမြတ်မိမိကျော်(ဇီဇဝါစက်သုံးဆီသယ်ယူပို့ဆောင်ရေး)တို့၏ဖခင်၊ မောင်ထက်မင်းပိုင်၊ မောင်ဝင့်ကျော်အောင်(TTC Grade-10 (K)၊ မပုလဲသီရိ[P.IV.(I) ILBC]၊ မောင်ပြည့်နန္ဒာကျော်[P.II(C) ILBC]၊ မမျိုးမြတ်သီရိ(N:E.L.C)တို့၏ အဘိုးသည် ၁-၇-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်လှနွယ်

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အမက(၁၂) တ/ဥ**

**အသက်(၆၉)နှစ်**

ဗိုလ်ကြီးကျော်သူစိုး(ငြိမ်း) [ First Officer (Air Bagan)]၊ ဒေါ်ယဉ်ယဉ်နွယ်စိုး(Myanmar Treasure Resorts)တို့၏ကျေးဇူးရှင်မိခင် ဒေါ်ခင်လှနွယ်သည် ၂၈-၆-၂၀၁၄ရက် (စနေနေ့) နံနက် ၈း၂၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Kandawgyi Palace Hotel**
**Aureum Palace Hotels & Resorts**
**Myanmar Treasure Resorts**
**Management အဖွဲ့နှင့်ဝန်ထမ်းများ**

---

### ဒေါ်ခင်မြင့်မူ (ခိုင်ခိုင်)

**အသက်(၅၇)နှစ်**

(ဗိုလ်မှူးကျော်ဒင် - ဒေါ်မြင့်မြင့်ရွှေ)တို့၏သမီး၊ (ဒုတိယဗိုလ်မှူးကြီးသန်းညွန့်)-ဒေါ်ခင်ရီတို့၏သမီးချွေးမ၊ ဦးအောင်ခိုင်(Chief Engineer)၏ဇနီး၊ ကိုဆန္ဒအောင်၊ မမေဦးခိုင်(ခေတ္တ-စင်ကာပူ)၊ မမေလှိုင်ဦး-Nicolas Guillaud တို့၏မိခင်၊ ဒေါ်ခင်နွဲ့မူ-(ဦးဇော်မင်း)၊ ဒေါ်ခင်ဖုန်းမူတို့၏ညီမ၊ ဒေါ်ခင်လေးမူ၏အစ်မ၊ မသဇင်(ခေတ္တ-စင်ကာပူ)၏အဒေါ်သည် ၁-၇-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၃၈၂/၁၃၈၃၊ ရှုခင်းသာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၄ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### မလီလီ(ခ)အဝီး

**(ဝါစန်း ကျောက်ဖရုံယိုဆိုင်၊ ၂၄လမ်း)**

**အသက်(၅၆)နှစ်**

(ဦးအောင်ဝါချီ-ဒေါ်လီမေရှု)တို့၏သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၄လမ်း၊အမှတ် ၁၁၁(မြေညီထပ်)နေ ဒေါ်အောင်ထွေးစိန်၏ညီမ၊ [မောင်ကိန်းဖီ(ခ)မင်းမင်း]၊ ဒေါ်လှရီ၊ ဦးထွန်းဖေ-ဒေါ်သက်သက်ဆွေ (လှိုင်သာယာ၊ အောင်စကြာလမ်း)၊ ဦးဟော့ဖေ၊ မထွေးလေးတို့၏အစ်မ၊ မဇင်ဇင်ဝေ၊ မောင်မင်းသိန်းကျော်-မမေချူးလွင်၊ မောင်ဝေယံဟိန်းတို့၏ကြီးဒေါ်၊ မြေးတစ်ယောက်၏အဘွားသည် ၃၀-၆-၂၀၁၄ရက် ညနေ ၄း၄၅နာရီတွင် အင်းစိန်မြို့နယ် သီရိစန္ဒာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(လသာမြို့နယ်၊ ၂၄လမ်း နေအိမ်နှင့် လှိုင်သာယာ၊ အောင်စကြာလမ်း နေအိမ်တို့မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်နီနီတင် (ပေါင်းတည်မြို့)

**(LL.B, DBL)**

**အထက်တန်းရှေ့နေ**

**အသက်(၅၆)နှစ်**

ပေါင်းတည်မြို့၊ ၁၄လမ်းနေ (ဦးအောင်တင် - ဒေါ်သန်းရင်)တို့၏သမီး၊ ဦးဟန်မြင့် - ဒေါ်နွဲ့နွဲ့တင်၊ (ဦးသက်တင်)၊ ဦးဇော်တင်-ဒေါ်သီတာဝင်း၊ ဦးနန္ဒလှိုင်-ဒေါ်ကြူကြူတင်တို့၏ညီမ၊ ဦးကျော်ဦး-ဒေါ်မူမူတင်၊ ဦးမိုးသူရ-ဒေါ်တင်သန်းအေး၊ ဦးအောင်စိုး - ဒေါ်တင်ချိုစန်းတို့၏အစ်မ၊ တူ/တူမ ၁၁ယောက်တို့၏အဒေါ်သည် ၃၀-၆-၂၀၁၄ရက် ည ၈နာရီတွင် လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက် ၆၀၊ အခန်း ၃၀၃ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်လှမြင့် (ရန်ကုန်)

**အသက်(၉၄)နှစ်**

Sydney, Australia နေ (ဦးသိန်းမောင်)၏ဇနီး၊(ဦးဘဘ-ဒေါ်ကြင်ဦး)တို့၏သမီးကြီး၊ (ဒေါ်ထွန်းမေ)၏အစ်မ၊ ဒေါက်တာမြင့်မြင့်သိန်း-ဦးတင်ထွန်း (Australia)၊ ဒေါက်တာခင်သိန်း-ဒေါက်တာနီနီခင်(USA)၊ ဒေါက်တာထွန်းသိန်း-ဒေါ်နီလာ(USA)၊ ဒေါက်တာ Maisie Dong-ဒေါက်တာ James Dong (Australia)၊ ဒေါက်တာလှလှသိန်း(Canada)တို့၏မိခင်၊ ဒေါက်တာဝင့်သန့်အေး၊ Min Dong၊ ဒေါက်တာသန့်ဇင်သိန်း၊ Sai Shai Wan, Sandy Dong, Kimberly Tin, Amy Thein တို့၏အဘွားသည် ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅နာရီတွင် Castle Brook Memorial Park, Windror Road, Rouse Hill NSW 2155, Australia၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ ပဏ္ဍိတာရာမဘုန်းတော်ကြီးကျောင်း 70 Market Street, Smithfield NSW 2164, Sydney, Australia သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်ဝိုက် (နတ်မောက်)

**ဌာနစုမန်နေဂျာ၊ စီမံ(၅) (ငြိမ်း)**

**ကုန်သွယ်/လယ်ယာ**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၇၇နေ (ဦးထွန်းစိန်-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးအောင်-ဒေါ်မာရီအောင်)တို့၏သမီးချွေးမ၊ (ဦးစံရင်-ဒေါ်စိန်ချော)၊ ဦးလေးအောင်တို့၏ညီမ၊ ဦးဉာဏ်အောင် (ဒု/ညွှန်မှူး၊ မိုး/ဇလ၊ ငြိမ်း)၏ဇနီး၊ မနန္ဒာအောင် (UNICEF)၏မိခင်သည် ၃၀-၆-၂၀၁၄ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးသိန်းအောင်(ခ)ဦးကုလား

**အသက်(၇၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ နယ်ဝဲကြီးကျေးရွာ၊ (ကန်တောင်ကျောင်းတိုက်)နေ ဦးဇဝနသိဒ္ဓိ၏ရဟန်းဒါယကာ၊ ကျောက်တံခါးမြို့နယ်၊ ကျွန်းချောင်းကျေးရွာနေ ဒေါ်မြခင်၊ (ဦးကျော်လှိုင်)-ဒေါ်မြသင်တို့၏မောင်၊ ကျောက်တံခါးမြို့နေ ဦးတင်အောင်-ဒေါ်သိန်းညွန့်၊ (ဦးနီတာ)-ဒေါ်အေးသိန်း၊ ဦးမျိုးမြင့်-ဒေါ်သန်းအေး၊ (ဦးဖိုးသံ)-ဒေါ်တင်စိန်၊ ဦးကြင်စိုး၊ ဒေါ်စိုးကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ (ဦးမြင့်ဦး)-ဒေါ်ညွန့်ညွန့်သန်း၊ ဒေါ်ကြင်ဝင်း၊ ဦးအောင်ဆန်းဝင်း-ဒေါ်ခင်စိုးစံအောင်၊ ဦးကြည်စိုး၊ ဦးတင်ထွန်းဦး၊ မလှဆန်းရီ(လှဆန်းယဉ်ဆန်ရောင်းဝယ်ရေး)၊ ဒေါ်ပညာစာရီ၊ ဗိုလ်မှူးဆန်းယုသိန်း-မစန်းမြင့်မူတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ (ဒေါ်မြခင်)၏ခင်ပွန်းသည် ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့)ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ် ၁၉၃၅ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

အလုပ်အမှုဆောင်အဖွဲ့

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ထွေးကြည်

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဗောဓိညောင်ပင်လမ်းသွယ်၊ အမှတ် ၄-၂၂/ခနေ (ဦးဘသော်-ဒေါ်ချစ်မ)တို့၏သမီး၊ (ဦးအောင်ခင်)-ဒေါ်တင်နုတို့၏ညီမ၊ [ဦးထွန်းဝင်းလှ@ Patrick CLD psa corporation Ltd.]-ဒေါ်စန်းစန်းဦး၊ ဦးညွန့်ဝင်း-ဒေါ်ခင်သန်းနွယ်၊ ဦးမောင်မောင်ကြိုင်-ဒေါ်နီနီဝင်း၊ ဦးအေးသိန်း-ဒေါ်စန္ဒာသွင်၊ ဦးဝင်းထွေးအောင်-ဒေါ်မိမိခင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးမြသွင်၊ စခန်းမှူး၊ ငြိမ်း)၏ဇနီးသည် ၃၀-၆-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဖော့ကန်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီနှင့် သဃ်ာန်းကျွန်းနေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်မြမြသန်း (မြင်းခြံမြို့)

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

**ချန်ပီယန် ဆန်ရောင်းဝယ်ရေး**

**အသက်(၆၈)နှစ်**

မြင်းခြံမြို့၊ (၇)ရပ်ကွက်၊ ဈေးကြီးအရှေ့ဘက်နေ (ဦးဘကြွယ်-ဒေါ်ခင်စိန်)တို့၏ချွေးမ၊ ဦးရှိန်းမောင်(ကုန်သွယ်ရေး၊ ငြိမ်း၊ ချန်ပီယန် ဆန်ရောင်းဝယ်ရေး)၏ဇနီး၊ မခင်နန္ဒာ၊ မောင်ကျော်ခေါင်တို့၏မိခင်သည် ၂၈-၆-၂၀၁၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်မြမြသန်း (မြင်းခြံမြို့)

**ကုန်သွယ်/လယ်ယာ(ငြိမ်း)၊ ချန်ပီယန်ဆန်ရောင်းဝယ်ရေး**

**အသက်(၆၈)နှစ်**

မြင်းခြံမြို့၊ (၁၆)ရပ်ကွက်၊ တိုက်အမှတ် ခ/၅၉နေ (ဦးအောင်မြိုင်-ဒေါ်လေးငယ်)တို့၏သမီး၊ မိုးကုတ်မြို့နေ ဦးထွန်းမြင့်(အခွန်ဦးစီးမှူး၊ ငြိမ်း)-ဒေါ်စောဝင်းနွဲ့၊ ပခုက္ကူမြို့နေ ဦးသန်းညွန့်(စက်ရုံမှူး၊ အမှတ်-၃၊ စီးကရက်စက်ရုံ၊ Blue Diamond)-ဒေါ်ကြူကြူသိန်း(စာရင်းစစ်အရာရှိ၊ ငြိမ်း)၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံ လေဆိပ်ရဲစခန်းဝင်းနေ ဦးလှသိန်း (မြန်မာ့လေကြောင်း)-ရဲအုပ်ခင်ဆွေငြိမ်း(အင်းစိန်မြို့နယ်မှူးရုံး)၊ မြင်းခြံမြို့နေ ဒေါ်ခင်သန်းမြိုင်၊ ဒေါ်ခင်အေးမြိုင်(အထက-၁၊ အထပြ)၊ ဦးဟန်စိုးအောင်-ဒေါ်ချောစု(ခေတ္တ-USA)၊ (ဗိုလ်ကြီးသိန်းထွန်း၊ ငြိမ်း)-ဒေါ်ယုယုဆွေ (မြင့်မိုရ်နန်း အမျိုးသမီးဘော်ဒါဆောင်)၊ ဗိုလ်မှူးဟန်မိုးအောင်(ငြိမ်း)(ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)-ဒေါ်သီတာဦး၊ ဦးဟန်ဇော်အောင် (ကောင်း ပဲမှုန့်လုပ်ငန်း၊ မြင်းခြံမြို့)တို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးကြီးသည် ၂၈-၆-၂၀၁၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ရက် ညနေ ၃နာရီတွင် မြင်းခြံမြို့ ဇီးတောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု

---

ရဟန်းဒါယကာကြီး

### ဦးသိန်း (တောင်ငူအသင်း)

**စက်မှု(၁)၊အလုံမီးခံဘိလပ်မြေပြား စက်ရုံမှူး(ငြိမ်း)**

**အသက်(၉၀)**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ထီးလှိုင် (၁)ရပ်ကွက်နေ (ဦးကံကြီး-ဒေါ်ငွေပွင့်)တို့၏သား၊ ဦးရွှေရိုး-(ဒေါ်ပွေး)တို့၏သားသမက်၊ (ဦးရန်ကြီးအောင်-ဒေါ်တုတ်)၊ (ဦးသန်း-ဒေါ်အုန်းရင်)၊ (ဦးထွန်းဖေ-ဒေါ်ကြည်)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၃လမ်း၊ အမှတ် ၆၁နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ကိုကျော်မင်းထွဋ် (ခေတ္တ-စင်ကာပူ) - မခင်လေးရီ (5 Network)၊ မောင်ကျော်လင်းသိန်း၊ မသွယ်သွယ်သိန်း(5 Network)တို့၏ဖခင်သည် ၁-၇-၂၀၁၄ရက် ည ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)တွင် မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

### ဦးစိန်ကျော် (ဒါးပိန်မြို့)

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၁လမ်းနေ ဦးချစ်အေး-ဒေါ်အုံးမြတို့၏သား၊ ဦးသာညွန့်-ဒေါ်ခင်သန်းတို့၏ညီ/မောင်၊ ဒေါ်မြသိန်းနှင့် ဒေါက်တာ ကြည်ကြည်ဝင်း တို့၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးဝင်းနိုင်-ဒေါ်ဖြူဖြူအေး၊ ဦးမြင့်ဇော်-ဒေါ်ရွှေဝါ၊ ဒါးပိန်မြို့နေ ဦးဟန်ဝင်းအောင်-မအေးသီတာ(အထက-ဒါးပိန်)၊ ရန်ကုန်မြို့နေ ဦးဝင်းဗိုလ် 2nd Mate (Nissho Shipping)-ဒေါ်မျိုးအိအိစိုး၊ ဦးကျော်စွာ(Leader Marine Co.,Ltd.)-ဒေါ်နွယ်နွယ်မြင့်၊ ဦးမျိုးမောင်-ဒေါ်ရွှေဇင်ချို(UMG MYANMAR Co.,Ltd.)တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည်၁-၇-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ၁း၃၀နာရီတွင် ဒါးပိန်မြို့မြောက်ပိုင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ငမိုးရိပ် ၁လမ်း နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ဒါးပိန်မြို့(မြောက်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်ရိုစီလဗွမ်ထွယ်လု

**(ဗန်းမော်)**

**ဆရာမ၊ အထပြ(ငြိမ်း)**

**အသက်(၆၄)နှစ်**

ဗန်းမော်မြို့၊ အနောက်သာစည်ရပ်ကွက်နေ (ဗိုလ်မှူးလဗွမ်ယော်-ဒေါ်ဂျန်မာလု)တို့၏ဒုတိယသမီး၊ (ဆရာဦးလဖိုင်ဇော်ခေါင်)၏ဇနီး၊ မ Jennifer ဆိုင်းလိုင်(UNOPS )၏မိခင်၊ ဦးလဗွမ်ယုံဝါ-ဒေါ်မရန်ဂျွယ်နန်း၊ ဦးလဗွမ်နော်ဘောက်-(ဒေါ်ရွယ်ဂျား)၊ ဦးလဗွမ်လနူး-ဒေါ်နန်ထုရှန်၊ ဦးလဗွမ်တူးလွမ်-ဒေါ်ဇိန်ထုန်းဒွဲတို့၏ညီမ၊ ဒေါ်လဗွမ်မေရီခေါန်ဒွဲ-(ဦးခင်မောင်စန်း)၊ (ဦးလဗွမ်တန်ဂွမ်း)-ဒေါ်နန်းစံခမ်း၊ ဦးလဗွမ်ယောင်ထန်-ဒေါ်မေသစ် (စွမ်းမေတ္တာဆေးရုံ)တို့၏အစ်မသည် ၁-၇-၂၀၁၄ရက် နံနက် ၂း၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တိုက်အမှတ် ၉၊ အခန်း ၁၊ ရန်ငြိမ်းအိမ်ရာ၊ အနောက်ရန်ကင်းနှင့် မြေနီကုန်း ဖာတီမာဘုရားကျောင်းမှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သဲအိမ်ချောင်းဝဆရာတော်ကြီး

### ဘဒ္ဒန္တပဏ္ဍိတ

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၆၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ သဲအိမ်ကျောင်းစုဒိုင်နယ်အတွင်းရှိ သဲအိမ်ချောင်းဝဆရာတော်ကြီး ဘိုကလေးမြို့နယ်၊ မြင်းကကုန်းနယ်လုံးဆိုင်ရာ သုဓမ္မာနိကာယ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတသည် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ရက်) ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

---

ဝမ်းနည်းကြေကွဲခြင်း

### ဦးညွန့်ရင်

**စီမံစီးပွားအဆင့်(၅)၊ ကုန်သွယ်/လယ်ယာ(ငြိမ်း)**

**အသက်(၉၆)နှစ်**

ဦးချစ်ဆွေညွန့် [CE Nay Brothers Co.,Ltd. (ဟိုတယ်ပါရမီ)]၏ဖခင်သည် ၂၆-၆-၂၀၁၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၄-၁၉၈၀ခုနှစ် (R.I.T) သူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်မြင့်

**အသက်(၈၃)နှစ်**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဥယျာဉ်ခြံသီးနှံပညာနှင့် စိုက်ပျိုးဇီဝနည်းပညာဌာနမှ လက်ထောက်ကထိက ဦးမင်းဇာနည်အောင်၏ဖခင် ဦးအောင်မြင့် အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာ/ဆရာမနှင့်ဝန်ထမ်းများ**

---

### ဦးခင်မောင်လတ်

**မန်နေဂျာ(ငြိမ်း)၊ ဟိုတယ်/ခရီး**

**ဥက္ကဋ္ဌ၊ ဝိနယတံခွန် ပရိယတ္တိ ပူဇာနုဂ္ဂဟအသင်း၊ ပဲခူး**

**အသက်(၇၈)နှစ်**

ပဲခူးမြို့နေ(ဦးဘဝင်း-ဒေါ်အေးကြည်)တို့၏သားကြီး၊ ကြို့ပင်ကောက်မြို့နေ (ဦးရွှေ-ဒေါ်မမလေး)တို့၏သားသမက်၊ အမှတ် ၃၇၁၊ ပဒေသရာဇာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ယဉ်ညွန့်(စား/ထွေ၊ ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(လေ/ငြိမ်း)-(ဒေါ်ခင်ဆွေညွန့်)၊ ဦးပြေအေး၊ ဒေါ်ဂျေးလ်ပြေအေး၊ ဦးသက်ထွန်း-(ဒေါ်ခင်စန်းကြည်)၊ ဦးကျော်ငွေး-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်မြင့်မြင့်ဝင်းတို့၏အစ်ကိုကြီး၊ ဦးသူရခိုင် (2nd MATE RCL)၊ ဒေါ်ခိုင်မေလတ် (RCL)-ဦးဇေလတ်ဝင်း (2nd MATE RCL)၊ ဦးတိုးဝင်းလတ်(2nd MATE Uniteam)-ဒေါ်နှင်းဖြူဖြူဖွေး၊ ဒေါ်ဝင်းနွဲ့ခိုင်(HTOO ကုမ္ပဏီ)တို့၏ဖခင်၊ မောင်စွမ်းရည်တိုး(Grade-6၊ အလက-၁၊ ဒဂုံ)၏အဘိုးသည် ၃၀-၆-၂၀၁၄ရက်(တနင်္လာနေ့)ည ၁၀း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါဌာန၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးစည်သူဟိန်း (BA-BM)

**(မြောင်းတကာ၊ နတ်သံကွင်း)**

**အသက်(၃၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ (၁)ရပ်ကွက်၊ ၂လမ်းနေ ဦးလှအောင်-ဒေါ်ဝင်းဝင်းခိုင်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏သား၊ အောင်လံမြို့နေ ဦးမြဝင်း-ဒေါ်မေကြည်တို့၏သားသမက်၊ ဦးဝင်းထိုက်-ဒေါ်ခင်သူဇာသစ်၊ (ဦးကျော်မောင်မောင်)-ဒေါ်လှိုင်မီမီသက်တို့၏ မောင်/ညီ၊ ဒေါ်အိမြတ်ငုံ၏ခင်ပွန်း၊ မသွန်းရွှေရည်ဟိန်း၏ဖခင်သည် ၁-၇-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် မြောင်းတကာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးသန့်ဇင်

**(ကကယာ၊ ငြိမ်း)**

**B.E (Civil)**

**ကြည်း-၂၂၇၁၂**

**ဗိုလ်သင်တန်းအပတ်စဉ်(၈၁)**

**အသက်(၅၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ (ဦးစိန်လှိုင်)-ဒေါ်မြသန်းတို့၏သား၊ (ဦးဘိုးချွေး)-ဒေါ်လှကြည်တို့၏သားသမက်၊ (ဗိုလ်မှူးအောင်မြင့်ဆွေ) - ဒေါ်မြင့်မြင့်လှိုင်တို့၏ မောင်၊ ဗိုလ်မှူးကြီးဝင်းကို (တပ်မတော်-လေ)-ဒေါ်ချိုချိုဦးတို့၏ညီ၊ ဦးသန်းနိုင်၊ ဦးမင်းမင်း-ဒေါ်စိမ့်စိမ့်ငွေးတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ ဒေါ်နီနီ(လ/ထ ကထိက၊ GTJ၊ ငြိမ်း)၏ခင်ပွန်း၊ ကိုကျော်မျိုးအောင်-ဒေါက်တာနှင်းဝေဇင်၊ မကျော့ကျော့ဇင်၊ မဝေဖြာသန့်ဇင်တို့၏ဖခင်သည် ၁-၇-၂၀၁၄ရက် နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးမိုးစိန်အောင်

**အသက်(၅၆)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ တွီတဲ့ကျေးရွာ၊ ပိုက်ဆိပ်ကြီးရွာနေ (ဦးလှထွန်းအောင်) - ဒေါ်ငိုမစိန်တို့၏သား၊ ဦးကျော်ဇောရှီ-(ဒေါ်စိန်မိုးဦး)တို့၏သားသမက်၊ ဒေါ်မသိန်းအေး၏ခင်ပွန်း၊ မောင်ဆန်းနိုင်-မသန်းနု၊ မောင်ဇော်မိုးနိုင်-မခင်သန်း၊ မောင်ဇော်ဝင်းချေ-မချိုသန်းအေး၊ မောင်ခင်မောင်ဝင်း၊ မခင်မာဝင်း၊ မောင်ကျော်ကျော်ဝင်းတို့၏ဖခင်သည် ၂၈-၆-၂၀၁၄ရက်(စနေနေ့)ည ၈း၃၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၄-၇-၂၀၁၄ရက် (သောကြာနေ့) နံနက်တွင် သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင် ၁၁လမ်း၊အမှတ် F/၁၃၄နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊၁၅/၂၀၁၄)**
**၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်**
**(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**
**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ
(၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။)
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act,1909)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖိလစ်ပိုင်နိုင်ငံရှိ National Museum ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁**

ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီ ၁၀ မိနစ်တွင် Intramuros Walled City ရှေးဟောင်းမြို့သို့ သွားရောက်ပြီး ရှေးဟောင်းမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၃ ကော်လံ ၆*



**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ဖိလစ်ပိုင်နိုင်ငံရှိ National Museum ကို ကြည့်ရှုလေ့လာစဉ်။**
(မြဝတီ)

# Miss Myanmar Universe(2014 ) အဖွဲ့ မိဘမဲ့ကလေးများ စိတ်ဓာတ်မြှင့်တင်ရေးဆောင်ရွက်



**Miss Myanmar Universe (2014 ) အဖွဲ့ မိဘမဲ့ကလေးများအား ပရဟိတလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

**သတင်း-မောင်စိန်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

**ရန်ကုန် ဇူလိုင် ၁**

Miss Universe 2014 တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ Miss Myanmar Universe (2014) အတွက် ရွေးချယ်ခံထားရသည့် ဆန်ခါတင်အလှမယ် ၂၀ အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနရှိ ရန်ကုန်မြို့ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် သွားရောက်၍ နေထိုင်စားသောက်စရိတ်အလှူငွေများ လှူဒါန်းပေးသည့်အပြင် ကလေးများနှင့်အတူ ပြည်သူ့ရင်ပြင်ရှိ Happy World သို့ သွားရောက်၍ ကလေးများစိတ်ဓာတ်မြှင့်တင်ရေး ပရဟိတလုပ်ငန်းများ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

နောက်ဆုံးအနေဖြင့် ဆန်ခါတင်ရွေးချယ်ထားသည့် Miss Myanmar Universe (2014 ) အလှမယ်အဖွဲ့တွင် အလှမယ်အဖြစ်ရွေးချယ်ခံရသူသည် ရှိသင့်ရှိထိုက်သည့် အလှအပ၊ ကျန်းမာရေး၊ အတတ်ပညာ၊ အသိပညာ၊ ပေါင်းသင်းဆက်ဆံရေး၊ အထွေထွေဗဟုသုတများ ကြွယ်ဝရုံသာမက လူမှုရေးပရဟိတလုပ်ငန်းများကိုလည်း စိတ်အားထက်သန်စွာ

*စာမျက်နှာ ၉ ကော်လံ ၅*

**ယနေ့ မာတိကာ**

မက္ကဆီကို မူးယစ်ဆေးဝါးဂိုဏ်းကို လုံခြုံရေးတပ်က ဖြိုခွင်း — စာမျက်နှာ » ၄

အမျိုးသမီးဟူသည် မြန်မာ့ဂုဏ်ရည် — ဆောင်းပါး — စာမျက်နှာ » ၆

ဘောလုံးသမ္မာရှိမှုကို ပြသလိုက်တဲ့ပြင်သစ် — စာမျက်နှာ » ၁၄

ခိုလမ်မြို့နယ်ခွဲ၌ မြန်မာ စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးခြင်းကြောင့် ဒေသခံများ ဝမ်းသာပျော်ရွှင် — စာမျက်နှာ » ၁၆

နန့်စီးအောင် ချောင်းကူးတံတား ဇူလိုင်လကုန်တွင် ရာနှုန်းပြည့် ပြီးစီးမည် — စာမျက်နှာ » ၁၉

**ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS







# စောင့်ကြည့်ရမယ့် ပြင်သစ်အသင်းရဲ့ ရှုန်းကြွမှုဂုဏ်သတ္တိ

ထက်အောင်

နိုင်ငံတကာ ဘောလုံးပြိုင်ပွဲတွေအနက် အဆင့်အတန်းအမြင့်ဆုံးပြိုင်ပွဲလို့ သတ်မှတ်ထားတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်း ဗိုလ်စွဲခဲ့ဖူးတာ တစ်ကြိမ်ပဲရှိတယ်။ ဗိုလ်လုပွဲအဆင့်ကို တက်ခဲ့ဖူးတာကလည်း ချန်ပီယံဖြစ်ခဲ့တဲ့နှစ်ကိုဖယ်လိုက်ရင် ရှားရှားပါးပါး တစ်ကြိမ်ပဲရှိတယ်။

ဒါပေမယ့် ပြင်သစ်ဟာ ကမ္ဘာ့ဘောလုံးလောကမှာ ဘရာဇီး၊ အီတလီ၊ ဟော်လန်၊ ဂျာမနီ၊ အာဂျင်တီးနားတို့လို ထိပ်သီးအသင်းကြီးတွေနဲ့ တစ်တန်းတည်းထားပြီး လေးစားမှုခံရတဲ့ အသင်းတစ်သင်းအဖြစ် ရပ်တည်နေတယ်။ ကျင်းပခဲ့ပြီးတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေရဲ့ ချန်ပီယံလောင်းစာရင်းမှာ ပြင်သစ်က မပါမဖြစ်အသင်းအနေနဲ့ ပါဝင်တတ်တဲ့အသင်း။

ဒါဟာ ဂျက်ဖောင်တိန်၊ ပလာတီနီ၊ ဇီဒန်း၊ သီယာရီအွန်နရီ၊ ထရေဇီဂေး၊ လောရင့်ဘလန့်၊ ဒယ်ဆယ်လီတို့လို နာမည်ကြီးကစားသမားတွေကို မွေးထုတ်ပေးနိုင်ခဲ့တဲ့ နိုင်ငံဖြစ်ရုံသာမက ကျရှုံးမှုကနေ ရုန်းကြွတတ်တဲ့ ပြင်သစ်အသင်းရဲ့ စိတ်အခံကြောင့်လို့ ပြောရမယ်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုနောက်ဆုံးပွဲအဖြစ် အီကွေဒေါ အသင်းကို ဂိုးမရှိ သရေကစားခဲ့တဲ့ပွဲကလွဲရင် ကျန်အုပ်စုတွင်းပွဲနှစ်ပွဲမှာ အနိုင်ရလဒ်တွေကို ပြင်သစ်အသင်း ရယူနိုင်ခဲ့တယ်။ ၁၆ သင်းရှုံးထွက် အဆင့်ပွဲစဉ်အဖြစ် နိုင်ဂျီးရီးယားနဲ့ ကစားခဲ့ရတဲ့ပွဲစဉ်မှာလည်း ပြိုင်ဘက်ရဲ့အကောင်းဆုံးရင်ဆိုင်ကစားမှုကိုအန်တုပြီး အနိုင်ရလဒ်ကို ရှာဖွေနိုင်ခဲ့လို့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရယူနိုင်ခဲ့တယ်။

ဒါဟာ ပြင်သစ်အသင်းရဲ့ ခြေစွမ်း ကောင်းမွန်မှုကြောင့်လို့ ပြောလို့ရသလို အတိတ်ရဲ့အရိပ်ဆိုးကို အကောင်းဆုံးရလဒ်တစ်ခုနဲ့ ချေဖျက်ချင်တဲ့ စိတ်ဆန္ဒရဲ့ လှုံ့ဆော်မှုကြောင့်လည်း မှတ်ချက်ချမယ်ဆိုရင် မမှားနိုင်ဘူး။

အတိတ်ကအရိပ်ဆိုးဆိုတာက ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မရှုမလှ ကျရှုံးခဲ့ရမှုကို အခုနှစ်မှာ ပြန်လည်ဂုဏ်ဆယ်လိုတဲ့ ရည်ရွယ်ချက်။

၂၀၀၆ ခုနှစ်နောက်ပိုင်းကနေ ၂၀၁၀ပြည့်နှစ်အထိ ကာလအပိုင်းအခြားဟာ ပြင်သစ်အသင်းအတွက် ဆိုးရွားတဲ့ကာလ အပိုင်းအခြားတွေထဲကတစ်ခုလို့ ဆိုရမယ်။ ယူရို ၂၀၀၈ ပြိုင်ပွဲမှာ ဟော်လန်၊ အီတလီ၊ ရိုမေးနီးယားတို့နဲ့ တစ်အုပ်စုတည်းကျခဲ့တဲ့ ပြင်သစ်အသင်းဟာ နိုင်ပွဲမရှိဘဲ အုပ်စုအောက်ဆုံးနေရာနဲ့ ပြိုင်ပွဲကို ကျောခိုင်းခဲ့ရတယ်။ နောက်နှစ်နှစ်အကြာမှာ ကျင်းပခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဥရုဂွေး၊ မက္ကဆီကို၊ တောင်အာဖရိကတို့လို အသင်းတွေကို အုပ်စုတွင်းပြိုင်ဘက်အဖြစ် ရင်ဆိုင်ခဲ့ရပေမယ့် အုပ်စုအဆင့်က အဲဒီနှစ်ပြိုင်ပွဲအတွက် ပြင်သစ်ရဲ့ အမြင့်ဆုံးအဆင့်သာဖြစ်ခဲ့တယ်။

ဒါပေမယ့် ကျရှုံးမှုကို အခြေတည်ပြီးဖြစ်ပေါ်လာတဲ့ ရုန်းကြွမှုစိတ်ကို ပိုင်ဆိုင်ထားတဲ့ ပြင်သစ်ဟာ ယူရို ၂၀၁၂ ပြိုင်ပွဲမှာတော့ ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်ပြီး ယူရို ၂၀၀၈ ပြိုင်ပွဲမှာ ဆုံးရှုံးခဲ့ရတဲ့ဂုဏ်သိက္ခာကို ပြန်လည်ဆယ်ယူနိုင်ခဲ့တယ်။ အလားတူပဲ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကျရှုံးခဲ့ရမှုကိုလည်း အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အကောင်းဆုံးရလဒ်တစ်ခုရယူပြီး ဂုဏ်ဆယ်နိုင်ဖို့ ကြိုးစားနေတာကို မြင်တွေ့နေရတယ်။

ပြင်သစ်အသင်းခံစစ်မှူးတစ်ဦးဖြစ်သူ ဆက်ဂ်ညာကဆိုရင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံဆုမရခဲ့ရင် ပြင်သစ်အသင်းအတွက် ကျရှုံးမှုပဲလို့ ဖွင့်ဟပြောဆိုတဲ့အထိ သူတို့ရဲ့စိတ်ဓာတ်ကို မြှင့်တင်ထားတာတွေ့ရတယ်။

ကျရှုံးမှုကို ကြာကြာလက်မခံတတ်တဲ့ ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှု သမိုင်းမှာလည်း မအောင်မြင်တဲ့ပြိုင်ပွဲတစ်ခုကို နောက်တစ်ကြိမ်ပြိုင်ပွဲဝင်ရာမှာ ဂုဏ်ယူလောက်စရာ အောင်မြင်မှုနဲ့ ပြန်လည်ဆယ်ယူနိုင်ခဲ့တဲ့ အစဉ်အလာကောင်းကိုလည်း ပိုင်ဆိုင်ထားတယ်။

ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်ကျင်းပခဲ့တဲ့ ဒုတိယမြောက် ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်တဲ့ ၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းက အုပ်စုအဆင့်နဲ့သာ ကျေနပ်ခဲ့ရတယ်။ ဒါပေမယ့် ပြင်သစ်ဘောလုံးလောကရဲ့ ရွှေရောင်မျိုးဆက်လို့ သတ်မှတ်ခံခဲ့ရတဲ့ ဂျက်ဖောင်တိန်လို ကစားသမားမျိုး ဦးဆောင်လာတဲ့ ပြင်သစ်အသင်းဟာ ၁၉၅၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ တတိယနေရာရရှိတဲ့အထိ စွမ်းဆောင်ပြနိုင်ခဲ့တယ်။

၁၉၇၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အုပ်စုအဆင့်ကနေထွက်ခဲ့ရပေမယ့် ၁၉၈၂၊ ၁၉၈၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ စတုတ္ထ၊ တတိယနေရာရရှိတဲ့အထိ အောင်မြင်ခဲ့တယ်။

ပြင်သစ်အသင်းဟာ ၁၉၉၀ ပြည့်နှစ်နဲ့ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွေအတွက် ခြေစစ်ပွဲဝင်ရာမှာ ခြေစစ်ပွဲတောင် မအောင်မြင်ခဲ့ဘူး။ ဒါပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြန်လည်ဝင်ရောက်ခွင့်ရရှိခဲ့တဲ့ **စာမျက်နှာ ၃ သို့**



# နေမာ၊ ပီလီနဲ့ ဘရာဇီး ချန်ပီယံ ဖြစ် မဖြစ်

ဝေမိုးဆက်





၂၀၁၄ ကမ္ဘာ့ဖလားမှာ ဘရာဇီး ချန်ပီယံ ဖြစ် မဖြစ်။ ဒါဟာ နည်းနည်းမက စိတ်ဝင်စားဖို့ကောင်းတဲ့ အရာတစ်ခုလို့ပြောရင်ရမလား။ ပထမအကြိမ်တုန်းက သူတို့ဟာ လက်တစ်ကမ်းအလိုမှ အောင်မြင်မှုနဲ့လွဲတယ်။ သရေဆိုရင်တောင် ချန်ပီယံဖြစ်မယ့် အဲဒီပွဲမှာ သူတို့ဟာ အရှုံးနဲ့ ကြုံတယ်။ အိမ်ကွင်း အိမ်ခံပရိသတ်ရှေ့မှာ ကိုယ်ကဦးဆောင်ဂိုးရပြီးမှရှုံးတာ။ သိပ်ကိုရင်နာစရာကောင်းတဲ့အရှုံး။ လက်ထဲရောက်ခါနီးအခြေအနေကျမှ ပုတ်ချခံရတဲ့အဖြစ်မျိုးဆိုတော့။ နှစ်ပေါင်း ၆၀ ကျော်က လက်လွှတ်ခဲ့ရမှုကို ဒီတစ်ကြိမ်မှာ သူတို့ချေဖျက်နိုင်ပြီး ခြောက်ကြိမ်မြောက် ချန်ပီယံဆုကို အရယူနိုင်ပါ့မလား။

ပြောရမယ်ဆိုရင်တော့။ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာသူတို့ကို အားလုံးက အားရမှုမရှိဘူး။ အထူးသဖြင့် သူတို့ရဲ့ တိုက်ပွဲဝင်စိတ်ဓာတ်။ အရှင်းဆုံးပြောရရင် သူတို့ဟာ ချီလီနဲ့ပွဲမှာ တော်တော်လေး ခက်ခက်ခဲခဲကစားရတယ်။ အဲဒီမှာ ပြိုင်ဘက်ကို မဖြစ်မနေတုံ့ပြန်ရမယ့် စိတ်အခြေခံကို မတွေ့ရဘူး။ အားကုန်သုံးပြီး ဖိအားပေးရတော့မယ့်အခြေအနေမှာ တင်းခံကြိုးစားလိုစိတ်။ ရောက်လိုတဲ့နေရာကို မဖြစ်မနေ အရောက်သွားချင်တဲ့ ခိုင်မာတဲ့စိတ်ပိုင်းဖြတ်မှုမျိုး မတွေ့ရဘူး။ သူတို့မှာ နိုင်ရမယ်ဆိုတဲ့ စိတ်ဓာတ်အခြေခံမရှိဘူး။ အထူးသဖြင့် သူတို့မှာကြောက်စိတ်ကလွဲလို့ အခြားပြင်းထန်တဲ့စိတ်ပိုင်းဖြတ်မှုမျိုး မတွေ့ရဘူးလို့ ကျွမ်းကျင်သူတွေက ယူဆကြတယ်။ ရှင်းရှင်းပြောရရင် သူတို့ဟာ အိမ်ရှင်ဖြစ်တယ်။ ဒါကြောင့်မဖြစ်ခဲ့ရင်ဆိုတဲ့အတွေးနဲ့ ဖျစ်ညှစ်ကစားမှုမျိုးပဲရှိတယ်။ ယုံကြည်မှုနဲ့ အဲဒီယုံကြည်မှုကို ရအောင်လုပ်ယူမယ့် စိတ်ပိုင်းဖြတ်မှု၊ မဖြစ်မနေနိုင်ဖို့အတွက် မဖြစ်မနေတိုက်ရမယ်ဆိုတဲ့စိတ် လုံးဝမရှိဘူး။ နိုင်လိုစိတ်နဲ့ အားကြိုးမာန်တက်ကစားနိုင်တဲ့နေရာမှာ ကော်စတာရီကာ၊ မက္ကဆီကို၊ အယ်လ်ဂျီးရီးယား၊ ချီလီတို့လောက်တောင် မပြင်းထန်ဘူးလို့ အားလုံးကယူဆတယ်။ အရှင်းဆုံးပြောရရင် သူတို့ဟာ စိတ်ဓာတ်အင်အားပြည့်ပြည့်ဝဝမရှိဘူး။

ဒါဆိုရင် လူအားရော။ တချို့ကတော့ နေမာကို ပီလီနဲ့ခိုင်းနှိုင်းကြတယ်။ ခြေစွမ်းအရ နှိုင်းရသူသဘောမျိုးမဟုတ်ဘူး။ပီလီလို တစ်ဦးတစ်ယောက်အနေနဲ့ ချန်ပီယံဆုယူပေးနိုင်၊ မယူပေးနိုင်။ အဲဒီမှာ နှိုင်းရတဲ့ သဘောဆောင်တယ်။ အရှင်းဆုံးပြောရရင် အားလုံးက ပီလီကို တစ်ဦးတစ်ယောက်တည်းရဲ့အားနဲ့ ဘရာဇီးကို ကမ္ဘာ့ချန်ပီယံဖြစ်စေသူလို့ အမြင်ရှိကြတယ်။ ပြောရမယ်ဆိုရင်တော့ ပီလီဟာ တစ်ခေတ်ဆို ဆိုသလောက် ထက်မြက်သူဆိုတာမှန်တယ်။ ဒါပေမယ့် သူတစ်ယောက်တည်းရဲ့အားနဲ့ ဘရာဇီးချန်ပီယံဖြစ်ခဲ့ပါ့မလား။ အထူးသဖြင့် ဘရာဇီးဟာ ၁၉၅၈ မှာ ကမ္ဘာ့ချန်ပီယံစဖြစ်တယ်။ အဲဒီနှစ်မှာ ပီလီဟာ ခြောက်ဂိုးသွင်းတယ်။ ဒါပေမယ့် သူနဲ့အပြိုင် ငါးဂိုးအထိသွင်းနိုင်တဲ့ ဗာဗာဆိုတဲ့ ကစားသမား ဘရာဇီးမှာ ပါလာတယ်။ နောက်ဆုံးဗိုလ်လုပွဲမှာ ဆွီဒင်ကို ၂-၅ နဲ့နိုင်တော့ ပီလီက နှစ်ဂိုး၊ ဗာဗာက နှစ်ဂိုး။ ဆီမီးမှာ ပြင်သစ်ကိုနိုင်တော့လည်း အဖွင့်ဂိုးကို ဗာဗာကသွင်းတာ။ ဒီတော့ ပီလီတစ်ဦးတည်းရဲ့အားနဲ့ ဘရာဇီး ချန်ပီယံဖြစ်ခဲ့တာ ဟုတ်ရဲ့လား။ ဘယ်လိုမျိုးဖြစ်ကြမလဲ။

၁၉၆၂ မှာ ပီလီနဲ့အတူ ဘရာဇီး ချန်ပီယံဖြစ်တော့လည်း ပီလီက တစ်ဂိုးပဲသွင်းနိုင်တယ်။ ဘရာဇီးရဲ့ဂိုးတွေကို အဓိကသွင်းခဲ့တာက ဂါရင်ချာနဲ့ ဗာဗာ။ ပြီးတော့ အမာရီဒို။ အဲဒီသုံးဦးပေါင်းက ၁၁ ဂိုးအထိသွင်းတယ်။ ၁၉၇၀ မှာ ပီလီနဲ့အတူ ဘရာဇီး ချန်ပီယံဖြစ်တော့လည်း ခုနစ်ဂိုးသွင်းတဲ့ ဂျာဇင်ဟိုက အဓိကဂိုးသွင်းရှင်။ ပြီးမှ ပီလီက လေးဂိုး။ ပြီးတော့ ရီဗယ်လီဒိုက သုံးဂိုး။ အရှင်းဆုံးပြောရရင် ပီလီမှာ ပြိုင်ပွဲသုံးရပ်စလုံး တွဲဖက်ကောင်းရှိတယ်။ သူနဲ့အပြိုင် အသင်းကိုကယ်တင်ပေးနိုင်သူပါတယ်။

အခု နေမာကျတော့ အဲဒီလိုမဟုတ်ဘူး။ သူတစ်ယောက်တည်းမှ သူတစ်ယောက်တည်း။ တစ်သင်းလုံးကလည်း သူ့ကိုအားပြုတယ်။ တစ်နိုင်ငံလုံးကလည်း သူ့ကိုအားကိုးတယ်။ ဖရက်နဲ့ ဟတ်ခ်က လုံးဝအားမကိုးရဘူး။ အရှင်းဆုံးပြောရရင် ဘရာဇီးဟာ နေမာအပေါ် မှီခိုမှုပြင်းထန်လွန်းတယ်။ အဲဒါကို ဟန့်နိုင်တားနိုင်ရင် ဟန့်နိုင်တားနိုင်တဲ့ အသင်းတွေနဲ့တွေ့တဲ့အခါ ဘရာဇီးဟာ ခက်ခဲတတ်တယ်။ ခက်ခဲမယ်။ မက္ကဆီကို၊ ချီလီတို့ကို မိနစ်၉၀အတွင်း မနိုင်ခဲ့တာကသက်သေ။ အရှင်းဆုံးပြောရရင် ဘရာဇီးဟာ အသင်းတစ်သင်း ပုံစံမပေါက်ဘူး။ တစ်သင်းလုံး ဟန်ချက်ညီတဲ့ ရွေ့လျားမှုနဲ့ ပြိုင်ဘက်ကို ထိုးဖောက်နိုင်တာမျိုးမတွေ့ရဘူး။ လက်ရှိ ဘရာဇီးရဲ့အခြေအနေကို အနီးဆုံးသာဓကတစ်ခုပြရရင် သူတို့ဟာ တစ်တက်တည်းလှော်တဲ့ လှေလိုပဲ။ အဲဒီတက်ကျိုးရင် အဲဒီလှေရပ်မယ်။ အဲဒီတက်အားလျော့ရင် လှေကထိုးခွဲနိုင်အားလျော့မယ်။ ထပ်ပြောရရင် တစိုက်မတ်မတ်အားစိုက်ခဲ့ရမှုတစ်ခုဟာ တစ်ချိန်ချိန်မှာတော့ အင်အားချည့်နဲ့ချိန်ရှိမယ်။ လမ်းဆိုတာကလည်း ရှည်လေ မောလေ။ပြိုင်ပွဲရဲ့အဆင့်က တစ်ထစ်ချင်းမြင့်ချိန်မှာ

*စာမျက်နှာ ၃ သို့*

ရနံ့သင်းပျံ့ပြီး စိတ်ကို တက်ကြွလန်းဆန်းစေမည့်
ရွှေရန်
အကြောပြေ ဒဏ်ကြေလိမ်းဆေး

ထူးခြားချက်
ရွှေရန်လိမ်းဆေးသည်
စိတ်ကိုတက်ကြွလန်းဆန်းစေမည့်
ပရုတ်ဆီရန်
စိတ်အာရုံကိုကြည်လင်စေမည့်
သင်းပျံ့သောရနံ့
တို့ပါရှိသောကြောင့် ရနံ့နှစ်မျိုးကို
ခံစားရမည့်လိမ်းဆေးဖြစ်ပါသည်။